# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၃၄၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်

၁၂ - ၉ - ၂၀၂၁

| | | | | |
|---|---|---|---|---|
| ကိုကိုးကျွန်းမြို့ | ၄ | ဒသမ | ၇၇ | လက်မ |
| မာန်အောင်မြို့ | ၂ | ဒသမ | ၇၆ | လက်မ |
| မုဒုံမြို့ | ၂ | ဒသမ | ၄၈ | လက်မ |
| ပေါင်မြို့ | ၂ | ဒသမ | ၃၂ | လက်မ |
| ရွှေဘိုမြို့ | ၂ | ဒသမ | ၂၀ | လက်မ |
| ဝမြို့ | ၂ | ဒသမ | ၀၉ | လက်မ |

# တရုတ်နိုင်ငံမှ ဝယ်ယူသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေလေးသန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေလေးသန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိလာစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ထိုးနှံပေးရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm အမှတ်တံဆိပ်ကာကွယ်ဆေး အကြိမ်ရေ ၂၄ သန်း စာချုပ်ချုပ်ဆို ဝယ်ယူထားသည့်အနက် ကာကွယ်ဆေးအကြိမ်ရေ လေးသန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ညနေ ၄ နာရီခွဲတွင် ထပ်မံရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ကုသရေး/ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သည့်အဖွဲ့က လက်ခံရယူသည်။

အဆိုပါကာကွယ်ဆေးများကို စက်တင်ဘာ ၁၃ ရက်မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်များသို့ မြေပြင်ခရီးလမ်းကြောင်းမှ လည်းကောင်း၊ တပ်မတော်(လေ)၏ အကူအညီဖြင့် လေကြောင်းခရီးမှ လည်းကောင်း အခြေအနေလမ်းကြောင်းမပျက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ပြီး ပြည်သူများအား သတ်မှတ်ဦးစားပေးအုပ်စုနှင့် ဦးစားပေးအစီအစဉ်များအလိုက် အမြန်ဆုံး ထိုးနှံပေးသွားမည်ဖြစ်သည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❖



**ယနေ့ ဖတ်စရာ**

**လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်း တို့ကာကွယ်**

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး | စာ - ၈

**အီရန်နျူကလီးယားအေဂျင်စီ ခေါင်းဆောင်နှင့် အိုင်အေအီးအေအကြီးအကဲတို့ တွေ့ဆုံဆွေးနွေး**

နိုင်ငံတကာသတင်း | စာ - ၁၃

**ကျောက်ကြီးမြို့နယ်၌ (၁၃၃)ကြိမ်မြောက် ရှင်ဥပဂုတ္တမီးမျှောပူဇော်ပွဲအား ရိုးရာမပျက်ကျင်းပမည်**

ပြည်တွင်းသတင်း | စာ - ၂၃

# နားလည်စာနာမှုဖြင့် ကူညီကယ်တင်

လူကုန်ကူးမှုများ ကမ္ဘာတစ်ဝန်းလုံးတွင် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာနေသည်။ ရှေးအခါက ကျွန်ရောင်းကျွန်ဝယ်ကျွန်စနစ်သည် ယနေ့ခေတ်တွင် လူကုန်ကူးမှုဖြစ်လာသည်။ လူကိုလူက ခေါင်းပုံဖြတ် အမြတ်ထုတ်၍ အကျိုးအမြတ်ရယူကြသည့် ဖြစ်စဉ်တွင် သားကောင်အဖြစ် ခံစားကြရသူအများစုတို့မှာ ဘဝရပ်တည်မှု အခက်အခဲများကို ပြေလည်စေရန် အလုပ်အကိုင်ရှာဖွေကြသူများဖြစ်ပြီး တစ်ရွာမပြောင်း သူကောင်းမဖြစ်ဟူသော ယုံကြည်မှုဖြင့် ရေခြားမြေခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ရာမှ လူမှောင်ခိုသားရဲတို့၏ ခံတွင်းထဲသို့ သက်ဆင်းကြရခြင်းဖြစ်သည်။

ယနေ့ခေတ်တွင် ဆက်သွယ်ရေးစနစ်များ ခေတ်မီတိုးတက်လာပြီး တောရောမြို့ပါ လူမှုကွန်ရက်ကို အသုံးပြုမှုများပြားလျက်ရှိရာ လူကုန်ကူးသူတို့ကလည်း ၎င်းတို့၏သားကောင်များကို အွန်လိုင်းမှတစ်ဆင့် ရှာဖွေလာကြသည်။ ၎င်းတို့၏ ချော့လုံး၊ မြှောက်လုံး၊ မက်လုံး၊ ဆွယ်လုံးများကို ယုံကြည်ကာ မိမိတို့၏ ဘဝကိုမြှင့်တင်လိုကြသူ၊ ရေသစ်မြေသစ်တွင် ဘဝသစ်ထူထောင်လိုကြသူ၊ ဆင်းရဲတွင်းမှ လွတ်ကင်းလိုကြသူ အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ အမျိုးသားများ၊ ကလေးများ စသည်တို့မှာ လူကုန်ကူးလောဘသားတို့၏ ထောင်ချောက်ထဲသို့ ဝင်ရောက်ကြပြီး ခေတ်သစ်ကျွန်ဘဝသို့ ရောက်ရှိသွားကြရသည်။ လူအရောင်းအဝယ်ပြုသူများတွင် လွန်စွာယုံကြည်ရသည့် ခင်မင်ရင်းနှီးသူများ၊ ဆွေမျိုးအရင်းများ၊ မိသားစုဝင်များနှင့် အမိအဖတို့ပင် ပါဝင်ပတ်သက်နေကြကြောင်း မှုခင်းမှတ်တမ်းများတွင် တွေ့ရှိရသည်။ အမျိုးသမီးငယ်များကို မက်လုံးပေး မြူဆွယ်စည်းရုံးကြသူအများစုမှာ အမျိုးသမီးများပင်ဖြစ်ပြီး ၎င်းတို့ကိုယ်တိုင် လူကုန်ကူးခံရဖူးသူများလည်း ပါဝင်ကြောင်း၊ အချို့မိန်းကလေးများကို လူကုန်ကူးအဖွဲ့ဝင် အမျိုးသားက ပိုးပန်းရယူလက်ထပ်ပြီး တစ်ဖက်နိုင်ငံသို့ ခေါ်ဆောင်ရောင်းချမှုများလည်း ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ရာ သက်တမ်း ၁၆ နှစ်ရှိပြီဖြစ်သလို လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးမှုများကိုလည်း တရားဥပဒေ စိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စသည်တို့က စဉ်ဆက်မပြတ်ပြုလုပ်လျက် ရှိသည့်တိုင်အောင် လူကုန်ကူးမှုများမှာ ဆက်လက်ဖြစ်ပွားနေဆဲပင်ဖြစ်သည်။ မြန်မာလူမျိုးတို့၏ အလေ့အလာအားနည်းမှု၊ ယုံလွယ်မှုနှင့် လူမှုရေး၊ စီးပွားရေး အခက်အခဲ၊ အကျပ်အတည်းများ စသည်တို့က လူကုန်ကူးသူများကို အခွင့်အရေးရနေစေခြင်းဖြစ်သည်။ ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ နိုင်ငံအသီးသီးတွင် ကူးစက်ပျံ့နှံ့နေခြင်း၏ အကျိုးဆက်အဖြစ် စီးပွားရေး အကျပ်အတည်း၊ အခက်အခဲများ ဖြစ်ပေါ်လာခြင်းက လူကုန်ကူးမှုများ မြင့်တက်လာနိုင်သည့် အခြေအနေပင်ဖြစ်သည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကူးသန်းသွားလာမှုများ ပြန်လည်များပြားလာသည့်ကာလတွင် လူကုန်ကူးမှုများ ပိုမိုပြုလုပ်လာကြဖွယ်ရှိရာ ရပ်ရွာများအတွင်း ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရေး လာရောက်စည်းရုံးမှုများကို လူစိမ်းဖြစ်စေ၊ ရင်းနှီးသူဖြစ်စေ သတိပြုကြဖို့ပင်ဖြစ်သည်။

ပြည်ပတွင် ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်လိုပါက တရားဝင်မှတ်ပုံတင်ထားသည့် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီနှင့်ဆက်သွယ်၍သာ တရားဝင်လမ်းကြောင်းမှ သွားရောက်ကြရန်သာဖြစ်သည်။ အောက်လမ်းခေါ် တရားမဝင်လမ်းကြောင်းမှ သွားရောက်ခြင်းဖြင့် လူကုန်ကူးသားကောင်ဘဝကျရောက်ရန်နှင့် ရေခြားမြေခြားသူစိမ်းတို့၏ အလယ်တွင် အကြီးအကျယ်ဘေးဒုက္ခကျရောက်ရန် လွန်စွာသေချာသလောက်ပင်ဖြစ်သည်။ လူကုန်ကူးမှုများကို ကြိုတင်ကာကွယ်တားဆီးခြင်း၊ လူကုန်ကူးခံရသူများကို ကယ်တင်ခြင်း၊ အကူအညီပေးခြင်းတို့ ပြုလုပ်ရာ၌ လူကုန်ကူးခံရသူများအား နားလည်စာနာစွာ ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့ခံစားခဲ့ကြရသည့် ဘေးဒုက္ခများမှ လျော့ပါးသက်သာခွင့် ရနိုင်ကြပါစေကြောင်း။ ။

# နေပြည်တော် သပြေကုန်းဈေးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းများဝေငှ ဈေးပြုပြင်ရေးလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၂**

နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သပြေကုန်းဈေးရှိ ကုန်စိမ်း၊ ကုန်ခြောက်၊ သားငါး ဆိုင်ခန်းများတွင် ရောင်းချလျက်ရှိသည့် ဈေးရောင်းချသူများ ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားမှု မရှိစေရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ခင်းကျင်းရောင်းချနေမှု အခြေအနေများနှင့် ဈေးဝယ်လာရောက်သူများ နှာခေါင်းစည်းတပ်ဆင်၍ သတ်မှတ် ဝင်ပေါက်နေရာများမှ စနစ်တကျဝင်ရောက် ဈေးဝယ်ယူခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများကို နှာခေါင်းစည်း (Mask) များ လိုက်လံပေးဝေသည်။



ဆက်လက်၍သပြေကုန်းဈေး RC ဈေးရုံဝင်းအတွင်း ဆောင်ရွက်လျက်ရှိသော နိမ့်ကျပျက်စီးနေသည့် ကွန်ကရစ်ကြမ်းခင်းများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်း၊ သပြေကုန်းဈေး ပတ်လည်နှင့် ပျံကျဈေးပတ်လည် ပျက်စီးနေသည့် ရေနုတ်မြောင်းအဖုံးများ လဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို လောက်ကိုင်မြို့၌ ဆွမ်းဆန်တော်နှင့် နဝကမ္မအလှူငွေများလှူဒါန်း

**လောက်ကိုင် စက်တင်ဘာ ၁၂**

၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင်ကျရောက်မည့် (၅၇) ကြိမ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ လောက်ကိုင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငြိမ်းချမ်းအေး ဦးစီးတပ်ဖွဲ့ဝင်များက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ဆီအောနဂါးလိုဏ်ဂူဘုန်းတော်ကြီးကျောင်းရှိ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်၊ နဝကမ္မအလှူငွေများနှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အာဆီယံသပြေပင် ၁၀၀ စိုက်ပျိုးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကိုဇော်**

# နယ်စပ်ဒေသ မုံးကိုးမြို့၌ တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေး

**မုံးကိုး စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ် မူဆယ်ခရိုင် မုံးကိုးမြို့ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၅) ရပ်ကွက်ရှိ ကာကွယ်ဆေးထိုးရန်စုရပ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ယနေ့ နံနက် ၁၀ နာရီက အခမ်းအနားဖြင့် ထိုးနှံပေးကြောင်း သိရသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံပေးရာတွင် မုံးကိုးမြို့ ကျန်းမာရေးဌာနက ဆရာမများနှင့် နယ်မြေခံတပ်မှ ဆေးဗိုလ်ကြီး သုံးဦး၊ ဆေးသူနာပြုနှစ်ဦးတို့က ကာကွယ်ဆေးထိုးနှံပေးသည်။

အသက် ၁၈ နှစ်ပြည့်ပြီး ကာကွယ်ဆေးထိုးရန် စာရင်းပေးထားသူများအား စာရင်းဇယားမှတ်တမ်းယူခြင်း လုပ်ငန်းများလည်း ဆောင်ရွက်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို စတုတ္ထအသုတ် ထိုးနှံပေးခြင်းဖြစ်ပြီး မုံးကိုးမြို့ပေါ်၌ လူဦးရေ ၁၇၅၀ နှင့် ဟောမိုးလုံကျေးရွာအုပ်စု၌ လူဦးရေ ၂၅၀ စုစုပေါင်းလူဦးရေ ၂၀၀၀ အား Sino-pharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပထမအကြိမ် ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ပရဟိတအဖွဲ့များက လိုအပ်သည့်နေရာများတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းဇော်ဦး(မုံးကိုး)**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၂-၉-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Symptomatic** | | | | |
| 1 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 2 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 3 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 4 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 5 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 6 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 7 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 8 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 9 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| **Antibiotics** | | | | |
| 10 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## စေတနာထား၍ လုပ်ဆောင်ကြရမည်

စားရေးသောက်ရေးနှင့်ပတ်သက်၍ အဆင်ပြေချောမွေ့မှုရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေး နှင့် မွေးမြူရေး၊ ဒေသအလိုက် စားရေရိက္ခာပေါများစေရေး ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အခြေခံအနေဖြင့် နိုင်ငံသားများ နှင့် တိုင်းပြည်၏ စီးပွားရေးကောင်းမွန်အောင် လုပ်ဆောင်ရန် အဓိကလိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်း လုပ်ဆောင်ရသည့် တာဝန်များအလိုက် မိမိအလုပ်နှင့် တိုင်းပြည်အပေါ်တွင် စေတနာထား၍ လုပ်ဆောင်မည်ဆိုပါက မိမိတို့၏ လုပ်ဆောင်မှုများ အောင်မြင်နိုင်မည်ဖြစ်ပြီး တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏ လူမှုဘဝတိုးတက်မြင့်မားရေးကို အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်သဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စေတနာထား၍ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတွင် မြန်မာ-ဂျပန် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး အား ဂျပန်နိုင်ငံ ဂျပန်- မြန်မာအသင်းဥက္ကဋ္ဌ H.E. WATANABE Hideo နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ယာပုံ)

**ခင်မင်ရင်းနှီးစွာ ဆွေးနွေး**

တွေ့ဆုံစဉ် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတွင် မြန်မာ- ဂျပန်ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အရည်အသွေးမြင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရေးနှင့် ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြို့တော်သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြို့တော်သန့်ရှင်းသာယာ သပ်ရပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့တော်ဘဏ်လီမိတက် ဘဏ်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည်။



ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၇ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ မအူကုန်းစည်ပင်ဝန်ထမ်းအိမ်ရာဝင်း၌ ရွေ့လျားဈေးကား (Mobile Market) စနစ်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန်အမျိုးမျိုးတို့ ရောင်းချနေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဗညားဒလလမ်းနှင့် စက်ရုံလမ်း လမ်းဆုံမှ ၁၅ ပေ ခုံးတံတားအောက်ထိ စက်ရုံလမ်းတစ်လျှောက် အရှည်ပေ ၁၅၀၀ ရေမြောင်းများအတွင်း အမှိုက်များနှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှု၊ စကြံ့များရေဆေးနေမှုနှင့် လမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်နေမှုအားလည်းကောင်း၊ ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၏ ပြည်လမ်း မျက်နှာစာချုံနွယ်နှင့် မြက်များ ရှင်းလင်းနေမှု၊ မြေယာရှုခင်း ပြုပြင်နေမှုတို့အား လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၈ နာရီခွဲတွင် မြို့တော်ခန်းမ ပထမထပ်အစည်းအဝေးခန်းမ(၄)၌ ပြုလုပ်သည့် ရန်ကုန်မြို့တော်ဘဏ်လီမိတက် ဘဏ်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ အစီအစဉ်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်တင်ဘာ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့ ရေအားလျော့နည်းခြင်း၊ ရေပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေး လုပ်ငန်းတာဝန်ခံအဖွဲ့အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) မှ ရန်ကုန်မြို့တွင်းသို့ ရေပေးဝေလျက်ရှိသော ရေကူးရေတွန်းစက်ရုံဝင်းအတွင်း ဂျိုးဖြူရေပိုက်ပေါက် ပြုပြင်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအတွင်း ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ ရေပိုက်ပေါက်ပြုပြင်စဉ်အချိန်တွင် ဂျိုးဖြူရေပို့ ပိုက်မကြီးနှင့် ရေကူးရေတွန်းစက်ရုံမှတစ်ဆင့် ရေပေးဝေလျက်ရှိသော မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ မရမ်းကုန်း၊ ရန်ကင်း၊ ဗဟန်း၊ ကမာရွတ်မြို့နယ်များနှင့် ကုက္ကိုင်းရေလှောင်ကန်မှတစ်ဆင့် ရေပေးဝေလျက်ရှိသော စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ တာမွေမြို့နယ်များတွင် ရေအားလျော့နည်းခြင်း၊ ရေပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ရေကြိုတင်စုဆောင်းထားနိုင်ရန် ရေရရှိရေးနှင့် ရေပေးဝေရေး လုပ်ငန်းတာဝန်ခံအဖွဲ့မှ အသိပေးကြေညာထားသည်။ **မျိုးမင်းသူရ**

# ရန်ကုန်-ပဲခူး-တောင်ငူ-မိတ္ထီလာ-မန္တလေး ပြည်ထောင်စုလမ်းမကြီးအပိုင်း အာဆီယံစံချိန်စံညွှန်းပြည့်မီအောင် ဆက်လက်ဆောင်ရွက် ပထမအဆင့် လမ်းအင်္ဂါရပ်များနှင့်အညီ လေးလမ်းသွားအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရမည်

နေပြည်တော် စက်တင်ဘာ ၁၂

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အမြန်လမ်းမကြီးနှင့် တောင်ငူမြို့သို့ ချိတ်ဆက်သည့် လမ်းပိုင်းမိုင်တိုင် ၃ မိုင် ၁ ဖာလုံရှိ တောင်ငူမြို့ရှောင်လမ်းဖောက်လုပ်မည့် လျာထားနေရာကို သွားရောက်စစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။**



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မန်းကျည်းပင်-ကင်းဆိပ်ကျေးရွာ လမ်းပေါ်ရှိ အရှည်ပေ ၃၇၀ နောင်ရိုးတံတားသို့ လည်းကောင်း၊ ရန်ကုန်-တောင်ငူ-မန္တလေး ပြည်ထောင်စုလမ်းမကြီး (တောင်ငူ-ပဲခူးအပိုင်း) B.O.T ကုမ္ပဏီများ၏ လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို လည်းကောင်း၊ ပဲနွယ်ကုန်းမြို့ရှောင်လမ်း ဆောင်ရွက်ထားရှိမှုနှင့် လျာထားတံတား တည်ဆောက်မည့်နေရာကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော သူဌေးကုန်း-ကင်းရွာလမ်း အရှည် ၉ မိုင် ၅ ဖာလုံရှိသည့် အနက် ၂ မိုင် ၃ ဖာလုံအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**တိုးမြှင့်ဆောင်ရွက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ရန်ကုန်-ပဲခူး-တောင်ငူ-မိတ္ထီလာ-မန္တလေး ပြည်ထောင်စုလမ်းမကြီး အပိုင်းတွင် တာဝန်ယူဆောင်ရွက်သော B.O.T ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ယခု ပြည်ထောင်စုလမ်းမကြီးအား အာဆီယံ စံချိန်စံညွှန်းပြည့်မီအောင် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ပထမအဆင့် လမ်းအင်္ဂါရပ်များနှင့်အညီ လေးလမ်းသွားအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆိုင်ကယ်လမ်းပါ ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်ကြောင်း၊ လမ်းနယ်များ စနစ်တကျသတ်မှတ်ပေးပြီး လမ်းဘေးဝဲ/ယာ လမ်းနယ်နိမိတ်အစပ်တွင် သစ်ပင်များ စိုက်ပျိုးပေးရမည်ဖြစ်ကြောင်း၊ ယခုအချိန်မှစ၍ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားရန်လိုပါကြောင်း၊ B.O.T ပဋိညာဉ်စာချုပ်ပါ အချက်များကိုလည်း ခေတ်ကာလသတ်မှတ်ချက်၊ မူဝါဒများနှင့်အညီ ကိုက်ညီစေရန် ပြန်လည်အသစ်ချုပ်ဆိုနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်သည့် လမ်းအပိုင်းအလိုက် အရည်အသွေးပြည့်မီရေးအလေးထားဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ပဲခူးမြို့ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၉)မှ တာဝန်ယူတည်ဆောက်နေသော ကျုံးကူးတံတားသို့ရောက်ရှိပြီး တံတားရှင်းလင်းဆောင်တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-ပဲခူး-တောင်ငူ- မိတ္ထီလာ- မန္တလေး ပြည်ထောင်စု လမ်းမကြီးနှင့် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတို့ကို ချိတ်ဆက်သည့် ဘုရားကြီး-ဘောနက်ကြီး လမ်းအပိုင်းတွင် လေးလမ်းသွား ကွန်ကရစ်လမ်းချဲ့ခြင်း၊ လမ်းဘေးပလက်ဖောင်းနှင့် ရေမြောင်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကွန်ကရစ်ခင်းနေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-နေပြည်တော်- မန္တလေး အမြန်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ကတ္တရာကွန်ကရစ်(AC) ခင်းပြီးမှု အခြေအနေတို့ကိုလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၇၅/၇ နှင့် ၇၆/၀) ကြားတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၀)မှ အရှည်ပေ ၄၅၀ ကျန်ချောင်းတံတား (အသွားလမ်း) Sub-Structure တည်ဆောက်နေမှု အခြေအနေကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၁၆၅/၁နှင့် ၁၆၅/၃) ကြား အရှည်ပေ ၈၁၀ ရှိ ဆွာချောင်းတံတား(အပြန်လမ်း) Pier Shaft နှင့် Cross Beam လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

❖ *ရွှေ့ဖုံးမှ*

**ထပ်မံထည့်သွင်းထိုးနှံ**

ယခုရောက်ရှိလာသော ကာကွယ်ဆေးများကို မူလ ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအပြင် ယခင်က အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများအုပ်စုအား အသက် ၅၅ နှစ်နှင့်အထက်သို့ တိုးချဲ့ခြင်း၊ ထပ်မံ၍ ဦးတည်အုပ်စုအသစ်များ တိုးချဲ့ခြင်းအနေဖြင့် မသန်စွမ်းသူများအုပ်စု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအုပ်စု၊ နာတာရှည်ရောဂါအခံရှိသူများအုပ်စု၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ရှိသူများအုပ်စုတို့အား ထပ်မံထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။




တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ လေးသန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိလာမှုကို တွေ့ရစဉ်။

**ဦးတည်အုပ်စုများ သတ်မှတ်**

ကိုဗစ် - ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၁၁ ရက်အထိ လူဦးရေစုစုပေါင်း ၄၉၄၄၆၅၄ ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၃၂၃၉၇၆၄ ဦးနှင့် ပထမအကြိမ် ထိုးနှံပြီးစီးသူ ၁၇၀၄၈၉၀ ရှိပြီဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ စက်တင်ဘာ ၁၁ ရက်အထိ မြန်မာနိုင်ငံတွင် ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၈၁၈၄၄၁၈ ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှုရရှိထားသူများ အနေဖြင့်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင် (သို့မဟုတ်) အနီးဆုံး သတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များသို့သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ **သတင်းစဉ်**

## ကျောက်မဲခရိုင် မြန်မာ့စီးပွားဘဏ်ခွဲ ဝန်ထမ်းများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ရှိနေသောကြောင့် ဘဏ်ကို ခေတ္တပိတ်ထားမည်

**ကျောက်မဲ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်၌ ယမန်နေ့က စစ်ဆေးချက်အရ ကျောက်မဲခရိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဝန်ထမ်းငါးဦးနှင့် ဘဏ်ဝန်ထမ်း မိသားစုဝင်တစ်ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိသောကြောင့် အဆိုပါမြန်မာ့စီးပွားရေးဘဏ်ကို စက်တင်ဘာ ၁၇ ရက်အထိ ခေတ္တပိတ်သွားမည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

စစ်ဆေးတွေ့ရှိခဲ့သည့် ဘဏ်ဝန်ထမ်းငါးဦးအပါအဝင် ကျောက်မဲခရိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူဝန်ထမ်းပေါင်း ၁၁ ဦးရှိပြီဖြစ်ကြောင်း သိရပြီး ရောဂါကူးစက်မှုများ ဆက်လက်မဖြစ်ပွားရေးအတွက် ဘဏ်ကို အသွားအလာကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ ယာယီပိတ်ထားခြင်းဖြစ်သည်။

ကျောက်မဲမြို့နယ်တွင် ဇွန် ၂၂ ရက်မှ စက်တင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီအထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာ စုစုပေါင်း ၁၀၂၅ ဦး၊ သေဆုံးသူ ၆၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ရသူပေါင်း ၇၃၄ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ **မိုင်းထွန်း(ပြန်/ဆက်)**

# ဘုတလင်မြို့နယ် အင်းတောလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ တစ်နှစ်ပတ်လုံး ရေတင်စိုက်ပျိုးနိုင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါးဧက ၁၈၂၅၀၀၀ စိုက်ပျိုးရန်လျာထားရာ ယနေ့အချိန်အထိ ဧက ၁၆ သိန်း စိုက်ပျိုးပြီးစီး

မုံရွာ စက်တင်ဘာ ၁၂

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် မုံရွာခရိုင် ဘုတလင်မြို့နယ် အင်းတောကျေးရွာ အင်းတောလျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အင်းတောလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ တစ်နှစ်ပတ်လုံး ရေတင်စိုက်ပျိုးနိုင်ခြင်းကြောင့် နွေ၊ မိုး၊ ဆောင်း သုံးရာသီတွင် အောင်မြင်စွာစိုက်ပျိုးလျက်ရှိသဖြင့် ဒေသဝမ်းစာဖူလုံပြီး လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား ဖွံ့ဖြိုးတိုးတက်စေခြင်းကြောင့် တောင်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားလာပြီး ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာစေရန်၊ ရာသီဥတုမျှတအောင် ထိန်းညှိပေးမှုကြောင့် ဒေသစိမ်းလန်းစိုပြည်လာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိခံစားစေရန်နှင့် တိုင်းဒေသကြီးအတွင်း မိုးစပါးဧက ၁၈၂၅၀၀၀ စိုက်ပျိုးရန်လျာထားရာ ယနေ့အချိန်အထိ ဧက ၁၆ သိန်း စိုက်ပျိုးပြီးစီးပြီဖြစ်၍ စိုက်ပျိုးရာသီ စက်တင်ဘာလကုန်တွင် အပြီးစိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ပြီး ချင်းတွင်းမြစ်အတွင်းမှ စိုက်ပျိုးရေတင်နေမှုနှင့် လျှပ်စစ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။



**စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဘုတလင်မြို့ ပြည်သူ့ဝန်ဆောင်မှုရုံးခန်းမ၌ ကျင်းပသော ဘုတလင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်တို့က သီးနှံအထွက်တိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်သည်။

**စိုက်ပျိုးရေတင်နေမှု ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာခရိုင် အရာတော်မြို့နယ် မန်ကျည်းဇောက်ကျေးရွာ အရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ မူးမြစ်အတွင်းမှ စိုက်ပျိုးရေတင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အရာတော်မြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ဒေသခံတောင်သူများအား စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများကို အသီးသီးပေးအပ်သည်။

အဆိုပါ ဘုတလင်မြို့နယ်နှင့် အရာတော်မြို့နယ်များရှိ ဒေသခံတောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများဖြစ်သည့် ဓာမဏီကွန်ပေါင်းခတ်မြေသြဇာ အိတ် ၁၀၀၊ ရွက်ဖျန်းအားဆေး အိတ် ၂၀၀၊ ကောမတ်ဂျစ်ပ်ဆမ်မြေသြဇာအိတ် ၁၀၀၊ EM တစ်လီတာ ဘူး ၂၀၀၊ ရွှေတောင် ၈ မျိုးသန့်ချည်မျှင်ရှည်ဝါမျိုးစေ့ သုံးပိဿာ၁ဝင်အိတ် ၁၄၀၊ ဆေးဖျန်းပုံး ခြောက်ပုံးတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ်၌ တစ်ရက် အောက်ဆီဂျင် လီတာ ၄၀ အိုး ၁၀၀ ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက်ရုံဖွင့်လှစ်

**ချောင်းဆုံ စက်တင်ဘာ ၁၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဆေးရုံဝင်းအတွင်းရှိ အောက်ဆီဂျင်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ စက်ရုံနေရာ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနှုန်း လျော့နည်းကျဆင်းလာပြီဖြစ်ကာ ဆက်လက်၍ တက်ညီ၊ လက်ညီ ဝိုင်းဝန်း ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အချိန်တိုအတွင်း စက်ရုံ တည်ဆောက်နိုင်မှုတွင် ဆရာတော်၊ သံဃာတော်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် အောင်မြင်စွာ ဖွင့်လှစ်နိုင်ပြီးဖြစ်ကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောက်ဆီဂျင်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ယာပုံ) မတည်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီးနောက် စက်ရုံအတွင်း အောက်ဆီဂျင်ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ထုတ်လုပ်ဖြန့်ဖြူးပေး**

ထို့နောက် ချောင်းဆုံမြို့နယ် အောက်ဆီဂျင် စက်ရုံအတွက် လီတာ ၄၀ အောက်ဆီဂျင်အိုး ၁၀ လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို တိုင်းမှူးက ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းအောက်ဆီဂျင်စက်ရုံကို ဒေသခံရဟန်းရှင်လူ၊ ပြည်သူများနှင့် နယ်မြေခံတပ်မတော်သားများ



စုပေါင်းလှူဒါန်းငွေကျပ် သိန်းပေါင်း ၁၇၀၀ ကျော်ဖြင့် ဇူလိုင် ၂၈ ရက်မှ စတင်ဆောက်လုပ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများနှင့် ဒေသခံပြည်သူများ၏ အောက်ဆီဂျင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ အိုး ၁၀၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမြို့၌ ဒေသခံပြည်သူများအား အခြေခံစားကုန်ပစ္စည်းများ ထောက်ပံ့

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ အမှတ် (၉)ရပ်ကွက် တိုးချဲ့လမ်းများမှ အိမ်ထောင်စုဝင်မိသားစုများအား အခြေခံစားကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို အလှူရှင်ရန်ကုန်မြို့နေ ဒေါ်မိမိနှင့် မိသားစုများနှင့် မော်လမြိုင်ကျွန်းမြို့နေ ညီမများက စက်တင်ဘာ ၁၂ ရက် နံနက် ၇ နာရီက မော်လမြိုင်ကျွန်းမြို့ တိုးချဲ့ကန်သာယာလမ်း၌ ကျင်းပသည်။

**ထောက်ပံ့လှူဒါန်း**

အဆိုပါ အလှူရှင်မိသားစုများက မိသားစုတစ်စုလျှင် ဆန်၊ ဆီ၊ ဘဲဥနှင့် ကြက်သွန်အပါအဝင် စားသုံးကုန်ပစ္စည်း တန်ဖိုးငွေကျပ် ၅၀၀၀ ကျော်ဖိုးတို့အား တိုးချဲ့ကန်သာယာလမ်း၊ ငွေဇင်ယော်လမ်း၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကြီးအောင်လမ်း၊ မြဝတီလမ်းနှင့် ရွှေလင်းယုန်လမ်းအတွင်းရှိ အိမ်ထောင်စု ၁၀၀ ကျော်တို့အား ထောက်ပံ့လှူဒါန်းကြသည်။

အဆိုပါ အလှူရှင်မိသားစုများက မော်လမြိုင်ကျွန်းမြို့ရပ်ကွက်များရှိ ဒေသခံပြည်သူများအား အနယ်နယ်အရပ်ရပ်မှ အလှူရှင်မိသားစုများက လမ်းအလိုက် ရပ်ကွက်အလိုက် အခြေခံစားကုန်ပစ္စည်းများကို အလှည့်ကျ လာရောက်ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၂**

နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# နဝမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်ထံမှ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

❐ **မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများသည် အလုပ်အကိုင်အခွင့်အလမ်းရလိုမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် ပြည်တွင်းလက်နက်ကိုင်အခြေအနေများကြောင့် ရွှေ့ပြောင်းသွားလာ၍ အလုပ်အကိုင်အသစ်များရှာဖွေရာမှ လူကုန်ကူးသူနှင့် ပွဲစားများ၏ သားကောင်အဖြစ် ကျရောက်ပြီး လူကုန်ကူးမှုများဖြစ်ပွားခြင်းကို တွေ့ရှိရ**

❐ **အဌမအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပြီးဆုံးသည့်အချိန်မှ ၂၆-၈-၂၀၂၁ ရက်နေ့ထိ လူကုန်ကူးမှု ၃၅ မှုမှ လူကုန်ကူးခံရသူ ကျား ၄ ဦး၊ မ ၄၄ ဦး၊ စုစုပေါင်း ၄၈ ဦးကို ကယ်တင်နိုင်ခဲ့ပါသည်။ လူကုန်ကူးမှု ၃၁ မှုအား တရားစွဲတင်နိုင်ခဲ့ပြီး တရားခံကျား ၃၉ ဦး၊ မ ၆၂ ဦး၊ စုစုပေါင်း ၁၀၁ ဦးအား ထိရောက်သောပြစ်ဒဏ်များ ချမှတ်အရေးယူနိုင်ခဲ့**

၁။ လူကုန်ကူးမှုပြဿနာသည် ၂၀ ရာစုနှောင်းပိုင်းတွင် ခေတ်သစ်ကျေးကျွန်စနစ်အသွင်ဖြင့် ပြန်လည်ပေါ်ပေါက်လာသည့် ပြဿနာတစ်ခုဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သော လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုလည်းဖြစ်ပါသည်။ လူကုန်ကူးမှုများသည် ပုံသဏ္ဌာန်နည်းလမ်းမျိုးစုံဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပွားလျက်ရှိပြီး လူကုန်ကူးမှု၏ဒဏ်ကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ခံနေရကြောင်းတွေ့ရှိရပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျသောနိုင်ငံများသည် လူကုန်ကူးမှု ဆိုးကျိုးများကို ပိုမိုခံစားနေရကြောင်း တွေ့ရှိရပါသည်။ လူကုန်ကူးမှုပြဿနာသည် သာမန်မှုခင်းနှင့်မတူဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှု၊ သဘာဝဘေးအန္တရာယ်နှင့် နယ်စပ်ဖြတ်ကျော်မှုစသည်တို့နှင့်ချိတ်ဆက်ပြီး ရှုတ်ထွေးလှသည့်ပြဿနာတစ်ရပ်ဖြစ်သည့် အားလျော်စွာ ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းအားထုတ် တားဆီးကာကွယ်ကြသော်လည်း ဆက်လက်၍ ပျံ့နှံ့မြင့်မားနေဆဲဖြစ်ကြောင်းကို နိုင်ငံတကာက အသိအမှတ်ပြု ဖော်ပြထားပါသည်။

## ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်

၂။ မြန်မာနိုင်ငံသည် လူကုန်ကူးမှုပုံစံအမျိုးမျိုးကို ပြစ်မှုအဖြစ်ပြဋ္ဌာန်း၍ ၁၉၉၇ ခုနှစ်ကတည်းကပင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ်ခဲ့ပါသည်။ လူကုန်ကူးမှု မှုခင်းများ တားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် လူကုန်ကူးမှု မှုခင်းများအား တရားစွဲဆိုရေးလုပ်ငန်းများကို ၅ နှစ်စီမံကိန်းများရေးဆွဲ၍ နှစ်အလိုက် စီမံချက်များ ချမှတ်ကာ ဟန်ချက်ညီ ဆောင်ရွက်လျက်ရှိပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၁၃ ခုနှစ်မှစတင်၍ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ နှစ်စဉ်ကျင်းပခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုရိုနာဗိုင်းရပ်ကူးစက်ရောဂါပျံ့နှံ့လာမှုများကြောင့် အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပနိုင်ခဲ့ခြင်း မရှိသော်လည်း လူကုန်ကူးမှုအန္တရာယ် အသိပညာပေးခြင်းလုပ်ငန်းများနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Online Campaign များကို ကျင်းပနိုင်ခဲ့ပါသည်။

၃။ ယနေ့နိုင်ငံအသီးသီး၌ လူကုန်ကူးခံရမှုများ မြင့်တက်လာခဲ့ပြီး ဖွံ့ဖြိုးမှုအားနည်းသော လူအုပ်စုများအကြား၌ ပိုမို၍အန္တရာယ်ကြီးမားလာခဲ့ပါသည်။ ၇၀ ရာခိုင်နှုန်းသော လူကုန်ကူးခံရသူများမှာ အမျိုးသမီးများနှင့် ကလေးငယ်များ ဖြစ်ကြပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံများ၏ စီးပွားရေးကျဆင်းလာပြီး အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာခြင်း၊ ဆင်းရဲမွဲတေမှုနှုန်း မြင့်တက်လာခြင်း၊ စာသင်ကျောင်းများ ပိတ်ထားရခြင်းနှင့် Online မှတစ်ဆင့် ဆွဲဆောင်စည်းရုံးနိုင်မှုရှိခြင်းတို့က ယင်းပြဿနာကို ပိုမိုကြီးထွားလာစေသည်ကို တွေ့ရပါသည်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime–UNODC) ၏ ၂၀၂၀ ပြည့်နှစ် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာ (Global Report on Trafficking in Persons 2020) ထုတ်ပြန်ချက်တွင် လူကုန်ကူးမှုပုံစံများနှင့် စီးဆင်းမှုများ (Patterns and Flows) ပြောင်းလဲလာကြောင်း၊ အလွန်အမင်းဆင်းရဲနွမ်းပါးမှု၊ ပိုမိုထိခိုက်လွယ်သောစီးပွားရေး၊ လူမှုရေးစံနှုန်းများနှင့် မိသားစုနောက်ခံများအပေါ် လူကုန်ကူးသူများက အလွဲအသုံးပြု ကျူးလွန်သဖြင့် ကလေးသူငယ်လူကုန်ကူးမှုနှင့် အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုများ တိုးတက်ဖြစ်ပွားခဲ့ကြောင်း ဖော်ပြထားပါသည်။

၄။ ထို့ပြင် ပြောင်းလဲတိုးတက်လာသောအင်တာနက်နည်းပညာများအား အသုံးပြု၍ လူကုန်ကူးသူများက လူသစ်စုဆောင်းခြင်းများ ပြုလုပ်လာကြကြောင်း၊ ကိုဗစ်- ၁၉ ကပ်ရောဂါပြန့်ပွားမှု မြင့်တက်လာမှုနှင့် ယင်း၏ ကန့်သတ်ချက်များက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးလာခြင်းနှင့်အတူ အလုပ်လက်မဲ့ပြဿနာများက အားနည်းသော လူအုပ်စုများအကြား လူကုန်ကူးမှု မှုခင်းများ ပိုမိုမြင့်တက်လာခဲ့ကြောင်းနှင့် ကလေးသူငယ်နှင့် အမျိုးသမီးများသည် အဓိကပစ်မှတ်အုပ်စုများဖြစ်လာခဲ့ကြောင်း ဖော်ပြထားပါသည်။ Human Rights First အဖွဲ့အစည်း၏ လေ့လာဆန်းစစ်ချက်များအရ နှစ်စဉ်လူဦးရေသန်း ၁၂၀ ခန့်သည် လူကုန်ကူးခံရလျက်ရှိပြီး အကျိုးအမြတ်အဖြစ် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံခန့်ရှိကြောင်း၊ မိမိတို့နေထိုင်သော အာရှတိုက်တစ်ခုတည်းတွင်ပင် ၂၅ သန်းကျော်သော ပြည်သူများသည် လူကုန်ကူးခံရသည့်ဘဝတွင် ရောက်ရှိနေကြောင်း သိရှိရပါသည်။

## ကမ္ဘာ့လူကုန်ကူးမှုပြဿနာ မြင့်တက်လာ

၅။ လက်ရှိကမ္ဘာ့လူကုန်ကူးမှုပြဿနာ မြင့်တက်လာသည်နှင့်အမျှ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု မှုခင်းများသည် ၇၉ ရာခိုင်နှုန်းရှိပြီး ဒုတိယအများစုတွေ့ရှိရသော လူကုန်ကူးမှု မှုခင်းများဖြစ်သည့် အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှုသည် ၁၈ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ အခြားတစ်ဖက်တွင်လည်း လူကုန်ကူးမှု လျော့ကျရေးဝန်ဆောင်မှုလုပ်ငန်းများ၊ တားဆီးနှိမ်နင်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များသည် ကိုဗစ်- ၁၉ ကပ်ရောဂါထိန်းချုပ်ရေး ကန့်သတ်ချက်များကြောင့် လူမှုစီးပွားလုပ်ငန်းဆောင်ရွက်မှုများတွင် ပိုမိုခက်ခဲလာကြောင်း တွေ့ရှိရပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် လုပ်ငန်းနယ်ပယ်အသီးသီးမှ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ် အာဆီယံလူကုန်ကူးမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ လုပ်ငန်းအဖွဲ့နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အထူးအဖွဲ့ ခေါင်းဆောင်များအဖွဲ့တို့ကို ဖွဲ့စည်း၍ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

၆။ မြန်မာနိုင်ငံသည် လူကုန်ကူးမှု မှုခင်းများ တိုက်ဖျက်ရေးအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် စတင်ဖွဲ့စည်းကာ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ (၅) နှစ်စီမံကိန်းအား ရေးဆွဲ၍ ပြည်တွင်းနှင့် နိုင်ငံဖြတ်ကျော်ဖြစ်ပွားသော လူကုန်ကူးမှုများ လျော့နည်းပပျောက်ရေးအတွက် ထိရောက်စွာ တားဆီးကာကွယ်ရေးနှင့် ပြောင်းလဲလာသည့် လူကုန်ကူးမှုပုံစံသစ်များကို ကြိုတင်သိရှိ ကာကွယ်နိုင်ရန် ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၇။ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများသည် အလုပ်အကိုင်အခွင့်အလမ်းရလိုမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် ပြည်တွင်းလက်နက်ကိုင် အခြေအနေများကြောင့် ရွှေ့ပြောင်းသွားလာ၍ အလုပ်အကိုင်အသစ်များရှာဖွေရာမှ လူကုန်ကူးသူနှင့် ပွဲစားများ၏ သားကောင်အဖြစ် ကျရောက်ပြီး လူကုန်ကူးမှုများဖြစ်ပွားခြင်းကို တွေ့ရှိရသည်။ မိမိနိုင်ငံမှ အသက်ငယ်ရွယ်သည့် မိန်းကလေးများနှင့် ထိမ်းမြားလက်ထပ်ရန်အတွက် အိမ်နီးချင်းနိုင်ငံမှ အမျိုးသားများက ပြည်တွင်းအထိ လာရောက်စည်းရုံးခေါ်ဆောင်ခြင်း၊ အငှားကိုယ်ဝန်ဆောင်စေခြင်း၊ ငါးဖမ်းစက်လှေများနှင့် ကျားဖောင်လုပ်ငန်းများတွင် ရေလုပ်သားအဖြစ်လုပ်ကိုင်နေသူများကို အဓမ္မလုပ်အား ခေါင်းပုံဖြတ်ခိုင်းစေခြင်း၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း၊ ဘဝရပ်တည်ရန်ခက်ခဲသူများအပေါ် ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း စသည့်လူကုန်ကူးမှုပုံစံများ ဖြစ်ပွားနေကြောင်း တွေ့ရှိရပါသည်။

## လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ် စီမံကိန်းများ

၈။ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၇ ခုနှစ်မှစ၍ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်းများရေးဆွဲကာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစသည့် လုပ်ငန်းကဏ္ဍ (၄)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ်အတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ၊ ကော်မတီများ၊ အဆင့်ဆင့်သော တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့များကိုလည်း ခေတ်စနစ်နှင့်အညီ ပြောင်းလဲပြင်ဆင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၉။ လူကုန်ကူးမှုအန္တရာယ်များကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် မီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေးခြင်း၊ ရုပ်မြင်သံကြားတွင် အသိပညာပေးဇာတ်လမ်းနှင့် တေးသီချင်းများထုတ်လွှင့်ပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေး (Billboard)များ စိုက်ထူခြင်း၊ မိုဘိုင်းဖုန်းအော်ပရေတာများမှတစ်ဆင့် SMS များပေးပို့ခြင်း၊ ကျောင်းသားလူငယ်များအတွက် အခြေခံပညာကျောင်းသင်ခန်းစာများတွင် ထည့်သွင်းပို့ချပေးခြင်းစသောလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ လူကုန်ကူးမှုနှင့် လူကုန်ကူးခံရသူများအား အချိန်မီကယ်တင်နိုင်ရေးအတွက် ၂၄ နာရီ သတင်းပေးတိုင်ကြားနိုင်သည့် Hot Line ဖုန်းများကို နေပြည်တော်အပြင် ရန်ကုန်၊ မန္တလေး၊ မူဆယ်မြို့များတွင် တိုးချဲ့တပ်ဆင်ခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ထို့အပြင် ရွှေ့ပြောင်းသွားလာမည့် အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအား သတင်းအချက်အလက်များ မျှဝေနိုင်ရန်နှင့် အသိပညာပေးနိုင်ရန် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာနများအား ဖွင့်လှစ်၍ အသိပညာများ မျှဝေလျက်ရှိပါသည်။

### သီးခြားရန်ပုံငွေတစ်ရပ် ထူထောင်ရေးဆောင်ရွက်

၁၀။ ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်"ကို ထုတ်ဝေ၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာဌာနများသို့ မိတ်ဆက်ရှင်းလင်းခြင်း၊ လူကုန်ကူးခံရသူများအတွက် ဘဝရပ်တည်နိုင်ရေး ထောက်ပံ့ပေးခြင်း၊ တရားရုံးစစ်ဆေးနေစဉ်ကာလအတွင်း ခရီးစရိတ်၊ ဆေးကုသစရိတ်နှင့် ကျွေးမွေးစရိတ် ထောက်ပံ့ပေးခြင်း၊ လူကုန်ကူးခံရသူများအား ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် သီးခြားရန်ပုံငွေတစ်ရပ် ထူထောင်ရေးဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူများအား မြဝတီ၊ မူဆယ်၊ ကော့သောင်း၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့များရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများတွင်ထားရှိပြီး အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ ကိုဗစ်-၁၉ ကာလ၌ လူကုန်ကူးခံရသူများအား ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရန်အတွက် ဂေဟာများတွင် ကာကွယ်ရေးသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ လိုအပ်သော အသုံးအဆောင်များ တပ်ဆင်ခြင်း၊ ရောဂါပိုးကူးစက်ခံရမှု ရှိ/ မရှိ စစ်ဆေးခြင်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ်အတွင်း ကချင်ပြည်နယ်တွင် ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာအသစ်တစ်လုံး ဆောက်လုပ်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ အဋ္ဌမအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပြီးဆုံးသည့်အချိန်မှ ၂၆- ၈-၂၀၂၂ ရက်နေ့ထိ လူကုန်ကူးမှု ၃၅ မှုမှ လူကုန်ကူးခံရသူကျား ၄ ဦး၊ မ ၄၄ ဦး၊ စုစုပေါင်း ၄၈ ဦးကို ကယ်တင်နိုင်ခဲ့ပါသည်။ လူကုန်ကူးမှု ၃၁ မှုအား တရားစွဲတင်နိုင်ခဲ့ပြီး တရားခံကျား ၃၉ ဦး၊ မ ၆၂ ဦး၊ စုစုပေါင်း ၁၀၁ ဦးအား ထိရောက်သော ပြစ်ဒဏ်များ ချမှတ်အရေးယူနိုင်ခဲ့ပါသည်။ လူကုန်ကူးခံရသူများကို အခြေခံလူ့အခွင့်အရေးများ၊ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ အခွင့်အရေးများနှင့်အညီ ၎င်းတို့၏ ဘဝရပ်တည်နိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း လူကုန်ကူးခံရသူ ကျား ၂ ဦး၊ မ ၃၁၃ ဦး၊ စုစုပေါင်း ၃၁၅ ဦးအတွက် သယ်ယူပို့ဆောင်ခ ၂,၂၉၇,၆၀၀ိ/-၊ အစားအစာနှင့်ရိက္ခာ ၁,၇၃၂,၅၀၀ိ/-၊ လူကုန်ကူးခံရသူ မ ၁ ဦးအတွက် ဆေးဝါးနှင့်ကုသစရိတ် ၄၈,၀၀၀ိ/-၊ လူကုန်ကူးခံရသူ ကျား ၁ ဦး၊ မ ၄၅ ဦး၊ စုစုပေါင်း ၄၆ ဦးအတွက် ပြန်လည်ထူထောင်ရေးစရိတ် ၄၆,၀၀၀,၀၀၀ိ/- အား ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ယနေ့အချိန်အထိ လူကုန်ကူးခံရသူ ကျား ၁ ဦး၊ မ ၉၂ ဦး၊ စုစုပေါင်း ၉၃ ဦးအတွက် သယ်ယူပို့ဆောင်ခ ၁,၀၈၂,၀၀၀ိ/-၊ အစားအစာနှင့် ရိက္ခာ ၁,၂၂၈,၀၀၀ိ/-၊ လူကုန်ကူးခံရသူ မ ၁၀ ဦးအတွက် ပြန်လည်ထူထောင်ရေးစရိတ် ၁၀,၀၀၀,၀၀၀ိ/-အား ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၁၂။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအပိုင်းတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပါအဝင် နောက်ဆက်တွဲစာချုပ်များဖြစ်သည့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးပြုသည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ နောက်ဆက်တွဲစာချုပ်နှင့် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းအသုံးပြုပြီး ရွှေ့ပြောင်းနေထိုင်သူများအား မှောင်ခိုပို့ဆောင်ခြင်း ကျူးလွန်သည့် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းအား တိုက်ဖျက်ရေး နောက်ဆက်တွဲစာချုပ်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မဲခေါင်ဒေသတွင်း ၆ နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၊ လူကုန်ကူးမှုတိုက်ဖျက်ခြင်းဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း၊ မြန်မာ-တရုတ်/ မြန်မာ-ထိုင်း/ မြန်မာ-လာအို/ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုး၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို တိုးမြှင့်ဆောင်ရွက်လျက် ရှိပါသည်။

### ထိရောက်သော တုံ့ပြန်ဆောင်ရွက်မှုများကို ဆွေးနွေး

၁၃။ မဲခေါင်မြစ်ဝှမ်းဒေသရှိနိုင်ငံများ၏ ဝန်ကြီးအဆင့် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၏ ဒေသတွင်းလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် (၁၄) ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများအား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း Online မှတစ်ဆင့် ကျင်းပခဲ့ရာ ဖြစ်ပေါ်လာသည့် လူကုန်ကူးမှု လမ်းကြောင်းသစ်များနှင့် ပတ်သက်၍ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ရွှေ့ပြောင်းသွားလာခြင်းအတွင်း လူကုန်ကူးမှုအခြေအနေများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ဆန်းသစ်သော ဆောင်ရွက်မှုများနှင့် ခေါင်းပုံဖြတ်မှုပပျောက်ရေးအတွက် ထိရောက်သော တုံ့ပြန်ဆောင်ရွက်မှုများကို ဆွေးနွေးဆောင်ရွက်ခဲ့ကြပါသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ဒေသဆိုင်ရာအစီအစဉ်များ ဖော်ဆောင်ရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အတွေ့အကြုံများနှင့် အလေ့အထကောင်းများ မျှဝေဖလှယ်နိုင်ရန် (၁၇) ကြိမ်မြောက် လူကုန်ကူးမှုဆိုင်ရာ SOMTC လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့်(၃၅)ကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အထူးအဖွဲ့ခေါင်းဆောင်များ အစည်းအဝေးများအား ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွင်း Online မှတစ်ဆင့် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၄။ လူကုန်ကူးမှုပြဿနာများနှင့် ကမ္ဘာ့ကုလသမဂ္ဂက ပြဋ္ဌာန်းထားသော ၂၀၃၀ ခုနှစ် စဉ်ဆက်မပြတ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်(၈)တွင် စဉ်ဆက်မပြတ်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် မတရားစေခိုင်းမှု၊ ခေတ်သစ်ကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းသွားရန်ဟု ဖော်ပြထားပါသည်။ အဆိုပါ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် အထည်ချုပ်လုပ်ငန်းကဲ့သို့သော Labour Incentive Sector များ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် လူကုန်ကူးမှုပြဿနာ နောက်ကွယ်ရှိ အဓိကလိုအပ်ချက်များဖြစ်ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ကပ်ရောဂါပျံ့နှံ့မှုများကြောင့် ကမ္ဘာ့စီးပွားရေး ကျဆင်းစေခဲ့ပြီး ရောဂါထိန်းချုပ်ရေး ကန့်သတ်ချက်များသည် အခြေခံလူတန်းစားများနှင့် ဖွံ့ဖြိုးမှုအားနည်းသော လူအုပ်စုများအပေါ် ကြီးစွာသော ဆင်းရဲဒုက္ခတို့ကို တွေ့ကြုံခံစားစေရကာ လူကုန်ကူးမှု ကျူးလွန်သူများအတွက် ဆွဲဆောင်စည်းရုံးရန် အခွင့်အရေးတစ်ခု ဖြစ်ပေါ်စေလျက်ရှိပါသည်။

### များစွာသော စိန်ခေါ်မှုတစ်ရပ် ဖြစ်ပေါ်လျက်ရှိ

၁၅။ IT နည်းလမ်းဖွံ့ဖြိုးတိုးတက်လာမှုအပေါ် လူကုန်ကူးမှုကျူးလွန်သူများက အမြတ်ထုတ်အသုံးချနေမှုများကလည်း တားဆီးနှိမ်နင်းရေးကဏ္ဍများအတွက် များစွာသော စိန်ခေါ်မှုတစ်ရပ် ဖြစ်ပေါ်လျက်ရှိပါသည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးသည် စီးပွားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ အသိပညာမြင့်မားမှု၊ မူဝါဒနှင့် မဟာဗျူဟာများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် များစွာမူတည်ပါသဖြင့် အောက်ပါတို့ကို လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစီအမံများမှတစ်ဆင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကို ဘက်ပေါင်းစုံမှ ဟန်ချက်ညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

(ခ) လူကုန်ကူးမှုဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းဖြစ်သော ဆင်းရဲနွမ်းပါးမှုကြောင့် ဖြစ်ပေါ်လာသည့် ရပ်တည်ရန် ခက်ခဲမှု လျှော့ချရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) ရပ်ရွာအခြေပြုစောင့်ကြည့်အဖွဲ့ (CWG) များ စွမ်းဆောင်ရည်မြင့်မားပြီး သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများဖြင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပေးရန် လိုအပ်ပါသည်။

(ဃ) လူကုန်ကူးမှုဆိုင်ရာ လူထုအသိပညာပေးလုပ်ငန်းများတွင် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်လာစေရေးကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

(င) ကိုဗစ်- ၁၉ ကပ်ရောဂါအန္တရာယ်ကျရောက်နေစဉ်နှင့် ကပ်ရောဂါအလွန် ကာလများအတွင်း လူကုန်ကူးမှုများ တိုက်ဖျက်နိုင်ရန်အတွက် လူကုန်ကူးမှု မှုခင်းများဆိုင်ရာ သုတေသနလုပ်ငန်းများ၊ လေ့လာစမ်းသပ်မှုများ ဆောင်ရွက်၍ရရှိသော သုတေသန တွေ့ရှိချက်များကို အကျိုးရှိစွာပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(စ) လူကုန်ကူးခံရသူများ၏ တွေ့ကြုံခံစားရမှုများအပေါ် အခြေခံသည့် တုံ့ပြန်မှုနည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

(ဆ) အိမ်နီးချင်းနိုင်ငံများမှ တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုများ ပူးပေါင်းစုံစမ်းဖော်ထုတ်မှု မြှင့်တင်ရန်နှင့် Online နည်းပညာ အသုံးချဆောင်ရွက်နိုင်ရေးကိုလည်း တိုးမြှင့်ဖော်ဆောင်ရန် လိုအပ်ပါသည်။

### ကိုယ်ချင်းစာနာ နားလည်စွာ ပူးပေါင်းဆောင်ရွက်

၁၆။ ယခု ၂၀၂၂ ခုနှစ်၊ နဝမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော "တားဆီး၊ ကယ်တင်၊ ကူညီရေး၊ လူကုန်ကူးခံရသူအသံ နားထောင်ပေး" ဆိုသည့်အတိုင်း လူကုန်ကူးမှုတားဆီးတိုက်ဖျက်ခြင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့် လူကုန်ကူးခံရသူများကို အလေးထား၍ ကိုယ်ချင်းစာနာ နားလည်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူကုန်ကူးမှုပပျောက်ရေးအတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ပြည်သူလူထု၏ စည်းလုံးညီညွတ်သော အင်အားစုများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှုများ လျော့နည်းကျဆင်း၍ ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။ ။

## ဘူးသီးတောင်မြို့နယ်ရှိ နေရပ်စွန့်ခွာပြည်သူ ၁၄၈ ဦးအား ကိုဗစ် – ၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံ

**ဘူးသီးတောင် စက်တင်ဘာ ၁၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ ဂန္ဓာရီပရဟိတကျောင်းဝင်းရှိ နေရပ်စွန့်ခွာပြည်သူများအား ယမန်နေ့က ဆီနိုဖမ်း ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးရန် လာရောက်သည့် အသက် ၆၅ နှစ်နှင့်အထက် ဦးစားပေး စာရင်းရေးသွင်းခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းများ ဆောင်ရွက်ကာ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ဘူးသီးတောင်မြို့နယ် ဂန္ဓာရီပရဟိတကျောင်းဝင်းရှိ နေရပ်စွန့်ခွာပြည်သူအိမ်ထောင်စု ၈၇စု၊ လူဦးရေ ၄၇၀ ရှိပြီး ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူဦးရေ ၂၀၆ ဦးရှိကြောင်း သိရသည်။

**လှကျော် (ပြန်/ဆက်)**



လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်း တို့ကာကွယ်

**ယနေ့ခေတ်တွင် ကမ္ဘာကြီးကို ခြိမ်းခြောက်စိန်ခေါ်နေသည့်အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှုလက်နက်မှုတို့အပြင် လူကုန်ကူးမှုသည်လည်း ကမ္ဘာ့ထိပ်တန်းရောက်ရှိနေသည့် လူ့အခွင့်အရေးချိုးဖောက်နေသည့် ပြစ်မှုကြီးတစ်ခုအဖြစ် ရောက်ရှိနေသည်ကို လူအများသိရှိကြမည်ဖြစ်ပေသည်။ လူကုန်ကူးမှုသည် အရင်းအနှီးနည်းပါးစွာဖြင့် အမြတ်အစွန်းများများရရှိသောလုပ်ငန်းဖြစ်သဖြင့် လူကုန်ကူးသူလူပွဲစားများသည် ထိုလုပ်ငန်းကို အဓိကထား လုပ်ကိုင်နေကြခြင်းဖြစ်ပေသည်။**

ဒေါ်မြတ်လေးခိုင် (အလယ်တန်းပြ)

လူကုန်ကူးမှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်ကို အခြားသူတစ်ဦးတစ်ယောက်က သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ခေါင်းပုံဖြတ်ရန်အလို့ငှာ စည်းရုံးခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အနိုင်အထက်ပြုခြင်း၊ မိသားစုဘဝရပ်တည်ရန် အခက်အခဲရှိနေသူများကို လိမ်ညာပြောဆိုပြီး ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လက်သင့်ခံခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ ပြည့်တန်ဆာလုပ်ခိုင်းခြင်း၊ အခြားသော ကာမဆိုင်ရာကိစ္စတစ်မျိုးမျိုး ပြုလုပ်ခိုင်းခြင်း၊ အဓမ္မအလုပ်စေခိုင်းခြင်း၊ အဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ အခြားသူတစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းစားခြင်းစသည်တို့ကို ပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ် တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံခြင်း (သို့) လက်ခံရယူရန် သဘောတူခြင်းတို့ ဖြစ်ပါသည်။

### လူကုန်ကူးမှု နောက်ခံသမိုင်း

လူကုန်ကူးမှု နောက်ခံသမိုင်းတွင် ရှေးယခင်က ကျေးပိုင်ကျွန်ပိုင်ရှင်စနစ် ဖြစ်ထွန်းခဲ့ပြီး ကျွန်ဈေးကွက်တွင် အနိုင်အထက်ပြု၍ အင်အားသုံးပြီး ဖမ်းဆီးခေါ်ဆောင်လာသူများကို ကုန်ပစ္စည်းသဖွယ်အရောင်းအဝယ်ပြုလုပ်ကြကာ အမျိုးသမီးများကို ကျွန်အဖြစ်လက်ခံအသုံးပြုပြီး လိင်မှုဆိုင်ရာများတွင် အသုံးချမှုခံခဲ့ကြရပါသည်။ သမိုင်းဦးဘုံမြေစနစ်မှ ကျွန်ပိုင်ရှင်စနစ်သို့ ကူးပြောင်းခြင်းသည် ရှေးဟောင်းအရှေ့တိုင်းဒေသများ၏ သမိုင်းမှစတင်ကာ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၄၀၀၀ မှ ၂၀၀၀ အတွင်း ကျွန်ပိုင်ရှင်စနစ်သည် ဆူမေးနီးယားပြည်၊ ဘေဘီလိုးနီးယားပြည်၊ အာဆီးနီးယားပြည်၊ အီဂျစ်ပြည်၊ အိန္ဒိယပြည်နှင့် တရုတ်ပြည်တို့တွင် လွှမ်းမိုးခဲ့ပါသည်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၁၀၀၀ ခန့်က ဥရောပပြည်၌ လွှမ်းမိုးခဲ့ကာ ခရစ်တော်မပေါ်မီ နှစ် ၅၀၀ မှ ၄၀၀ အတွင်း ဂရိနိုင်ငံများ၌လည်း လွှမ်းမိုးခဲ့ပါသည်။

ကျွန်ပိုင်ရှင်တစ်ယောက်၏ အခွင့်အာဏာသည် အကြွင်းမဲ့အာဏာမျိုး (သက်ဦးဆံပိုင်အာဏာ) ဖြစ်ပါသည်။ ကျွန်တို့သည် ကြာပွတ်၏ ထိန်းကျောင်းမှုကိုခံကြရင်း ကြမ်းတမ်းသော လုပ်ငန်းများကို လုပ်ဆောင်ကြရသည်။ ကျွန်၏ ခန္ဓာကိုယ်ပေါ်တွင် ထိုကျွန်၏အမည်ကိုဖြစ်စေ၊ အခြားအမှတ်အသားကိုဖြစ်စေ ထိုးခတ်ထားသည်။ ထို့အပြင် လည်တိုင်တွင်လည်း ကျွန်၏နာမည်ကို ထိုးခတ်ထားသော သံကော်လာကွင်းကို စွပ်ထားစေသည်။ ကျွန်ပိုင်ရှင်တို့သည် ကျွန်များအပေါ် အကြမ်းကြုတ်ဆုံးသောရက်စက်မှုမျိုးကို ပြုလုပ်ခဲ့ကြပြီး မသေရုံမျှသာ အစားအသောက်နှင့် အဝတ်အစားများကို ပေးပါသည်။ လူသားချင်း ကျွန်ပြု၍ ရောင်းကုန်ပစ္စည်းသဖွယ် ကျွန်ဈေးကွက်တွင် ရောင်းဝယ်လုပ်ကိုင်ကြပါသည်။

**နဝမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ Logo နှင့် ဆောင်ပုဒ်**




**"တားဆီး၊ ကယ်တင်၊ ကူညီရေး လူကုန်ကူးခံရသူအသံ နားထောင်ပေး"**

### ကျွန်များကို စစ်ပွဲများတွင် စုဆောင်း

ကျွန်ပိုင်ရှင်တို့သည် ကျွန်များကို စစ်ပွဲများတွင် စုဆောင်းကြကာ များစွာသောစစ်သုံ့ပန်းများသည် ကျွန်များ၏ဘဝကို ခံယူကြရပါသည်။ ရှေးခေတ်တွင် ကျွန်ပိုင်ရှင်စနစ်ကို ကျင့်သုံးသောနိုင်ငံများစွာတို့သည် အင်အားနည်းသော တိုင်းပြည်များကို စစ်ရေးအားဖြင့် တိုက်ခိုက်သိမ်းပိုက်၍ စစ်ရှုံးသောစစ်သားများကိုသာမက စစ်ရှုံးနိုင်ငံ၏ ပြည်သူလူထုများစွာကိုလည်းကျွန်စာရင်းသွင်းကြပါသည်။ ထိုကျေးကျွန်စနစ်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ခန့်က ကမ္ဘာမှ ပျောက်ကွယ်ခဲ့ပြီး လွန်ခဲ့သော ၁၉၈၀ ဝန်းကျင်ခန့်တွင် ကမ္ဘာနှင့်အဝန်း ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု၊ ဖွံ့ဖြိုးမှုမမျှတခြင်း၊ တည်ငြိမ်မှုမရှိခြင်းတို့ကြောင့် လူကုန်ကူးမှုပြဿနာသည် ခေတ်သစ်ကျေးကျွန်စနစ်ပုံစံဖြင့် ပြန်လည်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာကို (၁၉၉၅-၁၉၉၆)ခုနှစ်လောက်မှစ၍ သတိပြုလာမိခဲ့ကြသည်။ မြန်မာနိုင်ငံ၏အိမ်နီးချင်းငါးနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံများအနက် စီးပွားရေးတိုးတက်မှုကွာဟ၍ သွားလာရန် လွယ်ကူသော ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ရာမှ အလုပ်လုပ်ကိုင်သူများအပေါ် နည်းမျိုးစုံဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံကြရသည့်အတွက် လူကုန်ကူးမှုပြဿနာကို စတင်သတိပြုမိခဲ့ခြင်း ဖြစ်ပါသည်။

### လူကုန်ကူးမှု စတင်ဖြစ်ပေါ်လာ

လူသားတိုင်း မိမိတို့ဘဝ ရပ်တည်နိုင်ရေးအတွက် ရေကြည်ရာမြက်နုရာသို့ တစ်နေရာမှ တစ်နေရာ ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်စားသောက်ကြရာမှ အလုပ်အကိုင်အခွင့်အလမ်းပေါများသော အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်လျက်ရှိကြသည်။ ထိုကဲ့သို့ သွားရောက်လုပ်ကိုင်ကြရာတွင် တရားဝင်ရွှေ့ပြောင်းသွားလာမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုဟူ၍ နှစ်မျိုးတွေ့ရှိကြရမည်ဖြစ်ပါသည်။ တရားဝင်ရွှေ့ပြောင်းသွားလာမှုသည် ပတ်စ်ပို့၊ ဗီဇာနှင့် စာရွက်စာတမ်းအထောက်အထားများပြုလုပ်ကြပြီး သက်ဆိုင်ရာအေဂျင်စီများနှင့် ချိတ်ဆက်ကာ သွားရောက်လုပ်ကိုင်ခြင်းဖြစ်ပြီး တရားမဝင်ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းသည် မည်သည့်စာရွက်စာတမ်း အထောက်အထားမျှမပါရှိဘဲ တစ်ဖက်နိုင်ငံသို့ခိုးဝင်ကာ သွားရောက်အလုပ်လုပ်ကိုင်ကြခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ တရားမဝင်ရွှေ့ပြောင်းသွားလာမှုကို လူမှောင်ခိုမှုဟုခေါ်ပါသည်။ ထိုလူမှောင်ခိုမှုများကို လူပွဲစားများ၊ လူကုန်ကူးသူများက ကျူးလွန်လျက်ရှိကာ ထိုကဲ့သို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ခြင်းမှ လူကုန်ကူးမှုများဖြစ်ပေါ်လာပြီး ရွှေ့ပြောင်းသွားလာခြင်းသည် လူကုန်ကူးမှုကို စတင်ဖြစ်ပေါ်လာစေပါသည်။

လူကုန်ကူး၊ လူမှောင်ခိုနှင့် ရွှေ့ပြောင်းသွားလာခြင်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိကြပြီး ယနေ့ခေတ်တွင် ကျယ်ပြန့်စွာလုပ်ကိုင်နေကြကာ လူပွဲစားများက လူကုန်ကူးမှုအသိပညာဗဟုသုတနည်းပါးသော ကျေးလက်တောရွာဒေသများတွင် လွန်ခဲ့သော ဆယ်စုနှစ်ခန့်က အိမ်တိုင်ရာရောက် သွားရောက်ကာ တရုတ်နိုင်ငံသို့ အိမ်ဖော်အလုပ်လုပ်ရမည်၊ လစာကောင်းကောင်းရမည်ဟု လိမ်လည်စည်းရုံးခဲ့ကြပြီး အမျိုးသမီးမိန်းကလေးများအား ရောင်းစားခဲ့သည့် လူကုန်ကူးမှုဖြစ်စဉ်များ မြောက်မြားစွာရှိခဲ့ပါသည်။

### အွန်လိုင်းပေါ်မှ စည်းရုံးပြောဆို

ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ လူပွဲစားများသည် လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် ဖေ့စ်ဘွတ်၊ ဗိုက်ဘာ၊ မက်ဆင်ဂျာ၊ ဗီတော့၊ တန်ဂို၊ လိုင်း၊ ယူကျူ အစရှိသည်တို့မှ အကောင့်အမျိုးမျိုးပြုလုပ်ကာ အွန်လိုင်းပေါ်မှ စည်းရုံးပြောဆိုလိမ်လည်၍ လူကုန်ကူးမှုများအား စဉ်ဆက်မပြတ် ကျူးလွန်လျက်ရှိသည်ကို ပြည်သူအများ သတိထားရှောင်ရှားကြရန် လိုအပ်မည်ဖြစ်ပါသည်။ ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်မည်ဆိုပါက ယခင်က ပြည်ပသို့ သွားရောက်လုပ်ကိုင်ခဲ့ဖူးသော အသိမိတ်ဆွေများနှင့် သေချာစွာ ဆွေးနွေးတိုင်ပင်ပြီး မိမိနိုင်ငံအတွင်းရှိ တရားဝင် ခွင့်ပြုထားသော အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်သင့်ပါသည်။ ထိုကဲ့သို့ ချိတ်ဆက်ဆောင်ရွက် သွားရောက်လုပ်ကိုင်ရာတွင်လည်း မိမိတို့၏ အဓိကကျသည့် ကိုယ်ရေးအချက်အလက်များအပြင် သက်ဆိုင်ရာဖုန်းနံပါတ်များကို အလွတ်ကျက်မှတ်ထားရမည့်အပြင် အတူနေထိုင်သည့် မိဘဆွေမျိုးညီအစ်ကိုမောင်နှမများကိုလည်း အလွယ်တကူ ဆက်သွယ်မှုပြုနိုင်ရန်အတွက် ပေးထားခဲ့ရမည်ဖြစ်ပါသည်။ သို့မှသာ အခက်အခဲတစ်စုံတစ်ရာ ကြုံလာခဲ့ပါက လွယ်ကူလျင်မြန်စွာဖြင့် အမြန်ဆုံးဆက်သွယ်နိုင်မည်ဖြစ်ပါသည်။

လူကုန်ကူးခြင်းသည် အမျိုးသမီးများနှင့် ကလေးငယ်များတွင်သာ ဖြစ်ပွားခြင်းမဟုတ်ဘဲ အမျိုးသားများလည်း လူကုန်ကူးခံရသည့် ဖြစ်စဉ်သာဓကများစွာရှိခဲ့သဖြင့် သတိပြုရန်လိုအပ်လှပါသည်။ လူကုန်ကူးမှု ပပျောက်လျော့နည်းရေးအတွက် ပြည်သူအားလုံးတွင် တာဝန်ရှိသဖြင့် လူကုန်ကူးမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားရှိပါသည်။ လူကြီးမိဘတို့၏ လျစ်လျူရှုပေါ့ဆမှုကြောင့် မသိနားမလည်သေးသော အရွယ်မရောက်သေးသည့်ကလေးသူငယ်များကို လူကုန်ကူးသူ လူပွဲစားများက အမျိုးမျိုးမက်လုံးပေးပြီး အခွင့်ကောင်းယူကာ ရောင်းစားနေသည့်အတွက် ပြည်သူလူထုတစ်ရပ်လုံးက သတိကြီးစွာဖြင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရန် အထူးလိုအပ်လှပေသည်။

မိသားစုအတွင်း အိမ်တွင်းရေးပြဿနာများမှ ကလေးသူငယ်များကို လမ်းမှားပေါ်သို့ တွန်းပို့ပေးနိုင်သဖြင့် လူကြီးမိဘများအနေဖြင့်လည်း ဂရုပြုရန် အရေးကြီးပါသည်။ မိမိ၏ဆန္ဒ လိုချင်တပ်မက်မှုများမှတစ်ဆင့် လူကုန်ကူးသူလူပွဲစားများအတွက် အခွင့်အရေးဖြစ်ကာ အမြတ်ထုတ်သွားနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုအမျိုးအစားများတွင် တရုတ်အမျိုးသားများနှင့် အဓမ္မထိမ်းမြားလက်ထပ်ရန်အတွက် မြန်မာအမျိုးသမီးများအား ရောင်းစားခြင်း၊ တရုတ်နိုင်ငံသို့ ကလေးသူငယ်များကို မွေးစားရန်အတွက် ရောင်းစားခြင်း၊ အမျိုးသားလူငယ်လူရွယ်များကို ထိုင်းငါးဖမ်းလှေများတွင် အဓမ္မခိုင်းစေရန်အတွက်

*စာမျက်နှာ ၉ သို့*

**○ လူကြီးမိဘတို့၏ လျစ်လျူရှုပေါ့ဆမှုကြောင့် မသိနားမလည်သေးသော အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို လူကုန်ကူးသူ လူပွဲစားများက အမျိုးမျိုးမက်လုံးပေးပြီး အခွင့်ကောင်းယူကာ ရောင်းစားနေသည့်အတွက် ပြည်သူလူထုတစ်ရပ်လုံးက သတိကြီးစွာဖြင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရန် အထူးလိုအပ်**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့

စက်တင်ဘာလ ၁၃ ရက်




**၂၀၂၁ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်**

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကနဦးမှတ်ပုံတင်ဝန်ဆောင်မှုလုပ်ငန်းများနှင့် နှစ်လဲသက်တမ်းတိုး ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ရန် အသိပေးကြေညာ

❖ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် (၁-၁၂-၂၀၂၀) ရက်နေ့မှစ၍ ကနဦး မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ (၂၂-၃-၂၀၂၁) ရက်နေ့မှစ၍ နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်လုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

❖ ကိုဗစ်-၁၉ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၁၇-၇-၂၀၂၁) ရက်နေ့မှ (၁၀-၉-၂၀၂၁) ရက်နေ့အထိ အများပြည်သူအလုပ်ပိတ်ရက်အဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပေးခဲ့ပါသည်။

❖ ယခုအခါ အများပြည်သူရုံးပိတ်ရက်များ ကုန်ဆုံးခဲ့ပြီးဖြစ်သည့်အတွက် ဌာန၏ ကနဦးနှင့် နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်လုပ်ငန်းများကို (၁၃-၉-၂၀၂၁) ရက်နေ့မှစ၍ ပြန်လည်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

❖ မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ပေးရာတွင် ပေးဆောင်ရမည့် ယာဉ်ထုတ်ရက်လွန် ဒဏ်ကြေးကို ဝန်ဆောင်မှုရပ်ဆိုင်းထားသည့် (၁၇-၇-၂၀၂၁) ရက်နေ့မှ (၁၀-၉-၂၀၂၁) ရက်နေ့အထိ (၅၆)ရက်ကာလအား ထည့်သွင်းရေတွက်ခြင်းမပြုဘဲ လျှော့ပေါ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့သော် (၃၀-၁၁-၂၀၂၁) ရက်နေ့နောက်ပိုင်းမှ လာရောက်ဆောင်ရွက်သည့် ကနဦးမှတ်ပုံတင်ယာဉ်များသည် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးငွေ လျှော့ပေါ့ခွင့်ရမည်မဟုတ်ဘဲ မူလသတ်မှတ်ချက်များအတိုင်း ဒဏ်ကြေးများ ပေးဆောင်ရမည်ဖြစ်ပါသည်။

❖ နှစ်လဲသက်တမ်းတိုးဆောင်ရွက်ရာတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ၎င်းတို့၏ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် လအလိုက် အောက်ပါသတ်မှတ်ကာလအတွင်း သက်တမ်းတိုး မပျက်မကွက် လာရောက်ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) (၁၂/၂၀၂၀)လနှင့် (၁/၂၀၂၁)လ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်ယာဉ်များနှင့် အများပြည်သူအလုပ်ပိတ်ရက် သတ်မှတ်ကာလအတွင်း (၇/၂၀၂၁)လ မှတ်ပုံတင်ကုန်ဆုံးသည့်ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၁-၁၀-၂၀၂၁) ရက်နေ့အတွင်း၊

(ခ) (၂/၂၀၂၁)လ နှင့် (၃/၂၀၂၁)လ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်ယာဉ်များနှင့် အများပြည်သူအလုပ်ပိတ်ရက် သတ်မှတ်ကာလအတွင်း (၈/၂၀၂၁) လ မှတ်ပုံတင်ကုန်ဆုံးမည့်ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၀-၁၁-၂၀၂၁) ရက်နေ့အတွင်း၊

(ဂ) အများပြည်သူအလုပ်ပိတ်ရက် သတ်မှတ်ကာလအတွင်းပါဝင်သော (၉/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့်ယာဉ်များသည် (၁၃-၉-၂၀၂၁)မှ (၃၁-၁၂-၂၀၂၁) ရက်နေ့အတွင်း။

❖ သတ်မှတ်ကာလအတွင်း အချိန်မီလာရောက်ဆောင်ရွက်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါသည်။ ၎င်းအပြင် အများပြည်သူသယ်ယူပို့ဆောင်သည့် ခရီးသည်တင်ယာဉ်များမှအပ ကျန်ယာဉ်များအားလုံးကို ယာဉ်စစ်ဆေးခြင်းကင်းလွတ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးခြင်းကို (၃၁-၁၂-၂၀၂၁) ရက်နေ့အထိ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

❖ ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်ခြင်း တစ်ဆက်တည်း (၅) နှစ်ကျော်၍ မှတ်ပုံတင်ဖျက်သိမ်းရတော့မည့်ယာဉ်များသည် အောက်ပါသတ်မှတ်ကာလအတွင်း လာရောက်သက်တမ်းတိုးဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းမည်ဖြစ်ပါသည်-

(က) သက်တမ်းကုန်ဆုံးရက် (၃၁-၁၂-၂၀၁၅) ယာဉ်များနှင့် (၃၁-၁-၂၀၁၆) ယာဉ်များ၊ အများပြည်သူရုံးပိတ်ရက် သတ်မှတ်ကာလအတွင်း ပါဝင်သော ၇/၂၀၂၁ လတွင် (၅) နှစ်ကျော်နှစ်ပြတ်သည့် သက်တမ်းကုန်ဆုံးရက် (၃၁-၇-၂၀၁၆) ယာဉ်များသည်(၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၁-၁၀-၂၀၂၁) ရက်နေ့အတွင်း၊

(ခ) သက်တမ်းကုန်ဆုံးရက် (၂၉-၂-၂၀၁၆) ယာဉ်များနှင့် (၃၁-၃-၂၀၁၆) ယာဉ်များ၊ အများပြည်သူရုံးပိတ်ရက်သတ်မှတ်ကာလအတွင်းပါဝင်သော (၈/၂၀၂၁) လတွင် (၅) နှစ်ကျော်နှစ်ပြတ်သည့် သက်တမ်းကုန်ဆုံးရက် (၃၁-၈-၂၀၁၆) ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၀- ၁၁-၂၀၂၁) ရက်နေ့အတွင်း၊

(ဂ) (၉/၂၀၂၁)လတွင် (၅)နှစ်ကျော် နှစ်ပြတ်မည့် သက်တမ်းကုန်ဆုံးရက် (၃၀-၉-၂၀၁၆) ယာဉ်များသည် (၁၃-၉-၂၀၂၁) ရက်နေ့မှ (၃၁- ၁၂-၂၀၂၁) ရက်နေ့အတွင်း၊

❖ (၃၁-၁၀-၂၀၁၆) ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည့်ယာဉ်များသည် သတ်မှတ်သက်တမ်းကာလအတွင်း အချိန်မီသက်တမ်းတိုးရန်ဖြစ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

*စာမျက်နှာ ၈ မှ*

ရောင်းစားခြင်း၊ ထိုင်းနိုင်ငံရှိစက်ရုံများတွင် အဓမ္မခိုင်းစေပြီး လုပ်အားခေါင်းပုံဖြတ်ခြင်း၊ ပြည့်တန်ဆာပြုခြင်း၊ အိမ်ဖော်အဖြစ် အဓမ္မစေခိုင်းခြင်း၊ ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုသည့်အပြင် သူတောင်းစားအဖြစ်တောင်းရမ်းခိုင်းစေခြင်းတို့ကို အမြဲသတိပြုသိရှိထားရမည်ဖြစ်ပေသည်။ သတိတစ်ချက် ဘဝတစ်သက်ဆိုသည့်အတိုင်း လူကုန်ကူးမှုနှင့်ပတ်သက်လျှင် အရာရာကို သတိတရားလက်ကိုင်ထား၍ လူတိုင်းကိုယ်စီ လူကုန်ကူးမှုအသိပညာဗဟုသုတများကို နားလည်သိရှိထားရန်လည်း အထူးအရေးကြီးလှပါသည်။ အကြမ်းဖျင်းအားဖြင့် လူကုန်ကူးမှု ဖြစ်ပွားစေသော အဓိကအကြောင်းရင်းများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) ဝင်ငွေနည်းပါးခြင်း၊
(၂) အလုပ်အကိုင်ရှားပါးခြင်း၊
(၃) ပညာရေးနိမ့်ပါးခြင်း၊
(၄) သတင်းမှန်မသိရှိခြင်း၊
(၅) ယုံလွယ်ခြင်း၊
(၆) မိသားစုထောက်ပံ့ရန်လိုအပ်ခြင်း၊
(၇) လူကုန်ကူးမှု အသိပညာဗဟုသုတများကို စိတ်ဝင်စားမှုနည်းခြင်း၊
(၈) စူးစမ်း စမ်းသပ်လိုခြင်း၊
(၉) မိသားစုပြဿနာရှိခြင်း၊
(၁၀) အကြွေးတင်ခြင်းတို့ကြောင့်ဖြစ်ပါသည်။

ယင်းပြဿနာများကို ဖြေရှင်းရာတွင် တစ်ဦးတစ်ယောက်ကောင်းဖြင့် အောင်မြင်မှု မရရှိနိုင်ဘဲ ဘက်စုံထောင့်စုံမှ ဝိုင်းဝန်းဖြေရှင်းမှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သဖြင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ လူကုန်ကူးမှုများ လျော့နည်းပပျောက်နိုင်မည်ဖြစ်ပေသည်။

**ကြီးလေးသော ပြစ်မှုကြီး**

လူကုန်ကူးမှုသည် ကြီးလေးသော ပြစ်မှုကြီးတစ်ရပ်ဖြစ်သဖြင့် လူကုန်ကူးသူများကို ထိရောက်သောပြစ်ဒဏ်များ ရရှိရေးအတွက် တရားစွဲအဖွဲ့အစည်းများကလည်း အလေးထားဆောင်ရွက်လျက်ရှိပါသည်။ တာဝန်ရှိသူများကလည်း လူကုန်ကူးမှုများကို စစ်ဆေးစီရင်ရာတွင် အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့် စစ်ဆေးစီရင်ကြရန် လိုအပ်သည့်အပြင် ပြစ်မှုကျူးလွန်သူများသာမက ၎င်းတို့နှင့် ဆက်စပ်ပတ်သက်သည့် မသမာမှုပြုနေသူများကိုလည်း ပြစ်မှုထင်ရှားစစ်ဆေးပေါ်ပေါက်ပါက ထိရောက်ဟန့်တားလောက်သော ကြီးလေးသည့် ပြစ်ဒဏ်များချမှတ်ရန် တရားရုံးချုပ်က တရားရုံးအသီးသီးသို့ ညွှန်ကြားထားရှိပြီးဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။ လူကုန်ကူးမှုပြဿနာသည် မြန်မာတိုင်းရင်းသားတို့၏ တန်ဖိုးထားစောင့်ရှောက်အပ်သော အမျိုးအနွယ်စောင့်ထိန်းမှုကို ထိခိုက်ပျက်ပြားစေပါသည်။ သို့ဖြစ်၍ လူကုန်ကူးမှုပြဿနာပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူပြည်သားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်လှပါသည်။

ထို့ကြောင့် ယခုနှစ် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အတွက် **“တားဆီး၊ ကယ်တင်၊ ကူညီရေး လူကုန်ကူးခံရသူအသံနားထောင်ပေး”** ဟူသော ဆောင်ပုဒ်အတိုင်း ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ကျရာအခန်းကဏ္ဍမှ သတိတရားလက်ကိုင်ထား၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အကြံပြုတင်ပြအပ်ပါသည် ။ ။

# နိုင်ငံတော်အစိုးရ တာဝန်ယူမှု ခုနစ်လမြောက်၏ မှတ်တိုင်များ


ကနောင်

*ယမန်နေ့မှအဆက်*

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်တဲ့အဖွဲ့ဝင်တွေက ဩဂုတ်လ ၄ ရက်က အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံတွေအကြား သီးခြားကျင်းပတဲ့ နိုင်ငံခြားရေးဝန်ကြီးများရဲ့ အစည်းအဝေးများ၊ အရှေ့အာရှထိပ်သီးအစည်းအဝေးများကို တက်ရောက် မိန့်ခွန်းပြောကြားခဲ့ပြီး အာဆီယံအပေါ်ထားရှိတဲ့ မြန်မာနိုင်ငံရဲ့ သဘောထားလေးနက်မှုကို ထင်ရှားစွာ ပြသနိုင်ခဲ့ပါတယ်။ ထို့အတူ ပြည်ထောင်စုဝန်ကြီးက အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ ပူးတွဲသဘာပတိအဖြစ်တာဝန်ယူခဲ့ပြီး အာဆီယံ - နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-အီးယူ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွေကိုလည်း ဩဂုတ်လပထမပတ်အတွင်း တက်ရောက်ခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဩဂုတ်လ ၆ ရက်က ကျင်းပတဲ့ (၁၄) ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးကို တက်ရောက်ဆွေးနွေးခဲ့ပြီး အစည်းအဝေးအတွင်း ကိုဗစ်-၁၉ တတိယလှိုင်းအတွက် လိုအပ်တဲ့ အကူအညီများ ပေးအပ်ခြင်းအတွက် ဂျပန်နိုင်ငံအပေါ် အထူးကျေးဇူးတင်ကြောင်း ပြောကြားကာ ထပ်မံကူညီပံ့ပိုး ပေးနိုင်ရန်အတွက် တိုက်တွန်းခဲ့ပါတယ်။

ဩဂုတ်လ ၇ ရက်က ကျင်းပခဲ့တဲ့ (၂၈)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့ပါတယ်။ ဖိုရမ်အတွင်း ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် လက်တွဲဆောင်ရွက်လျက်ရှိတဲ့ ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် အဓိပ္ပာယ်ပြည့်ဝတဲ့




မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများက လှူဒါန်းသည့် ပစ္စည်းများအား ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးက ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းထံ ဩဂုတ် ၁၉ ရက်က လွှဲပြောင်းပေးအပ်စဉ်။

နိုင်ငံရေးဆွေးနွေးမှု ဆောင်ရွက်နိုင်ရေးမှာ အကြမ်းဖက်မှုတွေ ကျူးလွန်နေတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ တရားမဝင် အသင်းအဖွဲ့တွေ မပါဝင်သင့်ကြောင်း ထောက်ပြခဲ့သလို ယင်းကိုလည်း အေအာရ်အက်ဖ် အဖွဲ့ဝင်နိုင်ငံများက ရှုတ်ချသင့်ကြောင်း ပြောကြားခဲ့ပါတယ်။ ရခိုင်ပြည်နယ်အရေး အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်သလို နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံနိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ပေးနိုင်ဖို့ တိုက်တွန်းချက်တွေလည်း ပြောကြားခဲ့တာ မြင်တွေ့ရပါတယ်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှာပါဝင်တဲ့ မြန်မာနိုင်ငံရဲ့ စီမံကိန်း ၂၂ ခုအတွက် တရုတ်နိုင်ငံက ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ သန်း ကျော်ကို ဩဂုတ်လ ၁၀ ရက်က လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ဝန်ကြီးဌာန ၁၁ ခုကနေ အကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် စီမံကိန်းတွေဖြစ်ပြီး သမားရိုးကျမဟုတ်တဲ့ လုံခြုံရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ တိရစ္ဆာန် ရောဂါကာကွယ်ဆေး ထုတ်လုပ်နိုင်ရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ သိပ္ပံနဲ့နည်းပညာအစရှိတဲ့ နယ်ပယ်အသီးသီးမှာ စီမံကိန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။

အာရှပစိဖိတ်ဒေသနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနဲ့ အာဖရိကဇုန်၊ အမေရိကဇုန် နိုင်ငံများက မြန်မာသံရုံး၊ အဖွဲ့ရုံးနဲ့ ကောင်စစ်ဝန်ချုပ်ရုံးတွေက သံရုံးအကြီးအကဲတွေကို လက်ရှိဖြစ်ပေါ်တိုးတက်နေတဲ့ နိုင်ငံရေးအခြေအနေတွေနဲ့ ဆောင်ရွက်ချက်တွေကို အသိပေးဆွေးနွေးတဲ့အစီအစဉ်ကိုလည်း ဩဂုတ်လ ၁၁ ရက်နဲ့ ၁၃ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးတွေကိုယ်တိုင် ဗီဒီယိုကွန်ဖရင့်နဲ့ ဦးဆောင်ဆွေးနွေးခဲ့ပါတယ်။ တတိယအကြိမ် ရုရှား-မြန်မာ



အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့် ဆက်စပ်ပစ္စည်းများ ပေးပို့လှူဒါန်းသည့် အထူးကုန်တင်လေယာဉ် ဩဂုတ် ၂၀ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

အစိုးရအချင်းချင်း ကုန်သွယ်ရေးနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးနဲ့ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးမှု အစီအစဉ်များ ကျင်းပနိုင်ဖို့ အကြိုညှိနှိုင်းမှုတွေကို ဩဂုတ်လ ဒုတိယအပတ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဩဂုတ်လ ၁၁ ရက်ကကျင်းပခဲ့တဲ့ (၁၅)ကြိမ်မြောက် အာဆီယံရေတပ် ဦးစီးချုပ်များ အစည်းအဝေးနဲ့ ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့တဲ့ (၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလုံခြုံရေးနှီးနှောဖလှယ်ပွဲတို့ကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့က ဗီဒီယိုကွန်ဖရင့်ဖြင့် ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ထို့အတူ (၄၂) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့လည်း ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ တက်ရောက်ခဲ့ကြပါတယ်။

ဩဂုတ်လ ၂၄ ရက်က CLMVT Plus Forum 2021 ကျင်းပခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၊ ဆက်စပ်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ တက်ရောက်ဆွေးနွေးခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။ ထို့အတူ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်ရဲ့ ဒုတိယအကြိမ်မြောက် လုပ်ငန်းအဖွဲ့အစည်းအဝေးနဲ့ Side Event သို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေ ပါဝင်တက်ရောက်ခဲ့ပြီး ကော်မရှင်ရဲ့ ဆောင်ရွက်ချက်၊ ရင်ဆိုင်ကြုံတွေ့ရတဲ့ စိန်ခေါ်မှု စတာတွေကို ပါဝင်ဆွေးနွေးခဲ့ပါတယ်။

**အာဆီယံနိုင်ငံနဲ့ မိတ်ဖက်နိုင်ငံများရဲ့ ချစ်ခင်ရင်းနှီးမှုကို မြင်တွေ့ရ**

အာဆီယံမှ မြန်မာနိုင်ငံကို ပေးအပ်ဖို့ရှိတဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီများနဲ့ ပတ်သက်ပြီး ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂနဲ့ နယူးဇီလန်နိုင်ငံများက ငွေကြေးအမေရိကန်ဒေါ်လာ ခုနစ်သိန်းနဲ့ ဩစတြေးလျဒေါ်လာ ၅ သန်း၊ ယူရို ၃၇၀၀၀၀ လှူဒါန်းကြဖို့ ကတိပြုထားပြီး ကျန်နိုင်ငံများကလည်း ပစ္စည်းအားဖြင့် အကူအညီတွေ ပေးအပ်သွားဖို့ ကတိကဝတ် ရရှိခဲ့ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံအစိုးရက မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အထောက်အကူပြု ပစ္စည်းတွေကို ဩဂုတ်လ ၁၉ ရက်က အထူးလေယာဉ်သုံးစင်းနဲ့ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင်လှူဒါန်းပေးခဲ့ပါတယ်။ ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများက အာဆီယံ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုကော်မတီကတစ်ဆင့် လှူဒါန်းတဲ့ အမေရိကန်ဒေါ်လာ တစ်သိန်း၊ ကမ္ဘောဒီးယားအစိုးရက မြန်မာအစိုးရကို လှူဒါန်းတဲ့ အမေရိကန်ဒေါ်လာ နှစ်သိန်းတို့အား ထပ်မံပံ့ပိုးလှူဒါန်းပေးခဲ့တာဖြစ်ပါတယ်။ ထို့အတူ ဩဂုတ်လ ၂၀ ရက်က အိန္ဒိယအစိုးရက ဒုတိယအကြိမ်မြောက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းများအတွက် လိုအပ်တဲ့ ဆေးနဲ့ဆက်စပ်ပစ္စည်း ကုန်ချိန်တန် ၄၀ ခန့်ကို ပေးပို့လှူဒါန်းခဲ့ပါတယ်။

**မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများအား ချေပရှင်းလင်း**

နိုင်ငံခြားရေးဝန်ကြီးဌာနက ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်ရဲ့ ဩဂုတ်လ ၈ ရက် သတင်းထုတ်ပြန်ချက်အပေါ် မြန်မာနိုင်ငံဘက်မှ သဘောထားကို ဩဂုတ်လ ၉ ရက် ရက်စွဲနဲ့ ပြတ်ပြတ်သားသား ပြန်လည် သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒီသတင်းထုတ်ပြန်ချက်အတွင်း အမေရိကန် အမြဲတမ်းကိုယ်စားလှယ်ရဲ့ ပြောဆိုချက်များက စွပ်စွဲပြစ်တင်တဲ့သဘောထားဖြစ်ပြီး ဗီယင်နာကွန်ဗင်းရှင်းပါ သံတမန်တို့လိုက်နာရမယ့်အချက်တွေကို ချိုးဖောက်တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ကန့်ကွက်ကြောင်း ဖော်ပြထားပါတယ်။ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ဝန်ထမ်းအဖြစ်ကနေ ထုတ်ပယ်ခဲ့ပြီး လက်ရှိမှာ

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

နိုင်ငံတော်သစ္စာဖောက်မှုနဲ့ တရားစွဲဆိုထားတဲ့ ဦးကျော်မိုးထွန်းအပေါ် ရပ်တည် ထောက်ခံအားပေးနေခြင်းက ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေအကြား စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကို လိုက်နာရန် သွေဖည်ခြင်းဖြစ်ကြောင်းနဲ့ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှာ ပါဝင်ပြဋ္ဌာန်းထားတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံမှ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ အပြန်အလှန်လေးစားမှုရှိရန်ဆိုတဲ့ အခြေခံမူတွေကို လိုက်နာဖို့အတွက် မြန်မာနိုင်ငံဘက်က တောင်းဆိုလိုက်တဲ့ ကြေညာချက်တစ်ရပ်လည်း ဖြစ်ပါတယ်။

ထို့အတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံအခြေအနေနဲ့စပ်လျဉ်းပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဩဂုတ်လ ၈ ရက်က ကျင်းပခဲ့တဲ့အပေါ်မှာလည်း မြန်မာနိုင်ငံအနေနဲ့ ပြင်းထန်စွာ ကန့်ကွက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဩဂုတ်လ ၁၂ ရက်ထုတ် သတင်းထုတ်ပြန်ချက်မှာ မြင်တွေ့ရပါတယ်။ အတည်ပြုနိုင်ခြင်းမရှိတဲ့ မှားယွင်းတဲ့ သတင်းအချက်အလက်တွေကို အခြေခံပြီး တစ်ဖက်သတ် စွပ်စွဲပြောကြားထားသလို နိုင်ငံတော်အစိုးရရဲ့ ဒီမိုကရေစီကူးပြောင်းရေး ဆောင်ရွက်ချက်တွေ၊ အသိပေးနေတဲ့ သတင်းအချက်အလက် အမှန်တွေကို လျစ်လျူရှုခဲ့ပြီး ဖိအားပေးရာရောက်တဲ့ အဆိုပြုမှုတွေ ပြုလုပ်ခဲ့ကြောင်းကို သတင်းထုတ်ပြန်ချက်မှာ ဖော်ပြပါရှိပါတယ်။

ထုတ်ပြန်ချက်အတွင်း တရားမဝင် အဖွဲ့အစည်းများနဲ့ အကြမ်းဖက် အဖွဲ့အစည်းများဖြစ်တဲ့ CRPH, NUG စတဲ့ အဖွဲ့အစည်းများနဲ့ ထောက်ခံသူတွေက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးတဲ့ နေရာတွေအထိ တိုက်ခိုက်မှုတွေရှိခဲ့တာကို အထူးကိုယ်စားလှယ်အနေနဲ့ မဖော်ပြထားတာကိုလည်း သိရှိခဲ့ရပါတယ်။ နိုင်ငံရဲ့အခြေအနေကို ပြင်ပကနေ ဝင်ရောက်စွက်ဖက်လိုသူတွေဘက်က ချဲ့ကားပြောဆိုခဲ့တယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပြီး အထူးကိုယ်စားလှယ်ဆိုသူအား တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အပြည့်သဘော၊ ဘက်လိုက်မှုမရှိ ဆောင်ရွက်ရန် တိုက်တွန်းခဲ့တဲ့အပြင် ကုလသမဂ္ဂရဲ့ ပြဋ္ဌာန်းထားတဲ့ ကျင့်ဝတ်စည်းကမ်းတွေနဲ့ ပဋိညာဉ်စာတမ်းပါ အခြေခံမူတွေကို ချိုးဖောက်ရာရောက်တဲ့အတွက် ကန့်ကွက်ခဲ့တာ ဖြစ်ပါတယ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူခဲ့သည့် တွန်း/ဆွဲ ရေယာဉ်သစ်နှစ်စင်း ရန်ကုန်မြို့ ပန်းဆိုးတန်း နန်းသီတာ ဆိပ်ကမ်းသို့ ဩဂုတ် ၁၈ ရက်က ရောက်ရှိလာမှုကို တွေ့ရစဉ်။

## ပြည်သူ့အတွက် ဆောင်ရွက်ချက်

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိထိရောက်ရောက် ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက်နဲ့ အခြေခံပညာကျောင်းများ ယာယီပိတ်ထားခြင်းတွေကို တိုးမြှင့်သတ်မှတ်ခြင်းများကို ဩဂုတ်လ ၃၁ ရက်အထိ တိုးမြှင့်ခဲ့ပါတယ်။ အဲဒီရက်တွေမှာ ဗဟိုဘဏ်အပါအဝင် အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်တွေကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ အများပြည်သူ အလုပ်ပိတ်ရက်ကာလ လိုက်နာရမယ့် စည်းကမ်းတွေကိုလည်း ထုတ်ပြန်အသိပေးခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ဩဂုတ်လ ၁ ရက် ရက်စွဲနဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ထို့အတူ ဩဂုတ်လ ၂၄ ရက်က ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေများကိုလည်း ပြဋ္ဌာန်းခဲ့ပါတယ်။

မိုးတွင်းကာလ ဖြစ်တာနဲ့အညီ ရေကြီးရေလျှံမှု၊ လေပြင်းတိုက်ခတ်မှု၊ မြေပြိုမှုစတဲ့ သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရတဲ့ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို နယ်မြေခံစစ်ဌာနချုပ်များက တပ်မတော်သားများနဲ့ ပြည်သူများက ပူးပေါင်းပြီး လက်တွဲညီညီ ဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝဘေးအန္တရာယ်ကြုံဆုံလာပါကလည်း ထောက်ပံ့ပေးအပ်နိုင်ဖို့ ကယ်ဆယ်ရေးပစ္စည်းတွေကို ကြိုတင် ပြင်ဆင်ထားလျက်ရှိတာကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဩဂုတ်လ ၈ ရက်က သိရှိရပါတယ်။

ကိုဗစ်-၁၉ တတိယလှိုင်းကာလအတွင်း ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနဲ့ ဘာသာပေါင်းစုံတို့၏ ဘာသာရေးကျောင်းများ၊ အသင်းတော်များ စတာတွေအပြင် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များထံကို ဆန်၊ ဆီ၊ ဆား၊ ပဲ စတဲ့ အမယ်လေးမျိုးအပါအဝင် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနဲ့ အလှူငွေများကို အနယ်နယ်အရပ်ရပ်တို့မှာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး ပြည်နယ်အဆင့်ဆင့်ရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဝင်များက လှူဒါန်းပေးလျက်ရှိတာကိုလည်း ယခုလအတွင်း မြင်တွေ့ရပါတယ်။

ပြည်ပနိုင်ငံတွေက ပြန်လည်ရောက်ရှိလာတဲ့ မိမိတို့နိုင်ငံသားတွေကို စနစ်တကျ လက်ခံပေးနိုင်ဖို့နဲ့ ဘေးကင်းလုံခြုံစွာနဲ့ နေရပ်ကိုပြန်နိုင်ဖို့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ဆောင်ရွက်ပေးလျက် ရှိတာကိုလည်း မြင်တွေ့ရပါတယ်။ နေရပ်ပြန်တွေကို ကိုဗစ်-၁၉ စည်းကမ်းချက်များနဲ့အညီ ကြိုဆိုလက်ခံပြီး စနစ်တကျစောင့်ကြည့်စစ်ဆေးတာ၊ ကွာရန်တင်းထားရှိတာနဲ့ ကျန်းမာရေးကောင်းမွန်သူတွေကို နေရပ်ပြန်နိုင်ဖို့အတွက် စီစဉ်ပေးတာတွေကိုလည်း မြင်တွေ့ရပါတယ်။ သာဓကအနေနဲ့ ဩဂုတ်လ ၁၉ ရက်က လာအိုနိုင်ငံကနေ ပြန်လည်လွှဲပြောင်းလာခဲ့တဲ့ မြန်မာနိုင်ငံသား ၃၄၈ ဦးကို တာချီလိတ်မြို့နယ် မိုင်းဖုန်း (က) ကျေးရွာအုပ်စု ဝမ်ပုံဆိပ်ကမ်းမှာ တာဝန်ရှိသူတွေက နွေးထွေးစွာ ကြိုဆိုပေးခဲ့ကြပါတယ်။ အဲဒီနောက် ကိုဗစ်ရောဂါပိုး ရှိ/ မရှိ စစ်ဆေးပေးခဲ့ပြီး လိုအပ်တဲ့စောင့်ကြည့်ကုသမှု၊ ကန့်သတ်ထားရှိမှုတွေနဲ့ နေရပ်ကို ပြန်နိုင်စေဖို့ ကူညီမှုတွေ လုပ်ဆောင်ပေးခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ဩဂုတ်လ ၁၁ ရက်က အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းဖြစ်ပြီး ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကာကွယ်ဟန့်တားဖို့နဲ့ ချုပ်ရက်ရှည်ကြာနေတဲ့ တရားခံတွေကို သတ်မှတ်ချက်နဲ့အညီ သက်ညှာစွာနဲ့ အမှုပိတ်သိမ်းနိုင်ဖို့ ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့တာပဲဖြစ်ပါတယ်။ ကန့်သတ်ထားတဲ့ အမှုများမှအပ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နဲ့ မတိုင်မီကာလမှာ ပြစ်မှုတစ်ခုခုနဲ့ တရားစွဲဆိုခံရတဲ့ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုတွေကို ပိတ်သိမ်းပေးမယ်လို့ သိရပါတယ်။ သို့သော် ထိခိုက်နစ်နာစေတဲ့ ပြစ်မှုတွေနဲ့ စပ်လျဉ်းပြီး နစ်နာသူများက အမှုပိတ်သိမ်းခြင်း မပြုလိုလျှင်လည်း အမှုကို ဆက်လက်စစ်ဆေးပေးမှာဖြစ်တယ်လို့ ထုတ်ပြန်ထားပါတယ်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးရေးဥပဒေ(မူကြမ်း)ကို အမြန်ဆုံးအတည်ပြုပြဋ္ဌာန်းနိုင်ဖို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ဩဂုတ်လ ၄ ရက်က ဆွေးနွေးညှိနှိုင်းလျက်ရှိပါတယ်။ ကိုဗစ်-၁၉ တတိယလှိုင်းအတွင်း မသန်စွမ်းသူတို့ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်စေဖို့ ညှိနှိုင်းဆွေးနွေးမှုတွေကိုလည်း မြင်တွေ့ရပါတယ်။ လက်ရှိမှာ မသန်စွမ်းသူတွေကို ကနဦးထောက်ပံ့ငွေကျပ် ၃၀၀၀၀ ပေးအပ်လျက်ရှိပြီး ဆက်လက်၍လည်း ကာကွယ်ဆေးထိုးနှံနိုင်စေဖို့၊ ရန်ပုံငွေထူထောင်ပေးနိုင်ဖို့နဲ့ မသန်စွမ်းသူတွေရဲ့ လိုအပ်ချက်အခက်အခဲတွေကို ဆွေးနွေးအဖြေရှာခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ၅၇ လုံးအပြင် ပြည်သူများအတွက် အရေးပေါ်ကယ်ဆယ်မှုတွေ အမြန်ဆုံးပြုလုပ်နိုင်ဖို့ သိုလှောင်ရုံများကို ကြိုတင်ပြင်ဆင် ထားသည်ကိုလည်း ဩဂုတ်လ ၉ ရက်သတင်းများအရ သိရှိရပါတယ်။

ကမ္ဘာ့ကပ်ရောဂါကြောင့် ပြည်သူများရဲ့ ညှိုးနွမ်းနေတဲ့ စိတ်နှလုံးကို နိုင်ငံရေး အရောင်မဆိုးတဲ့ အနုပညာသက်သက်နဲ့ဖန်တီးပြီး အပန်းပြေစေဖို့၊ အသိအမြင်မှန်များရရှိစေဖို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂီတအဖွဲ့အစည်းမှ အနုပညာရှင်များနဲ့ ဩဂုတ်လ ၁၃ ရက်က တွေ့ဆုံခဲ့စဉ်ပြောကြားခဲ့ပါတယ်။ ထို့အတူ ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်အနုပညာရှင်များနှင့်လည်း ဩဂုတ်လ ဒုတိယအပတ်အတွင်း တွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံမှုတွေကနေ တိုင်းပြည်နဲ့လူမျိုး အကျိုးဆောင်ပေးမယ့် အနုပညာရှင်တွေအတွက် အားသစ်တစ်ရပ်ဖြစ်စေခဲ့ပါတယ်။

နိုင်ငံသားတွေရဲ့ လူမှုဘဝပြည့်စုံရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ မှတ်ပုံတင်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိတဲ့ ပန်းခင်းစီမံချက်ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေတာကိုလည်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရပါတယ်။ ပြည်သူတွေ သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ကြဖို့ မီဒီယာတွေကနေ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပညာပေးဖို့အတွက် ဖော်ဆောင်လျက်ရှိပြီး နယ်စပ်ဒေသများပါမကျန် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်နိုင်ဖို့ ကြိုးပမ်းနေတာကိုလည်း မြင်တွေ့ရပါတယ်။

အောင်ဘာလေသိန်းထီ ချစ်သူများအတွက် ဆုမဲအရေအတွက် ပိုမိုခွဲဝေပေးဖို့နဲ့ ထီဆုငွေတွေကို အဆင်ပြေစွာ ထုတ်ယူနိုင်ဖို့ ထီလက်မှတ်ရောင်းရငွေများရဲ့ ၇၀ ရာခိုင်နှုန်းကို ထီဆုပမာဏအဖြစ် တိုးမြှင့်ခွဲဝေပေးသွားမှာဖြစ်တယ်လို့ ပြည်တွင်းအခွန်များ ဦးစီးဌာနက ဩဂုတ်လ ၁၈ ရက်က ကြေညာခဲ့ပါတယ်။

ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းတွေ ပိုမိုတိုးချဲ့နိုင်စေရေးအတွက် တရုတ်နိုင်ငံက မှာယူခဲ့တဲ့ တွန်း/ဆွဲရေယာဉ်အသစ်နှစ်စင်း ဩဂုတ် ၁၈ ရက်က ရန်ကုန်မြို့သို့ ဆိုက်ကပ်ရောက်ရှိခဲ့ပါတယ်။ ဆင်မင်း ၁၊ ဆင်မင်း ၂ အဆိုပါ ရေယာဉ်တွေကို အသုံးပြုပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်သင်္ဘောကြီးတွေကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကနေ ဘေးကင်းလုံခြုံစွာ ဝန်ဆောင်မှုပေးနိုင်တော့မှာဖြစ်ပါတယ်။

*ဆက်လက်ဖော်ပြပါမည်*

- **မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှာပါဝင်တဲ့ မြန်မာနိုင်ငံရဲ့စီမံကိန်း ၂၂ ခုအတွက် တရုတ်နိုင်ငံက ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ သန်းကျော်ကို ဩဂုတ်လ ၁၀ ရက်က လွှဲပြောင်းပေးအပ်ခဲ့**
- **အာဆီယံမှ မြန်မာနိုင်ငံကို ပေးအပ်ဖို့ ရှိတဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီများနဲ့ ပတ်သက်ပြီး ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂနဲ့ နယူးဇီလန်နိုင်ငံများက ငွေကြေးအမေရိကန်ဒေါ်လာခုနစ်သိန်းနဲ့ ဩစတြေးလျဒေါ်လာ ၅ သန်း၊ ယူရို ၃၇၀၀၀၀ လှူဒါန်းကြဖို့ ကတိပြုထား**

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ အင်္ဂလိပ်စာမှာ သိသူနည်းသွားပြီဖြစ်တဲ့ အသုံးဝင်နေသေးတဲ့ လိင်အမျိုးအစား ခွဲခြားပုံတွေနဲ့ အသုံးများတဲ့ အထီး၊ အမလိင်အချို့ကို ဆက်လက်ဖော်ပြပေးလိုက်ပြီး ပိုမိုကျွမ်းကျင်စေရန် လေ့ကျင့်ခန်းများနဲ့ အားဖြည့်ပေးလိုက်ပါတယ်။ ဒါ့အပြင်စကားပြောခန်းမှာလည်း **“Shortest way to talk about requests-2”** ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ **Vocabulary** အခန်းမှာလည်း အဓိပ္ပာယ်ဆန့်ကျင်ဘက်စကားလုံးများကို မြန်မာလိုရှင်းလင်းချက်များနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကိုဗစ်-၁၉ ကာလမှာ ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

*(ယခင်အပတ်မှအဆက်)*

| | | |
|---|---|---|
| III. (1) | actor | actress |
| (2) | conductor | conductress |
| (3) | duke | duchess |
| (4) | emperor | empress |
| (5) | enchanter | enchantress |
| (6) | hunter | huntress |
| (7) | instructor | instructress |
| (8) | master | mistress |
| (9) | mayor | mayoress |
| (10) | murderer | murderess |
| (11) | Negro | Negress |
| (12) | ogre | ogress |
| (13) | peer | peeress |
| (14) | poet | poetess |
| (15) | prince | princess |
| (16) | tailor | tailoress |
| (17) | tiger | tigress |
| (18) | traitor | traitress |
| (19) | waiter | waitress |
| IV. (1) | billy-goat | nanny-goat |
| (2) | boy scout | girl guide |
| (3) | bridegroom | bride |
| (4) | brother-in-law | sister-in-law |
| (5) | cock-sparrow | hen-sparrow |
| (6) | father-in-law | mother-in-law |
| (7) | headmaster | headmistress |
| (8) | he-bear | she-bear |




| | | |
|---|---|---|
| (9) | he-goat | she-goat |
| (10) | jack-ass | she-ass |
| (11) | landlord | landlady |
| (12) | grandfather | grandmother |
| (13) | grandson | granddaughter |
| (14) | male-child | female-child |
| (15) | manservant | maidservant |
| (16) | milkman | milkmaid |
| (17) | peacock | peahen |
| (18) | postman | postwoman |
| (19) | postmaster | postmistress |
| (20) | son-in-law | daughter-in-law |
| (21) | step-father | step-mother |
| (22) | step-son | step-daughter |
| (23) | school-master | school-mistress |
| (24) | tom-cat | tabby-cat |
| (25) | washerman | washerwoman |

**Exercise (1)**

Arrange the following nouns under the correct headings. Follow the example.

actor, paper, watch, postman, milkmaid, wife, steward, heir, cow, prince, parent, clothes, finger, pupil, friend, spinster, niece, widower, driver, shirt, doctor, waitress, neighbour, mango.

| Masculine | Feminine | Common | Neuter |
|---|---|---|---|
| Boy | girl | baby | book |
| .......... | .......... | .......... | .......... |
| .......... | .......... | .......... | .......... |
| .......... | .......... | .......... | .......... |
| .......... | .......... | .......... | .......... |
| .......... | .......... | .......... | .......... |
| .......... | .......... | .......... | .......... |

**Exercise (2)** Rewrite the following sentences changing all masculine nouns into feminine.

e.g. My uncle thanked the host.
My aunt thanked the hostess.

1. The car instructor is a widower.
2. The priest prayed to the gods in the temple.
3. His papa is a steward.
4. Our landlord threats his step-son cruelly.
5. The emperor praised the hero.
6. The washerman's son is a waiter.
7. The wizard turned the prince into a drake.
8. His nephew is your husband's friend.
9. The hunter shot a tiger and a lion.
10. The bridegroom's father is a postman.

*(ဆက်လက်ဖော်ပြပါမည်)*

## VOCABULARY


| | | |
|---|---|---|
| advance (ချီတက်သည်) | ≠ | retreat (တပ်ခေါက်သည်) |
| alive (အသက်ရှင်လျက်ရှိသော) | ≠ | dead (အသက်မရှိတော့သော) |
| all (အားလုံး) | ≠ | none (ဘာမျှ (မ)) |
| ally (မဟာမိတ်) | ≠ | enemy (ရန်သူ) |
| amateur (အပျော်တမ်း) | ≠ | professional (ကျွမ်းကျင်ပညာရှင်) |
| ancestor (ဘိုးဘေးဘီဘင်) | ≠ | descendant (သားမြေးစဉ်ဆက်) |
| appear (ပေါ်လာသည်) | ≠ | vanish (ပျောက်ကွယ်သွားသည်) |
| arrive (ဆိုက်ရောက်သည်) | ≠ | depart (ထွက်ခွာသည်) |

## CONVERSATION



### Shortest way to talk about requests - 2

တစ်စုံတစ်ယောက်ကို တစ်ခုခုလုပ်စေချင်တဲ့အခါ ဘယ်လိုမျိုးပြောရမလဲဆိုတဲ့ အသုံးတွေကို ဒီတစ်ပတ်မှာ အပိုင်း (၂) အနေနဲ့ ဆက်လက် ဖော်ပြပေးလိုက်ပါတယ်။




***could I have ...?***
***do you think I could have ...?***
***can I have ...?***
***I'd like ...***
***have you got ...?***

၁။ အငြင်းဝါကျပုံစံနဲ့အနောက်မှာ အမေးနောက်ဆက်သုံးပြီး အရပ်သဘောဆန်ဆန်နဲ့ တစ်စုံတစ်ယောက်ကို တစ်ခုခုလုပ်ခိုင်းလို့ ရသလို တောင်းဆိုလို့လည်း ရပါတယ်။ ဥပမာ။

- You wouldn't give me a lift to the station, would you? The taxi I ordered hasn't turned up.
  Sure. Jump in.
- You wouldn't get me some tea when you're at the supermarket, would you?
  Yes. What kind would you like?

၂။ ယဉ်ယဉ်ကျေးကျေး တောင်းဆိုချင်ရင်တော့ would you kindly ...? ကိုသုံးနိုင်ပါတယ်။ ဥပမာ။

- Would you kindly raise your glasses and drink a toast to the bride and groom?
- Would you kindly wait here until the doctor is free to see you?

**ဘာသာစကားရှုထောင့်**

ဒေါသသံစွက်ပြီးတောင်းဆိုချင်တဲ့အခါမှာလည်း would you kindly ...? နဲ့သုံးနိုင်ပါတယ်။ ဥပမာ။

- Would you kindly move your car? It's blocking my driveway.
- Would you kindly leave now? You're disturbing the other patients.

၃။ အလွန်ယဉ်ကျေးတဲ့ဟန်နဲ့ စာရေးသား တောင်းဆိုတဲ့အခါမှာ I would be most grateful if you would ... ဆိုပြီးတောင်းဆိုနိုင်ပါတယ်။ ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ “မင်းသာ ..... ပေးမယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ အရမ်း ကျေးဇူးတင်မိမှာပဲ” ဥပမာ။

- I would be most grateful if you would deal with this request as soon as possible.

၄။ တစ်စုံတစ်ခုကို တောင်းဆိုလိုတဲ့အခါ ပုံမှန်ပြောလေ့ရှိတဲ့ ပုံစံကတော့ Could I have ...? ပဲဖြစ်ပါတယ်။ ပိုပြီးယဉ်ကျေးတဲ့ပုံစံ ဖြစ်ချင်ရင်တော့ please ကို ထည့်နိုင်ပါတယ်။ ဆိုလိုတာကတော့ ကျေးဇူးပြု၍ “ရနိုင်မလား” ပေါ့။ ဥပမာ။

- Could I have some water? I feel rather faint.
  Certainly. I'll just get some now.
- Could I have another piece of that delicious cake, please?
  Certainly. Help yourself.

**ဘာသာစကားရှုထောင့်**

have ရဲ့ရှေ့မှာ possibly ကို ထည့်သွင်းပြီး Could I possibly have ဆိုပြီး အသုံးပြုနိုင်ပါတယ်။ နည်းနည်းလေးတော့ ယဉ်ကျေးသယောင် ဖြစ်သွားပါတယ်။ ဥပမာ။

- Could I possibly have a cold drink? It's so hot.
  Certainly. I've just made a jug of lemonade.

၅။ Could I have နေရာမှာ နောက်တစ်မျိုး သုံးနိုင်တာကတော့ do you think I could have ...? ပဲဖြစ်ပါတယ်။ ပိုပြီးတော့ ယဉ်ယဉ်ကျေးကျေးလေး ပြောချင်ရင်တော့ please ဒါမှမဟုတ် possibly ကို ထည့်ပြီး သုံးနိုင်ပါတယ်။ ဥပမာ။

- Do you think I could have another glass of water? I'm very thirsty.
  Of course. I'll just get it for you.
- Do you think I could possibly have some tea? I don't really like coffee.
  I'm sorry, I don't have any.

**ဘာသာစကားရှုထောင့်**

တစ်ခါတစ်ရံမှာ do you think I could have အစား I wonder if I could (possibly) have ...? ဆိုတဲ့ပုံစံမျိုးလည်း ပြောနိုင်ပါတယ်။ ဥပမာ။

- I wonder if I could have another glass of wine.
  Certainly. Help yourself.
- I wonder if I could have some orange juice, please?
  I've only got apple juice, I'm afraid.

၆။ could I have ...? ကို သုံးခဲ့သလိုပဲ Can I have ...? ကိုလည်း သုံးနိုင်ပါတယ်။ ဥပမာ။

- Can I have some of that delicious-looking cake?
  Sure. I'll cut a slice for you.
- Can I have some more lemonade, please?
  Of course. I'll pour you some.

**Collect the children**

**Meg:** *I wonder if you could possibly* collect the children from nursery for me today, Mum. I've got an important meeting at work.

**Mum:** Certainly, Meg. *Could you* tell the teacher I'll be there instead of you?

**Meg:** Of course. *Do you think you could* be there in plenty of time? The children get anxious if they have to wait.

**Mum:** Yes, of course. You know me! I'm always early. *Will you* collect the children from my house about six o'clock.

**Meg:** I'll do that, thanks, Mum.

**Mum:** *You wouldn't* give me a lift home now, would you?

**Meg:** Sure, Mum!

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# အာဖဂန်နစ္စတန်တွင် အစားအစာလုံလောက်စွာမရသူ ၉၃ ရာခိုင်နှုန်းရှိဟု ကုလပြော

ကဘူးလ် စက်တင်ဘာ ၁၂

**အာဖဂန်နစ္စတန်မှပြည်သူများကို အကူအညီများတိုး၍ ပေးကြရန် ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းထံ တိုက်တွန်းခဲ့သည်။ ဩဂုတ်လလယ်အတွင်း တာလီဘန်များနိုင်ငံကို ထိန်းချုပ်ပြီးနောက် အာဖဂန်နစ္စတန်ရှိ လူဦးရေ၏ ၉၃ ရာခိုင်နှုန်းမှာ အစားအစာလုံလောက်စွာမရဟု ပြောကြားခဲ့သည်။**



ကဘူးလ်မြို့တွင် တဲထိုးနေကြသည့် ရွှေ့ပြောင်းနေထိုင်ကြသူများကို တွေ့ရစဉ်။

ဘဏ်များဆက်လက်ပိတ်ထားခြင်းနှင့် အလုပ်အကိုင်များ ဆုံးရှုံးမှုတို့ကြောင့် အာဖဂန်အများစုမှာ ဝင်ငွေမရဘဲဖြစ်နေကြသည်။ ၎င်းတို့၏ အခြေအနေမှာဆိုးရွားနေပြီး အစားအစာပြတ်တောက်ခြင်းနှင့် ကုန်ဈေးနှုန်းများကြီးမြင့်ခြင်းတို့ဖြစ်ပေါ်လာသည်။

မြို့တော်ကဘူးလ်တွင် နိုင်ငံအနှံ့အပြားမှ ရွှေ့ပြောင်းနေထိုင်သူများမှာ ပန်းခြံများနှင့် အခြားသော နေရာများတွင် တဲထိုးကာ နေထိုင်ကြလျက်ရှိသည်။ ၎င်းတို့ထဲမှ အများစုမှာ အလှူရှင်များ လှူဒါန်းသည့် အစားအသောက်ပေါ်တွင် မှီခိုနေရသည်။

အမျိုးသမီးတစ်ဦးကမူ ၎င်း၏ကလေးများမှာ ဆာလောင်နေပြီး ပေါင်မုန့်တစ်ကိုက်စာအတွက်ပင် ရန်ဖြစ်နေရသည်ဟု ပြောသည်။

၎င်းမှာ နိုင်ငံမြောက်ပိုင်းပြည်နယ်မှ ကဘူးလ်မြို့သို့ ပြောင်းရွှေ့လာခြင်းဖြစ်ပြီး လွန်ခဲ့သည့် နှစ်လခွဲခန့်မတိုင်မီကပင် တိုက်ပွဲများကြောင့် ၎င်း၏နေအိမ်မှာ ပျက်စီးသွားခဲ့ရသည်။

ယခုအခါ ၎င်းမှာ ကလေးခုနစ်ယောက်နှင့် ဒုက္ခရောက်လျက်ရှိသည်။ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်သည် အောက်တိုဘာလအတွင်း အာဖဂန်၌ အစားအသောက်ပြတ်လပ်မှုမှ ရှောင်လွှဲနိုင်ရေး အကူအညီပေးကြရန် စက်တင်ဘာ ၁၁ ရက်တွင် ပြုလုပ်သည့် အွန်လိုင်းအစည်းအဝေးတွင် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ အာရှပစိဖိတ်ဆိုင်ရာ ဒေသတွင်း ညွှန်ကြားရေးမှူး အန်သီယာဝက်ဘ်က တောင်းခံ ခဲ့သည်။

အင်န်အိတ်ချ်ကေ

# အီရန်နျူကလီးယားအေဂျင်စီခေါင်းဆောင်နှင့် အိုင်အေအီးအေအကြီးအကဲတို့ တွေ့ဆုံဆွေးနွေး

**တီဟီရန် စက်တင်ဘာ ၁၂**

အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) မှ အကြီးအကဲသည် အီရန်နိုင်ငံမှ အဏုမြူစွမ်းအင်အဖွဲ့အစည်းခေါင်းဆောင်အသစ်နှင့် ယနေ့တွင် ဆွေးနွေးမှုပြုလုပ်သွားမည်ဟု သိရသည်။

အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီမှ အကြီးအကဲဖြစ်သူ ရာဖယ် ဂရော့စီသည် အီရန်နိုင်ငံသို့ ယနေ့ရောက်ရှိမည်ဖြစ်သည်။ ယင်းနေ့တွင်ပင် အီရန်နိုင်ငံမှ အဏုမြူစွမ်းအင် အဖွဲ့အစည်းခေါင်းဆောင် မိုဟာမက်အက်စလာမီနှင့် တွေ့ဆုံမည်ဖြစ်သည်။ အီရန်နိုင်ငံတွင် သမ္မတသစ် အီဘရာဟင်ရိုင်စီ စတင်တာဝန်ထမ်းဆောင်သည့် အချိန်မှစတင်ကာ ဂရော့စီသည် ပထမဆုံးအကြိမ်အဖြစ် အီရန်နိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၁၃ ရက်တွင် ပြုလုပ်မည့် အိုင်အေအီးအေ၏ ပုံမှန်အစည်းအဝေးမတိုင်မီ ၎င်းတို့နှစ်ဦး တွေ့ဆုံမှုပြုလုပ်မည်ဖြစ်သည်။



အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီမှ အကြီးအကဲ ရာဖယ် ဂရော့စီ။

စက်တင်ဘာ ၁၄ ရက်တွင် အီရန်နျူကလီးယားအစီအစဉ်အပေါ် အစီရင်ခံစာကို ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်သည်။

အီရန်နိုင်ငံသည် ယူရေနီယံသန့်စင်မှုပမာဏကို ၆၀ ရာခိုင်နှုန်းအထိ ပြုလုပ်နေပြီး ယင်းအဆင့်မှာ ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီမှုတွင် ကန့်သတ်ထားသည် ထက်ပို၍ ကျော်လွန်နေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၅၀၀၁ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ စက်တင်ဘာ ၁၂**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ် –၁၉ ကူးစက်ခံရသူ ၅၀၀၁ ဦး တွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၄၁၆၃၇၃၂ ဦး ရှိပြီး သေဆုံးသူမှာလည်း ၂၇၀ တိုးလာသည့်အတွက် သေဆုံးသူ စုစုပေါင်းမှာလည်း ၁၃၈၇၀၁ ဦးရှိသည်ဟု စက်တင်ဘာ ၁၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဆေးရုံမှ ဆင်းသွားသူအရေအတွက်မှာ ၇၅၈၆ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ စုစုပေါင်းမှာလည်း ၃၉၀၉၃၅၂ ဦး ရှိသည်။ စက်တင်ဘာ ၁၁ ရက်တွင်ပင် အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံထုတ် ဆီနိုဗက် ကိုဗစ်– ၁၉ ကာကွယ်ဆေးကို ကိုဗက်အစီအစဉ်မှတစ်ဆင့် ရရှိခဲ့သည်။

အင်ဒိုနီးရှားအစိုးရသည် ပြီးခဲ့သည့်ဒီဇင်ဘာလမှစတင်ကာ ကိုဗစ်– ၁၉ ကာကွယ်ဆေး ၂၃၂ သန်းကျော်ကို လက်ခံရရှိခဲ့ပြီးဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒန်တီ ဆပ်ဆိုနို ဟာဘူဝိုနိုက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဆင်ဟွာ

# မလေးရှား၌ ကိုဗစ် –၁၉ ကြောင့် သေဆုံးသူ စံချိန်တင်မြင့်မား

**ကွာလာလမ်ပူ စက်တင်ဘာ ၁၂**

မလေးရှားနိုင်ငံတွင် စက်တင်ဘာ ၁၁ ရက် ညပိုင်းတွင် ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ တစ်ရက်အတွင်း ၅၉၂ ဦး ရှိခဲ့သည်။ သေဆုံးသူစုစုပေါင်းမှာ ၂၀၄၁၉ ဦး ရှိလာခဲ့သည်ဟု ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း နောက်ထပ် ကူးစက်မှုပေါင်း ၁၉၅၅၀ ရှိပြီး ပြည်ပမှ ကူးစက်လာသူ ခုနစ်ဦးရှိသည်။ စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၁၉၆၀၅၀၀ ရှိသည်ဟု ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။





ကွာလာလမ်ပူလမ်းမထက်တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

ပြန်လည်ကျန်းမာပြီးနောက် ဆေးရုံမှဆင်းသွားသူ အရေအတွက်မှာလည်း ၂၁၇၇၁ ဦး ရှိသည်။ လက်ရှိတွင် ရောဂါခံစားရသူဦးရေ ၂၃၉၃၅၁ ဦးရှိပြီး ၁၂၇၂ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှု ခံယူနေရသည်။ ၎င်းတို့ထဲမှ ၇၂၄ ဦး မှာ အသက်ရှူအထောက်ကူပြု ကိရိယာ အသုံးပြုနေရသည်။ စက်တင်ဘာ ၁၁ ရက် တစ်ရက်တည်းတွင်ပင် ကာကွယ်ဆေး အလုံးရေ ၂၅၈၉၂၉ ထိုးပေးနိုင်ခဲ့သည်။

ယခုအချိန်အထိ ပထမအကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၆၅ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး နှစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၅၂ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။

ဆင်ဟွာ

# တရုတ်နိုင်ငံထုတ် ဆီနိုဖမ်းကာကွယ်ဆေးများ ဘင်္ဂလားဒေ့ရှ်နိုင်ငံ လက်ခံရရှိ

**ဒါကာ စက်တင်ဘာ ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စက်တင်ဘာ ၁၁ ရက်တွင် တရုတ်နိုင်ငံထုတ် ဆီနိုဖမ်းကာကွယ်ဆေးများ လက်ခံရရှိခဲ့သည်ဟု သိရသည်။

ဘိုင်မန် ဘင်္ဂလားဒေ့ရှ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဆီနိုဖမ်းကာကွယ်ဆေးများကို သယ်ဆောင်လာပြီး စက်တင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ဟတ်ဇရက်ရှာဂျလယ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးဖြစ်သူ ရှမ်ဆူဟတ်က ပြောသည်။

ဒါကာမြို့တွင် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လုပ်ကိုင်လျက်ရှိပြီး ကာကွယ်ဆေးများ ဆက်လက်ထောက်ပံ့ပေးသည့်အတွက်လည်း တရုတ်နိုင်ငံကို ကျေးဇူးတင်ကြောင်းပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းများကို ဇန်နဝါရီလအတွင်းမှစတင်ကာ လုပ်ဆောင်ခဲ့ပြီး ကိုဗစ် –၁၉ ကူးစက်မှုများမှာ တစ်နိုင်ငံလုံး ပျံ့နှံ့လျက်ရှိသည်။

ဆင်ဟွာ

# ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံမှုများ ပြုလုပ်နေသော်လည်း ကူးစက်ခံရသူရှစ်သန်းကျော်ရှိလာတဲ့ အာဖရိက

နှင်းမိုးအိမ်

**စက်တင်ဘာ ၁၁ ရက်မွန်းလွဲပိုင်းအထိ အာဖရိကတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူပေါင်း ရှစ်သန်းကျော် (၈၀၀၈၈၀၂)ဦးအထိ ရှိလာသည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာရှိ စာရင်းဇယားများတွင် ဖော်ပြသည်။ အာဖရိကတစ်လွှား ကိုဗစ်–၁၉ ကြောင့် သေဆုံးသူစုစုပေါင်းမှာ ၂၀၂၅၃၄ ဦး ရှိပြီး ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာမူ ၇၂၈၀၈၃၈ ဦးရှိသည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။**



ကင်ညာနိုင်ငံတွင် အမျိုးသမီးတစ်ဦးကို ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

### ထိခိုက်ခံစားရသည့် နိုင်ငံများ

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံတို့မှ အာဖရိကတွင် ကိုဗစ် –၁၉ ဆိုးဆိုးရွားရွား ထိခိုက်ခံစားရသည့်နိုင်ငံများ ဖြစ်သည်။ ဩဂုတ် ၃၀ မှ စက်တင်ဘာ ၅ ရက်အတွင်း ကိုဗစ်–၁၉ လူနာပေါင်း ၁၄၇၆၆၉၃ ဦးကို ဆေးစစ်ပေးနိုင်ခဲ့သည်။ တောင်အာဖရိကနိုင်ငံသည် အာဖရိကတွင် ကိုဗစ် –၁၉ ကူးစက်မှု အများဆုံးနိုင်ငံဖြစ်ပြီး ကူးစက်ခံရမှုပေါင်း ၂၈၄၈၉၂၅ ဦးရှိသည်။ အာဖရိကမြောက်ပိုင်း မော်ရိုကိုနိုင်ငံတွင် စက်တင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းအထိ ၈၉၉၅၈၁ ဦးရှိသည်။

### ကာကွယ်ဆေးထိုးပေး

အာဖရိကတွင် ကပ်ရောဂါကြောင့် ကြီးမားသည့် သက်ရောက်မှုဖြစ်ပေါ်ပြီး အဖွဲ့ဝင် ၅၃ နိုင်ငံသည် ကိုဗစ်– ၁၉ ကာကွယ်ဆေး ၁၄၅ ဒသမ ၄ သန်း ရရှိအောင် ကြိုးပမ်းခဲ့ကြသည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။ ကိုဗစ်– ၁၉ ကာကွယ်ဆေးအလုံးရေ ၁၄၅ ဒသမ ၄ သန်းအနက် အလုံးရေ ၁၁၁ ဒသမ ၃ သန်းကို ထိုးနှံပေးခဲ့ပြီးဖြစ်သည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။ မော်ရိုကို၊ တောင်အာဖရိက၊ အီဂျစ်၊ တူနီးရှားနှင့် ဇင်ဘာဘွေနိုင်ငံတို့သည် ကိုဗစ် –၁၉ ကာကွယ်ဆေးကို အများဆုံး ရယူခဲ့ပြီး ၎င်းတို့၏ လူဦးရေအချိုးအစားအတိုင်း ကာကွယ်ဆေးထိုးပေးခဲ့သည်။

### ကူးစက်မှုအနည်းဆုံးဖြစ်

အာဖရိက မြောက်ပိုင်းဒေသရှိ မော်ရိုကိုတွင် ကိုဗစ် –၁၉ ကာကွယ်ဆေး အလုံးရေ ၃၅ ဒသမ ၅ သန်းကို ထိုးနှံပေးနိုင်ခဲ့ပြီး လူဦးရေစုစုပေါင်း၏ ၄၄ ဒသမ ၃၄ သန်းကို ထိုးနှံပေးခဲ့ပြီးဖြစ်သည်။ နေ့စဉ်ကူးစက်မှုများအရ တောင်အာဖရိကနိုင်ငံသည် ကူးစက်မှုအများဆုံးဒေသဖြစ်သည်။ ယင်းနောက်တွင် အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့တွင် ကူးစက်မှုအများဆုံးဖြစ်သည်။ ဗဟိုအာဖရိကတွင်မူ ကူးစက်မှု အနည်းဆုံးဖြစ်သည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။ အာဖရိကနိုင်ငံပေါင်း ၅၃ နိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ် –၁၉ ဆေးစစ်မှုပေါင်း ၆၈၂၁၃၈၉၆ ပြုလုပ်ပေးခဲ့ပြီးဖြစ်သည်။

### လျော့နည်းနေသေး

ဗီဇပြောင်းဒယ်လ်တာ ဗိုင်းရပ်စ်ကူးစက်မှုမှာ အာဖရိကတွင် ခြိမ်းခြောက်မှု ဖြစ်လာသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မကြာသေးမီက သတိပေးပြောကြားခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပြောကြားချက်အရ အာဖရိက၌ အပတ်စဉ် ကိုဗစ်– ၁၉ ကူးစက်မှုမှာ ၂၀ ရာခိုင်နှုန်းကျော် လျော့ကျလာပြီး ကိုဗစ် –၁၉ ကပ်ရောဂါသည် အရှိန်လျော့ကျလာသည်ဟု သိရသည်။ သို့သော်လည်း ယခင်လှိုင်းများအတွင်းကူးစက်မှုများ လျော့ကျလာမှုနှင့်နှိုင်းယှဉ်လျှင်မူ လျော့နည်းနေသေးသည်။

### ဒယ်လ်တာကြောင့်ကူးစက်မှုမြင့်

ကိုဗစ် –၁၉ ကူးစက်မှုများလျော့နည်းနေသော်လည်း လက်ရှိလျော့ကျလာသည့်ပမာဏမှာ စိတ်ကျေနပ်စရာကောင်းသည့်ပမာဏတော့ မဟုတ်ပေ။ ဗီဇပြောင်းဒယ်လ်တာ ဗိုင်းရပ်စ်မှာ ကူးစက်မှုအလွန် လျင်မြန်သည့်အတွက်ကြောင့်လည်း ကူးစက်မှုနှုန်းလျော့ကျခြင်းမှာ ထင်သလောက် မရှိခဲ့ခြင်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အာဖရိကဆိုင်ရာဒေသတွင်း ညွှန်ကြားရေးမှူး မတ်ရှီဒီဆိုမိုတီက ပြောသည်။ လက်ရှိ ကိုဗစ်– ၁၉ တတိယလှိုင်းနှင့် ကြုံတွေ့နေရသည့် နိုင်ငံအချို့မှာ ဒယ်လ်တာဗိုင်းရပ်စ်ကြောင့် ကူးစက်မှုနှုန်းမြင့်မားနေရခြင်းဖြစ်သည်။

### ဆန့်ကျင်မှုများဖြစ်

အာဖရိကနိုင်ငံပေါင်း ၃၁ နိုင်ငံတွင် ဒယ်လ်တာဗိုင်းရပ်စ်ကူးစက်မှု ရှိနေပြီဖြစ်သည်။ ဗီဇပြောင်း ဘီတာနှင့် အယ်လ်ဖာတို့ကိုလည်း တွေ့ရှိရသည်။ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်၍လည်း တောင်အာဖရိကတွင်သတင်းမှားများ ပျံ့နှံ့မှုများကြောင့် ဆန့်ကျင်မှုများ ဖြစ်ပေါ်ခဲ့သည်။ ကိုဗစ်– ၁၉ ကာကွယ်ဆေးများကို မည်သည့် တရားဝင်အဖွဲ့အစည်းကမှ ထောက်ခံပေးမထားကြောင်း၊ လုံခြုံစိတ်ချရမှုမရှိသဖြင့် ထောက်ခံချက် မပေးခြင်းဖြစ်ကြောင်း အမျိုးသမီးတစ်ဦးက ဆန့်ကျင်ကန့်ကွက်ရင်း အက်စ်အေဘီစီနှင့်အင်တာဗျူးတွင် ပြောခဲ့သည်။

### ပူးပေါင်းဆန္ဒပြ

ထို့ပြင် ၎င်းသည် ကာကွယ်ဆေးများမှာ လူများကိုမြုံစေသည်ဟုလည်း စွပ်စွဲပြောဆိုခဲ့ကာ ကလေးများမှာလည်း ကိုဗစ်– ၁၉ ကြောင့် မသေနိုင်ဟု စွပ်စွဲပြောဆိုခဲ့သည်။ ထို့ပြင် ပီစီအာ ဆေးစစ်မှုမှာလည်း လိမ်ညာမှုသာ ဖြစ်သည်ဟု ပြောသည်။ အဆိုပါအမျိုးသမီးမှာ ကိတ်ပ်တောင်းမြို့ ဆေးရုံအပြင်ဘက်တွင် ဆန့်ကျင်ကန့်ကွက် ဆန္ဒပြသူများနှင့် အတူပူးပေါင်းဆန္ဒပြခဲ့သည်။ တောင်အာဖရိကမှာ ကိုဗစ်– ၁၉ ကူးစက်မှုဒဏ်ကို ဆိုးဆိုးရွားရွား ခံစားနေရသည့် နိုင်ငံလည်းဖြစ်သည်။

### ကာကွယ်ဆေး၏ လုံခြုံစိတ်ချရမှု

ကာကွယ်ဆေးကို ဆန့်ကျင်နေသူများပြောသကဲ့သို့ တောင်အာဖရိကတွင် ထိုးပေးနေသည့် ကာကွယ်ဆေးများမှာ စမ်းသပ်ဆဲဆေးများ မဟုတ်ပေ။ ယခုအချိန်အထိ အက်စထရာဇနီကာ၊ ဖိုက်ဇာနှင့် Johnson & Johnson ကာကွယ်ဆေးများကို တောင်အာဖရိကသမ္မတ စီရယ်ရမ်မာဖိုဆာ ကိုယ်တိုင်ခွင့်ပြုချက် ပေးထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း အဆိုပါကာကွယ်ဆေးသုံးမျိုး၏ လုံခြုံစိတ်ချရမှုကို တင်းတင်းကျပ်ကျပ် စစ်ဆေးထားကြောင်း ပြောသည်။ ကိုဗစ်– ၁၉ ကာကွယ်ဆေးများမှာ အရေးပေါ်သုံးစွဲခွင့်အတွက် ခွင့်ပြုပေးထားသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သေချာစစ်ဆေးထားပြီး ပြင်းထန်စွာ ဖျားနာခြင်းနှင့် သေဆုံးမှုတို့ကို အကာအကွယ်ပေးကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်ဟု ကုလသမဂ္ဂ ကျန်းမာရေးအေဂျင်စီက ပြောသည်။

### ရပ်နားခဲ့ရ

အက်စထရာဇနီကာ ကာကွယ်ဆေးနှင့်ပတ်သက်၍ ဥရောပနိုင်ငံများတွင် ကျန်းမာရေး ပြဿနာအချို့ကြောင့် သုံးစွဲမှုရပ်နားခဲ့ရသည်။ သွေးခဲမှုပြဿနာကြောင့် ရပ်နားခဲ့ရခြင်းဖြစ်သည်။ သွေးခဲမှုဖြစ်စဉ်မှာ ရှားပါးသည့် ဘေးထွက်ဆိုးကျိုးပြဿနာဟု မှတ်တမ်းတင်ထားရန် ဥရောပ ဆေးအေဂျင်စီက အကြံပြုခဲ့သည်။ ကိုဗစ်– ၁၉ ကာကွယ်ဆေးကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးထက်ကောင်းကျိုးက ပို၍အလေးသာသည်ဟု ပြောကြားခဲ့သည်။ အက်စထရာဇနီကာကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အရေးပေါ် သုံးစွဲခွင့်အတွက် ခွင့်ပြုပေးခဲ့ပြီး တစ်ကမ္ဘာလုံးအနှံ့ နိုင်ငံပေါင်း ၁၄၂ နိုင်ငံတွင် ထိုးနှံပေးလျက်ရှိသည်ဟု သိရသည်။

**ကိုးကား– ဆင်ဟွာ၊ အေအက်ဖ်ပီ**

- **အာဖရိကနိုင်ငံပေါင်း ၃၁ နိုင်ငံတွင် ဒယ်လ်တာဗိုင်းရပ်စ်ကူးစက်မှု ရှိနေပြီဖြစ်သည်။ ဗီဇပြောင်း ဘီတာနှင့် အယ်လ်ဖာတို့ကိုလည်း တွေ့ရှိရသည်။ ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်၍လည်း တောင်အာဖရိကတွင် သတင်းမှားများ ပျံ့နှံ့မှုများကြောင့် ဆန့်ကျင်မှုများဖြစ်ပေါ်**
- **ကိုဗစ်- ၁၉ ကာကွယ်ဆေးများမှာ အရေးပေါ်သုံးစွဲခွင့်အတွက် ခွင့်ပြုပေးထားသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သေချာစစ်ဆေးထားပြီး ပြင်းထန်စွာဖျားနာခြင်းနှင့် သေဆုံးမှုတို့ကို အကာအကွယ်ပေးကြောင်း သက်သေပြခဲ့ပြီးဖြစ်**

## စက်တင်ဘာ ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၉၅၃ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၇၉ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၆၅၃၀ ရှိ

**(၁၂-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက် အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့်နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၁-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၂-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၁,၂၃၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၉၅၃) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၅၄,၆၀၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၃၁,၈၃၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၂၀၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၈၀,၄၇၄)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇၉) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၅၃၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၁-၉-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၄,၉၄၄,၆၅၄) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၃,၂၃၉,၇၆၄) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၁,၇၀၄,၈၉၀) ဦး ရှိပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၁၁-၉-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၈,၁၈၄,၄၁၈) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၂-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၄၉၃)ခု | (၉၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၉)ခု | (၅)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၃၆)ခု | (၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀၇)ခု | (၅)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၆၁)ခု | (၂၆)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၄၃)ခု | (၂၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၄၀)ခု | (၂၂၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၃၂၁)ခု | (၁,၅၇၅)ဦး |
| စုစုပေါင်း | (၂၁,၂၃၀)ခု | (၁,၉၅၃)ဦး |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၁၁-၉-၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေ | (၁,၇၀၄,၈၉၀)ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့်ထိုးနှံပြီးလူဦးရေ | (၃,၂၃၉,၇၆၄)ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် (၂)ကြိမ်အပြည့်ထိုးနှံပြီးလူဦးရေစုစုပေါင်း | (၄,၉၄၄,၆၅၄)ဦး |
| စုစုပေါင်းထိုးနှံပြီးသော ကာကွယ်ဆေးအကြိမ်ပေါင်း (Vaccine Doses) | (၈,၁၈၄,၄၁၈) ကြိမ် |

- **ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။**
- **ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

**ကျန်းမာရေးဝန်ကြီးဌာန**

# နမ့်ခမ်းမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံ၌ ပြည်သူများ အသုံးပြုရန် အောက်ဆီဂျင်စက် တပ်ဆင်တည်ဆောက်



**နမ့်ခမ်း စက်တင်ဘာ ၁၂**

မူဆယ်ခရိုင် နမ့်ခမ်းမြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ် ထိန်းချုပ် ကုသနိုင်ရေးအတွက် လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်စက်ကို ယနေ့ နံနက်ပိုင်းက နမ့်ခမ်းမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စတင်တပ်ဆင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(ဓါတ်ပုံ)**

နမ့်ခမ်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ် ထိန်းချုပ် ကုသနိုင်ရေးအတွက် အတည်ပြုလူနာများနှင့် ပြည်သူများက လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်ကို လွယ်ကူစွာရရှိနိုင်ရေးအတွက် နမ့်ခမ်းဇာတိဖွား မန္တလေးမြို့တွင် နေထိုင်သည့် ဦးသိန်းမြင့်၊ ဦးမြင့်ရှိန်နှင့် ဦးစံတင် မိသားစုတို့က စုပေါင်းပြီး နမ့်ခမ်းမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံတွင် အောက်ဆီဂျင်စက် လှူဒါန်းပေးရာ အောက်ဆီဂျင်စက် ထားရှိရန် အဆောက်အအုံ ဆောက်လုပ်ခြင်း၊ စက်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် Trans-former တပ်ဆင်ခြင်းနှင့် မီးလိုင်းများ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ယခင်က နမ့်ခမ်းပြည်သူ့ဆေးရုံးတွင် အတည်ပြုလူနာများနှင့် ပြည်သူများ အသုံးပြုရန် အောက်ဆီဂျင်ကို နမ့်ခမ်းမြို့ (၁၅) မိုင်ခန့်ဝေးသည့် မူဆယ်မြို့ရှိ စယ်လန့်ကျေးရွာသို့ တာဝန်ရှိသူများက တစ်ရက်လျှင် နှစ်ကြိမ် သွားရောက်သယ်ယူဖြည့်တင်းလျက်ရှိရာ ယခုတွင် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ အောက်ဆီဂျင်စက် တပ်ဆင်ပြီးပါက လိုအပ်သည့် အောက်ဆီဂျင်ကို လွယ်ကူလုံလောက်စွာ ရရှိနိုင်မည်ဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း အောက်ဆီဂျင်စက်ကြီးကို လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဘဦး(နမ့်ခမ်း)**

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး များများထိုးနှံလေ မျိုးဗီဇကွဲတွေဖြစ်ပွားဖို့ တားဆီးနိုင်လေ ဖြစ်ပါတယ်

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်

ထက်လျှံ

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စက်တင်ဘာ ၁၁ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး ။ ။** ကိုဗစ် – ၁၉ ဗီဇပြောင်းမျိုးကွဲ ‘ဒယ်လ်တာ’ ဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကိုဗစ်–၁၉ နဲ့ပတ်သက်ပြီး မျိုးဗီဇစစ်ဆေးမှုတွေ ဘာကြောင့်လုပ်ဆောင်ဖို့ လိုအပ်သလဲဆိုတာ ပြောကြားပေးပါဦး။



ရန်ကုန်မြို့ရှိ စက်ရုံ၊ အလုပ်ရုံများနှင့် ဈေးဝယ်စင်တာများမှ ဝန်ထမ်းများအား Sinopharm အမျိုးအစား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။ ဓာတ်ပုံ – နိုင်လင်းအောင်(ပြန်/ဆက်)

**ဒေါက်တာခင်ခင်ကြီး ။ ။** မျိုးဗီဇစစ်ဆေးမှုတွေဟာ ကိုဗစ် –၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးမှာ အလွန်အရေးပါပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက Genetic Sequence လို့ခေါ်တဲ့ မျိုးဗီဇစစ်ဆေးမှုနဲ့ ပတ်သက်ပြီး ရလဒ်ထုတ်ပြန်တာ ရှိပါတယ်။ ဒီထုတ်ပြန်ထားတဲ့ရလဒ်နဲ့ စပ်လျဉ်းပြီး မရှင်းလင်းတဲ့ အကြောင်းအရာတွေကို ‘ဒယ်လ်တာ’ နဲ့ပတ်သက်ပြီး သိကောင်းစရာများ ခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကပ်ရောဂါလို ရောဂါတစ်ခုဖြစ်ရင် ဗိုင်းရပ်စ်ကို လိုအပ်တဲ့စစ်ဆေးမှုတွေ မလုပ်ဘဲနေလို့ မရပါဘူး။ စစ်ဆေးမှုနဲ့ တိုင်းတာမှုတွေ လုပ်နိုင်မှသာ ဘယ်နေရာပြုပြင်ရမလဲ၊ ဘယ်နေရာကို အကောင်းဆုံးဖြစ်အောင် လုပ်ရမလဲဆိုတာ သိနိုင်မှာဖြစ်ပါတယ်။ ဒါက မျိုးရိုးဗီဇစစ်ဆေးခြင်းကို လုပ်ဆောင်သင့်တဲ့အချက် တစ်ချက်ဖြစ်ပါတယ်။ လက်ရှိ ကမ္ဘာ့ကပ်ရောဂါကို တုံ့ပြန်တဲ့အခါ ဗိုင်းရပ်စ်က ဘယ်လောက်အထိ မြန်မြန်ဆန်ဆန်ကူးစက်နိုင်သလဲဆိုတာ သိဖို့လိုပါတယ်။ ဒ့ါအပြင် တစ်ဦးနဲ့ တစ်ဦး ဘယ်လို ကူးစက်သွားတာလဲ၊ ရောဂါကူးစက်မှုကို ရပ်တန့်အောင်၊ နှေးအောင် လုပ်နိုင်တဲ့ နည်းလမ်းတွေ၊ ဗိုင်းရပ်စ်ကို ဘယ်လိုနိုင်အောင် လုပ်ရမလဲ ဒါတွေသိမှ ကမ္ဘာ့ကပ်ရောဂါကို တုံ့ပြန်နိုင်မှာ ဖြစ်ပါတယ်။

သာမန် ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးတဲ့အခါ ရောဂါလက္ခဏာ မရှိတဲ့သူ၊ သံသယလက္ခဏာ ရှိနေသူ၊ ပိုးတွေ့လူနာနဲ့ထိတွေ့သူတွေကို ရောဂါရှိ/ မရှိ စစ်ဆေးတာက Diagnostic Test လို့ခေါ်ပါတယ်။ Genomic Sequence ဆိုတာက လူတစ်ဦးမှာ ကူးစက်နေတဲ့ ရောဂါပိုးသည် ဘယ်လိုမျိုးရိုး ဗီဇလဲဆိုတာ သိနိုင်ဖို့အတွက် ပိုးတွေ့သူရဲ့ ဓာတ်ခွဲနမူနာကို စစ်ဆေးတာ ဖြစ်ပါတယ်။ ဒီလိုပိုးတွေ့ဓာတ်ခွဲနမူနာတွေကိုစစ်တဲ့အခါ ဗိုင်းရပ်စ်ပါဝင်တဲ့ မျိုးရိုးဗီဇဖွဲ့စည်း တည်ဆောက်မှု ပုံစံတွေနဲ့ ကိုက်ညီမှု ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးရပါတယ်။ ဗိုင်းရပ်စ်နဲ့ပတ်သက်တဲ့ အချက်အလက်ပေါင်းစုံကို Genome Sequence လို့ ခေါ်ပါတယ်။ ဒီလိုလုပ်ဆောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက် ၂ ချက်ရှိပါတယ်။ နံပါတ်တစ် လက်ရှိရှိနေတဲ့ ဗိုင်းရပ်စ်က Mutation ကနေ အောင်မြင်တဲ့ Variants အဖြစ်ပြောင်းလဲတဲ့အခါ ဒီ Variants က ဘယ်လိုမျိုးလဲဆိုတာ ကြည့်ပါတယ်။ နံပါတ်နှစ် လူတစ်ဦးကနေ တစ်ဦးကို Variants က ဘယ်လိုပုံစံမျိုးနဲ့ ကူးစက်လဲဆိုတာ ကြည့်ပါတယ်။

ကိုဗစ် – ၁၉ က တစ်ချိန်လုံး ပြောင်းလဲနေတဲ့အတွက် သူ့ကိုအမီလိုက်ဖို့လိုတဲ့အခါ သူဘယ်လိုပြောင်းလဲနေလဲဆိုတာ သိဖို့လိုအပ်ပါတယ်။ ဒါမှ ကိုဗစ် – ၁၉ ရဲ့ ပြောင်းလဲမှုတွေကိုသိရှိပြီး အမြန်ဆုံး ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုမျိုး ဆောင်ရွက်တာတွေကို မျိုးရိုးဗီဇစောင့်ကြည့်ခြင်း (Genomic Surveillance) လို့ခေါ်ပါတယ်။

ယခင်က Genomic Surveillance ကို ကမ္ဘာ့ကပ်ရောဂါမဖြစ်ခင်က လူနာတွေကို ကုသတဲ့အခါ ပိုးသတ်ဆေးသည် ရောဂါနဲ့ကိုက်ညီမှု ရှိ/မရှိ၊ ဒီပိုးသတ်ဆေးပေးရင် ရောဂါပိုးကို နိုင်/မနိုင် သိနိုင်ဖို့အတွက် သုံးပါတယ်။ နောက်တစ်ချက်က အစုအလိုက်အပြုံလိုက် အစာအဆိပ်သင့်ခြင်း အပါအဝင် လူအများနဲ့ သက်ဆိုင်တဲ့ ကျန်းမာရေးဆိုင်ရာ ဖြစ်ရပ်တစ်ခုခု ဖြစ်ပေါ်လာရင် ဒါတွေကို စုံစမ်းစစ်ဆေးတဲ့အခါ Genomic Surveillance ကို အသုံးပြုပါတယ်။ တုပ်ကွေးဗိုင်းရပ်စ်ရဲ့ ရာသီအလိုက်၊ နှစ်အလိုက်ပျံ့နှံ့နေတဲ့ သူရဲ့ Strains ကို သိချင်တဲ့အခါ သုံးပါတယ်။ ဒါမှသာ နှစ်အလိုက် ကာကွယ်ဆေးတွေ ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။

မျိုးရိုးဗီဇစောင့်ကြည့်ခြင်း (Genomic Surveillance) လုပ်ရတဲ့ ရည်ရွယ်ချက် သုံးခုရှိပါတယ်။ နံပါတ်တစ် ဗိုင်းရပ်စ်အနေနဲ့ တစ်နိုင်ငံကနေ တစ်နိုင်ငံ ဘယ်လိုကူးစက်သလဲ၊ ဘယ်လိုပြောင်းသလဲ သိဖို့ဖြစ်ပါတယ်။ ဒီလိုသိခြင်းဖြင့် ဗိုင်းရပ်စ်ရဲ့ပြောင်းလဲမှုဖြစ်စဉ်ကနေ ရောဂါရဲ့ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်တာတွေကို သိပ္ပံပညာရှင်တွေက တွေ့ရှိပြီး ရောဂါထိန်းချုပ်မှုတွေကို ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ နံပါတ်နှစ် Genomic Surveillance လုပ်ဆောင်ခြင်းဖြင့် ဗီဇပြောင်းလဲမှုကို စောစီးစွာသိရှိပြီး လိုအပ်တဲ့သတိပေးမှုတွေကို ဆောင်ရွက်နိုင်ခြင်းဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရာမှာ မူဝါဒချမှတ်သူတွေအနေနဲ့ လိုအပ်တဲ့လုပ်ဆောင်ချက်တွေကို လုပ်ဆောင်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒီလိုသတိပေးနိုင်တဲ့အတွက် ဖြစ်ရပ်ဆိုးတွေမဖြစ်အောင် မြန်မြန်ထိန်းချုပ်ပေးနိုင်တာ ဖြစ်ပါတယ်။ နံပါတ်သုံး Genomic Surveillance စနစ်တစ်ခုတစ်ခုတည်ဆောက်ထားခြင်းဖြင့် ဗီဇပြောင်းလဲခြင်းကြောင့် ရောဂါဖြစ်ပွားမှုတွေကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ပြီး အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ရည်ရွယ်ပါတယ်။

ပုံမှန်အားဖြင့် ပိုးတွေ့တဲ့သူရဲ့ ၅ ရာခိုင်နှုန်းလောက်ကို Genetic Sequence လုပ်ဖို့ လိုအပ်ပါတယ်။ ဒီလိုလုပ်တဲ့အခါ ကြုံရာကျပန်း ဓာတ်ခွဲနမူနာတွေကို လုပ်လို့မရပါဘူး။ တစ်စုံတစ်ခုသောလူအုပ်စုကို ကိုယ်စားပြုနိုင်တဲ့ ဓာတ်ခွဲနမူနာတွေဖြစ်ရမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ဖို့ လိုပါတယ်။ မလုပ်ဘူးဆိုရင် ဗိုင်းရပ်စ်က ကူးချင်သလို ကူးမယ်။ ပျံ့နှံ့ချင်သလို ပျံ့နှံ့မယ်။ ဒါဆိုရင် ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ ဒီလို Genomic Surveillance စနစ်လုပ်ထားခြင်းအားဖြင့် ပြည်သူ့ကျန်းမာရေး ပညာရှင်တွေ၊ ကာကွယ်ဆေးထုတ်လုပ်တဲ့ သူတွေအနေနဲ့ မြန်မြန်ဆန်ဆန် ဆုံးဖြတ်ချက်တွေ ချနိုင်မယ်။ လိုအပ်တာတွေကို လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ Genomic Surveillance လုပ်နေပါတယ်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီမှာ D.6.1.4 ကနေ 6.1.4.G ဆိုပြီး ပြောင်းသွားတယ်ဆိုတာကို ဆေးသုတေသနဦးစီးဌာနက ထုတ်ပြန်ပါတယ်။ ဒုတိယလှိုင်းက 6.1.4.G ကြောင့်ဖြစ်တယ်ဆိုတာ သိနိုင်ပါတယ်။ တတိယလှိုင်းမှာလည်း မေလလောက်ကတည်းက ဓာတ်ခွဲနမူနာတွေ ယူတယ်။ တပ်မတော်ဆေးသုတေသနတပ်ဖွဲ့က စစ်ဆေးတာလည်းရှိတယ်။ ဒ့ါအပြင် WHO ရဲ့ စံပြုသုတေသနဓာတ်ခွဲခန်းတွေထဲက တစ်ခုဖြစ်တဲ့ စင်ကာပူနိုင်ငံ ဓာတ်ခွဲခန်းကိုလည်းပို့ပြီး တစ်ပြိုင်တည်း စစ်ဆေးပါတယ်။

ဓာတ်ခွဲနမူနာတွေယူတဲ့အခါ နိုင်ငံတကာနဲ့ ကူးလူးဆက်ဆံမှုရှိနေတဲ့ နယ်စပ် မြဝတီ၊ တာချီလိတ် ၊ ထားဝယ်၊ တမူး စသဖြင့် ဒီလိုနေရာတွေက ဓာတ်ခွဲနမူနာတွေကို ယူပါတယ်။ နိုင်ငံခြားက ပြန်လာတဲ့သူ၊ ပြည်တွင်းက ရောဂါဖြစ်ပွားသူတွေရဲ့ ဓာတ်ခွဲနမူနာတွေကို ယူပါတယ်။ တွေ့ရှိတဲ့အဖြေအရ မြန်မာနိုင်ငံမှာ ‘အယ်လ်ဖာ’ဆိုတဲ့ ယူကေဗီဇပြောင်းပိုး၊ ‘ဘီတာ’ဆိုတဲ့ တောင်အာဖရိက ဗီဇပြောင်းပိုး၊ ‘ဒယ်လ်တာ’ဆိုတဲ့ အိန္ဒိယဗီဇပြောင်းပိုးစတဲ့ Variant of Concern(VOC) အန္တရာယ် ရှိနိုင်တဲ့ မျိုးဗီဇ ၄ မျိုးထဲက ၃ မျိုးတွေ့ပါတယ်။ စိတ်ဝင်စားဖွယ်ကောင်းတဲ့ ဂရုပြုရမယ့် Variant of Interest (VOI) ထဲက ‘ကပ်ပါ’ ဆိုတဲ့ အိန္ဒိယမှာတွေ့တဲ့ ပိုးတစ်မျိုး တွေ့ပါတယ်။ ဒီရလဒ်ကို ဇွန်လ ၁၅ ရက်မှာ ထုတ်ပြန်ထားပါတယ်။

ဇွန်လနဲ့ ဇူလိုင်လက ဓာတ်ခွဲနမူနာတွေထဲက ၁၅ ခုယူပြီး နေပြည်တော်မှာရှိတဲ့ တပ်မတော်ဆေးသုတေသနတပ်မှာ ဆောင်ရွက်ပါတယ်။ ဓာတ်ခွဲနမူနာတွေကို ရောဂါဖြစ်ပွားမှု အစုလိုက်အပြုံလိုက်ဖြစ်တဲ့နေရာက ယူပါတယ်။ အလွန်ရောဂါပြင်းထန်ပြီး သေဆုံးမှုများတဲ့ အုပ်စုကယူပါတယ်။ အသက်ငယ်တယ်၊ နောက်ခံရောဂါမရှိဘူး သို့သော် ရောဂါပြင်းထန်တဲ့သူတွေကို ယူပါတယ်။ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီး ပိုးတွေ့ရှိသူတွေဆီက ယူတယ်။ ကလေးတွေ ပုံမှန်အားဖြင့် ရောဂါဖြစ်ပွားမှုနည်းပါတယ်၊ ဘာကြောင့် ရောဂါဖြစ်ပွားတယ် သိချင်လို့ ယူပါတယ်။ အခြားနိုင်ငံတွေနဲ့ ကူးလူးဆက်ဆံမှုရှိတဲ့ နယ်စပ်ဂိတ်ဝင်ပေါက်/ ထွက်ပေါက်တွေက ယူပါတယ်။ ဒီလိုယူပြီးစစ်တဲ့အခါ စစ်ဆေးတဲ့ ဓာတ်ခွဲနမူနာ ၁၅ ခုမှာ ၁၅ခုစလုံး ‘ဒယ်လ်တာ’ တွေ့တဲ့အတွက် မြန်မာနိုင်ငံရဲ့ ရောဂါကူးစက်မှုရဲ့ အဓိကလက်သည်က ‘ဒယ်လ်တာ’ ဖြစ်တယ် ဆိုတာကို ပြောလိုခြင်းဖြစ်ပါတယ်။

၁၅ ယောက်မှာ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးထားပြီး ရောဂါဖြစ်ပွားတဲ့ ကိုးယောက်ကို ထည့်သွင်းစစ်ဆေးထားပါတယ်။ ကိုးယောက်ထဲမှာ ခုနစ်ယောက်က ရောဂါဖြစ်လို့ ဖြစ်မှန်းတောင် မသိဘူး။ သာမန်လက္ခဏာလောက် ခံစားရပါတယ်။ နှစ်ယောက်က အသင့်အတင့်ပြင်းထန်တယ်ဆိုတာ တွေ့ရပါတယ်။ ပြောချင်တာက ကာကွယ်ဆေးထိုးထားရင် ရောဂါကူးစက်မှုရှိခဲ့ရင်တောင် သာမန်လက္ခဏာ၊ အသင့်အတင့်လောက်ပဲ ရှိတယ်ဆိုတာကို သိစေလိုပါတယ်။

Genetic Sequence လို့ခေါ်တဲ့ မျိုးဗီဇစစ်ဆေးခြင်း၊ Genomic Surveillance လုပ်ခြင်းက အုပ်စုတစ်စုစီရဲ့ ကိုယ်စားပြုတဲ့ ဓာတ်ခွဲနမူနာကို ယူပြီး စစ်ဆေးတာဖြစ်တယ်။ နေပြည်တော်က ငါးယောက်၊ ရန်ကုန်က နှစ်ယောက်၊ မန္တလေးက နှစ်ယောက်၊ စစ်တွေ၊ တောင်ငူ၊ ကလေး၊ မုံရွာ၊ လားရှိုး၊ မော်လမြိုင်က တစ်ယောက်စီဖြစ်ပြီး အားလုံးက ‘ဒယ်လ်တာ’ ပိုးတွေ့ပါတယ်။ နေပြည်တော်က ငါးယောက်မို့ ဆိုးတယ်၊ ရန်ကုန်က နှစ်ယောက်မို့ သိပ်မဆိုးဘူး ဒီလိုအဓိပ္ပာယ် မဟုတ်ပါဘူး။

‘ဒယ်လ်တာ’ ဗီဇပြောင်းပိုးက ကမ္ဘာ့နိုင်ငံ ၁၇၄ နိုင်ငံကို ရောက်ရှိနေပြီလို့ WHO ရဲ့ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက် နောက်ဆုံးထုတ်ပြန်ချက်အရ သိရပါတယ်။ ‘ဒယ်လ်တာ’ ဗီဇပြောင်းပိုး ယူကေက အဖြစ်အများဆုံးဖြစ်ပြီး ဒုတိယ အမေရိကဖြစ်ပါတယ်။ တတိယ ဒိန်းမတ်၊ စတုတ္ထ တူရကီနိုင်ငံ၊ ပဉ္စမ ဂျာမနီနိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း ‘ဒယ်လ်တာ’ ဗီဇပြောင်းပိုးက ဖြစ်ပွားမှုရဲ့ အဓိကလက်သည်ဆိုတာကို မျိုးဗီဇစစ်ဆေးမှုတွေက သက်သေပြနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကစဉ်ဆက်မပြတ် စောင့်ကြည့်ထောက်လှမ်းနေရမယ့် Geno–mic Surveillance ထဲက တစ်ခုဖြစ်ပါတယ်။

*စာမျက်နှာ ၁၇ သို့*

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ





**နေပြည်တော် စက်တင်ဘာ ၁၂** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး အတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်နှင့် မြဝတီ ကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီခြောက်ခုမှ ယာဉ်စီးရေ ၁၇ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် သုံးစီးဖြင့် တန် ၆၀၊ အောက်ဆီဂျင်(အိုးခွံ) ၁၂၇ ခု၊ Oxygen Plant လေးခု၊ PPE အစုံ ၁၆၀၀ နှင့် နှာခေါင်းစည်း (Mask) ၅၇ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ် သုံးစီးမှာ ရန်ကုန်မြို့သို့ နှစ်စီးနှင့် မော်လမြိုင်မြို့သို့ တစ်စီးဖြစ်ပြီး Oxygen Plant လေးခုမှာ မန္တလေးမြို့၊ ချောက်မြို့၊ မိုးညှင်းမြို့၊ ကန့်ကြီးထောင့်မြို့တို့သို့ တစ်ခုစီ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက် ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားပါကြောင်း သိရှိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၆ မှ*

**အစီအစဉ်မှူး ။ ။ မျိုးဗီဇပြောင်း 'ဒယ်လ်တာ' နဲ့ ပတ်သက်ပြီး ပြည်သူတွေ သိသင့်သိထိုက်တဲ့ အချက်တွေကိုလည်း ပြောကြားပေးပါဦး။**

**ဒေါက်တာခင်ခင်ကြီး** ။ ။ မျိုးဗီဇပြောင်း 'ဒယ်လ်တာ' နဲ့ပတ်သက်ပြီး သတင်းတု၊ သတင်းမှားတွေကို ဆိုရှယ်မီဒီယာမှာ တွေ့ရှိလာရပါတယ်။ 'ဒယ်လ်တာ' မျိုးဗီဇနဲ့ ပတ်သက်လို့ မင်းသိရမယ့် အချက် ရှစ်ချက်ဆိုပြီး အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်မှာရှိတဲ့ UC Davis Health က ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၂ ရက် ရက်စွဲနဲ့ထုတ်ပြန်ထားတာ ဖြစ်ပါတယ်။

ဒီထုတ်ပြန်ချက်မှာ ပြောထားတာက နံပါတ် ၁ 'ဒယ်လ်တာ' မျိုးဗီဇက အလွန်ကူးစက်မှု မြန်တယ်၊ ကူးစက်နိုင်စွမ်း မြင့်မားတယ်ဆိုတာကိုလည်း တွေ့ရှိရပါတယ်။ နံပါတ်၂ လက္ခဏာတွေက အရင်အတိုင်းပါပဲ။ ဖျားတယ်၊ ချောင်းခြောက်ဆိုးတယ်၊ မောပန်းတယ်စတဲ့ လက္ခဏာတွေက တွေ့ရအများဆုံးဖြစ်ပြီး ကိုယ်လက်ကိုက်ခဲမယ်၊ လည်ချောင်းနာမယ်၊ ဝမ်းသွားမယ်၊ မျက်လုံးနီမယ်၊ ရောင်မယ်၊ ခေါင်းကိုက်မယ်၊ ရုတ်တရက် အနံ့ပျောက်မယ်၊ အရေပြားပေါ်မှာ အနီကွက်တွေဖြစ်မယ်၊ ခြေချောင်း လက်ချောင်းတွေ အရောင်ပြောင်းမယ် စတဲ့ လက္ခဏာတွေလည်း တွေ့ရနိုင်ပါတယ်။ တချို့တွေမှာ အလွန်ပြင်းထန်တဲ့ လက္ခဏာတွေဖြစ်တဲ့ အသက်ရှူရခက်ခဲတာ၊ မောတာ၊ ရင်ဘတ်အောင့်တာ၊ဖိထားသလိုခံစားရတာ၊စကားကောင်းကောင်း မပြောနိုင်တာ၊ လှုပ်ရှားမှုတွေ ကောင်းကောင်း မလုပ်နိုင်တာတွေလည်း ဖြစ်လာတတ်ပါတယ်။ သို့သော် ရောဂါကူးစက်ခံရတဲ့သူတွေမှာ ဖျားနာမှုက ပိုပြီးမြန်မြန်ဆန်ဆန် ဆိုးဆိုးရွားရွား ဖြစ်နိုင်ပါတယ်။ အထူးသဖြင့် လူငယ်တွေမှာ ပိုပြီးတွေ့ရများပါတယ်။ ကာကွယ်ဆေး ထိုးပြီးသူတွေမှာ ရောဂါလက္ခဏာ ပြချင်မှပြမယ်။ သာမန်လောက်ပဲ ပြလေ့ရှိပါတယ်။

နံပါတ် ၃ 'ဒယ်လ်တာ' မျိုးဗီဇက ကာကွယ်ဆေး မထိုးထားသူတွေကို ပိုပြီးတိုက်ခိုက်ပါတယ်။ အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကုသရေးဗဟိုဌာန (CDC)ရဲ့ ဇူလိုင် ၂၂ ရက် ထုတ်ပြန်ချက်အရ ဆေးရုံတက်ရောက်ရသူတွေရဲ့ ၉၇ ရာခိုင်နှုန်းသည် ကာကွယ်ဆေးမထိုးထားသူတွေဖြစ်ပါတယ်။ နံပါတ် ၄ Breakthrough Infection လို့ခေါ်တဲ့ ကာကွယ်ဆေးထိုးပြီးသူတွေမှာ ပိုးတွေ့တယ်ဆိုတာနဲ့ ပတ်သက်ပြီး အမေရိကန်နိုင်ငံမှာ ဩဂုတ်လ ၂၃ ရက်နေ့အထိ ကာကွယ်ဆေး ထိုးပြီးသူ ၁၇၁ သန်း ရှိပါတယ်။ ဒီအထဲမှာ ကာကွယ်ဆေးထိုးပြီး ပိုးပြန်တွေ့တယ်ဆိုသူ ၁၁၀၅၀ သာ ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် တွက်မယ်ဆိုရင် ၀ ဒသမ ၀၀၅ ရာခိုင်နှုန်းပဲ ရှိတယ်ဆိုတာ သိစေချင်ပါတယ်။

နံပါတ် ၅ 'ဒယ်လ်တာ' မျိုးဗီဇက တချို့နိုင်ငံ၊ တချို့လူအုပ်စုတွေအတွက် ဖျက်ဆီးနိုင်စွမ်း အလွန်မြင့်မားတယ်၊ ရှိရင်းစွဲ ကျန်းမာရေးစောင့်ရှောက်မှုတွေ အများကြီး ထိခိုက်နိုင်ပါတယ်။ နံပါတ် ၆ ကိုဗစ် – ၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ရသူ၊ အထူးကြပ်မတ်ကုသဆောင် ရောက်သူတွေက "သူတို့တွေ ဘာဖြစ်လို့ ကာကွယ်ဆေး မထိုးခဲ့မိပါလိမ့်၊ ကာကွယ်ဆေးထိုးဖို့ ပြောစကားကို ဘာကြောင့် နားမထောင်မိပါလိမ့် "ဆိုပြီး နောင်တရကြောင်း ဖွင့်ဟပြောဆိုပါတယ်။ နောင်တဆို တာ နောင်မှရတာဖြစ်ပါတယ်။ ဆုံးရှုံးမှုတွေ အများကြီးရင်းပြီးမှရတဲ့ နှောင်းနှောင်တက မကောင်းပါဘူး။ ဒါကြောင့် ဒါကလည်း အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။

နံပါတ်၇ 'ဒယ်လ်တာ'မျိုးဗီဇက ကာကွယ်ဆေးထိုးပြီးရင်တောင် အခြားသူကို ကူးစက်နိုင်စွမ်း ရှိတယ်ဆိုတာ သုတေသနတွေက တွေ့ရပါတယ်။ ဗိုင်းရပ်စ်ပမာဏ ကွာခြားမှုမရှိဘူးဆိုပေမယ့် အခြားသူကို ကူးစက်နိုင်တဲ့ ကာလအလွန်တိုတောင်းပါတယ်။ သူ့ကို ကူးစက်တာနဲ့ အမြန်ရှင်းလင်းနိုင်တဲ့အတွက် အခြားသူကို ကူးစက်မှုက တိုတောင်းသွားတာ ဖြစ်ပါတယ်။ နံပါတ် ၈ က ကိုဗစ် – ၁၉ နဲ့ပတ်သက်ပြီး နောက်ထပ်မျိုးဗီဇကွဲတွေ ထပ်လာဦးမှာ ဖြစ်ပါတယ်။ အခု ရက်ပိုင်းမှာလည်း မျိုးဗီဇပြောင်း 'မျူ'ဆိုပြီး ကိုလံဘီယာနိုင်ငံမှာ စတွေ့ပြီး နိုင်ငံပေါင်း ၃၉ နိုင်ငံကို ရောက်နေပြီ။ ပီရူးနိုင်ငံမှာ စတွေ့တဲ့ 'လမ်ဘဒါ' မျိုးဗီဇပြောင်းပိုးဆိုလည်း တောင်အမေရိကမှာ ပျံ့နှံ့မှုတွေ့နေရတယ်။ ကမ္ဘာ့တစ်ဝန်းက ကျန်းမာရေးနဲ့ဆိုင်တဲ့ ကျွမ်းကျင်ပညာရှင်တွေက Variant of Interest စိတ်ဝင်တစားစောင့်ကြည့်ရမယ့် မျိုးကွဲထဲမှာ ထည့်ထားတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးနှံဖို့ အရေးကြီးပါတယ်။ ကာကွယ်ဆေး များများထိုးနှံလေ မျိုးဗီဇကွဲတွေ ဖြစ်ပွားဖို့ တားဆီးနိုင်လေ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူတွေအနေနဲ့ ကာကွယ်ရမယ့် နည်းစနစ်တွေဖြစ်တဲ့ Mask တပ်တာ၊ လက်ဆေးတာ၊ လူအုပ်စုရှောင်တာ၊ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေတာ၊ ချောင်းဆိုး နှာချေရင် အုပ်ဆိုးတာမျိုးတွေ၊ လေကောင်းလေသန့်ရအောင် နေထိုင်တာတွေ လုပ်ဆောင်ဖို့ လိုပါတယ်။ ကာကွယ်ဆေးထိုးနှံဖို့ အကျုံးဝင်တဲ့သူတွေအနေနဲ့လည်း မပျက်မကွက်ထိုးနှံပါ။ နှစ်ကြိမ်ပြည့် ထိုးနှံပါ။ မထိုးရသေးသူတွေအနေနဲ့လည်း ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းတွေကို လိုက်နာပြီး ကာကွယ်ဆေးထိုးနှံဖို့ စိတ်ရှည်လက်ရှည်စောင့်ပါလို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါ။**

**ဒေါက်တာခင်ခင်ကြီး** ။ ။ လက်ရှိမှာ WHO ရဲ့ စက်တင်ဘာ ၇ ရက် နောက်ဆုံးထုတ်ပြန်ချက်အရ မြန်မာနိုင်ငံပါဝင်တဲ့ အရှေ့တောင်အာရှဒေသဟာ ပြီးခဲ့အပတ်နဲ့ နှိုင်းယှဉ်ရင် ရောဂါဖြစ်ပွားမှု ၉ ရာခိုင်နှုန်း၊ သေဆုံးမှု ၂၁ ရာခိုင်နှုန်း ကျလာပြီဆိုတာ တွေ့ရှိရပါတယ်။ လက်ရှိမှာ ရောဂါဖြစ်ပွားမှု အများဆုံးက အိန္ဒိယ၊ ထိုင်းနဲ့ အင်ဒိုနီးရှားဖြစ်ပါတယ်။ သေဆုံးမှုအများဆုံးက အင်ဒိုနီးရှား၊ အိန္ဒိယနဲ့ ထိုင်းနိုင်ငံတို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ဖြစ်ပွားမှုနဲ့ သေဆုံးမှု အများဆုံးထဲမှာ မပါဝင်ဘူးဆိုတာ သိစေချင်ပါတယ်။

ဒါက ပြည်သူတစ်ရပ်လုံးက ကိုဗစ်-၁၉ စည်းကမ်းချက်တွေကို လိုက်နာတဲ့ အောင်မြင်မှု အသီးအပွင့်တွေပဲ ဖြစ်ပါတယ်။ ကာကွယ်ဆေးလွှမ်းခြုံမှုတွေလည်း ကောင်းလို့ ဖြစ်ပါတယ်။ အားလုံး ညီညီညွတ်ညွတ်နဲ့ ဆက်လက်လုပ်ဆောင်မယ်ဆိုရင် လက်ရှိရင်ဆိုင်နေရတဲ့ တတိယလှိုင်းကို ကျော်ဖြတ်နိုင်မှာ ဖြစ်ပါတယ်။ မိမိကိုယ်တိုင် ကျန်းမာရေးကို ဂရုစိုက်ခြင်းဖြင့် မိမိရဲ့မိသားစု ကျန်းမာရေးကို စောင့်ရှောက်ရာရောက်သလို နိုင်ငံသားတစ်ယောက်တာဝန်ကို ကျေပွန်ရာ ရောက်တဲ့ အတွက် ကိုဗစ်-၁၉ စည်းကမ်းတွေကို ဆက်လက်လိုက်နာကြပါစို့လို့ တိုက်တွန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

> ❑ **ပြည်သူတွေအနေနဲ့ ကာကွယ်ရမယ့် နည်းစနစ်တွေဖြစ်တဲ့ Mask တပ်တာ၊ လက်ဆေးတာ၊ လူအုပ်စုရှောင်တာ၊ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေတာ၊ ချောင်းဆိုး နှာချေရင် အုပ်ဆိုးတာမျိုးတွေ၊ လေကောင်းလေသန့်ရအောင် နေထိုင်တာတွေ လုပ်ဆောင်ဖို့လိုပါတယ်။ ကာကွယ်ဆေးထိုးနှံဖို့ အကျုံးဝင်တဲ့သူတွေအနေနဲ့လည်း မပျက်မကွက် ထိုးနှံပါ။ နှစ်ကြိမ်ပြည့် ထိုးနှံပါ။ မထိုးရသေးသူတွေအနေနဲ့လည်း ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းတွေကို လိုက်နာပြီး ကာကွယ်ဆေးထိုးနှံဖို့ စိတ်ရှည်လက်ရှည်စောင့်ပါ**

# ကိုဗစ်-၁၉ သက်ရောက်မှုကြောင့်ထိခိုက်မှုရှိနေသော ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားရာတွင် အကျုံးဝင် ကိုက်ညီရန်လိုအပ်သော သတ်မှတ်ချက်များ အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာ Website များတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ချေးငွေကို အောက်ပါအချက်များနှင့် အကျုံးဝင်ကိုက်ညီသော လုပ်ငန်းများက လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

- (က) အောက်ပါလုပ်ငန်းများက လျှောက်ထားနိုင်ပါသည် -
  - (၁) မွေးမြူရေးလုပ်ငန်းများ။
  - (၂) ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ။
- (ခ) ကိုဗစ်-၁၉ ကြောင့် အမှန်တကယ် ထိခိုက်မှုရှိနေသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်း ဖြစ်ရမည်။
- (ဂ) လက်ရှိလည်ပတ်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ရမည် သို့မဟုတ် လုပ်ငန်းယာယီရပ်စဲထားသော်လည်း ချေးငွေရရှိပါက ချက်ချင်း ပြန်လည်စတင်နိုင်မည့် လုပ်ငန်းဖြစ်ရမည်။
- (ဃ) ၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက် မတိုင်မီက သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်/ လုပ်ငန်း လိုင်စင်ရထားပြီးဖြစ်သည့် လုပ်ငန်းဖြစ်ရမည်။
- (င) လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသော လုပ်ငန်းဖြစ်ရမည်။
- (စ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသော အခြေအနေရှိသော လုပ်ငန်းဖြစ်ရမည်။
- (ဆ) ချေးငွေအား လက်ရှိလုပ်ငန်း လည်ပတ်ရန်ကိစ္စအတွက်သာ အသုံးပြုသည့် ကုမ္ပဏီ/ လုပ်ငန်း ဖြစ်ရမည်။
- (ဇ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်ရုံးက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်း ခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် ကုမ္ပဏီ မဖြစ်စေရ။ ကုမ္ပဏီမဟုတ်သော စီးပွားရေးလုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာအစိုးရ ဌာန/ အဖွဲ့အစည်းက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ထားခြင်းခံထားရသည့် စီးပွားရေးလုပ်ငန်း မဖြစ်စေရ။
- (ဈ) ဝင်ငွေခွန်/ ကုန်သွယ်ခွန်/ အထူးကုန်စည်ခွန် ပေးဆောင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။
- (ည) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက ချေးငွေရယူထားသည့် လုပ်ငန်းပိုင်ရှင်မှ ချေးငွေအား ပြန်လည်ပေးဆပ်ရန် အာမခံချက် ပေးနိုင်ရမည်။
- (ဋ) ဘဏ်တစ်ခုခုမှ ချေးငွေရယူထားပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိသည့် လုပ်ငန်းများ၊ ချေးငွေ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကြောင့် ဘဏ်တစ်ခုခုက တရားစွဲဆိုခြင်း ခံထားရသည့်လုပ်ငန်းများ မဖြစ်စေရ။
- (ဌ) ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးသည့် ချေးငွေကို ယခင်က ရယူထားပြီးဖြစ်သည့် လုပ်ငန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူထားသည့် လုပ်ငန်း မဖြစ်စေရ။
- (ဍ) ချေးငွေလျှောက်ထားသည့် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းသည် မိသားစု တစ်ပိုင်တစ်နိုင်/ ဝမ်းစာအတွက်မဟုတ်ဘဲ စီးပွားဖြစ် ဆောင်ရွက်နေသော လုပ်ငန်းဖြစ်ရမည်။
- (ဎ) ပြည်တွင်းတွင် ရောင်းချသူဖြစ်ပါက ပြည်တွင်းရောင်းချနေသော အထောက်အထား/ ပြည်ပသို့ တင်ပို့ရောင်းချသူဖြစ်ပါက ပြည်ပသို့ရောင်းချနေသော အထောက်အထား ပြနိုင်ရမည်။
- (ဏ) မိမိလုပ်ငန်း လုပ်ကိုင်နေသည့်မြေသည် မွေးမြူရေးလုပ်ငန်းအတွက် လယ်ယာမြေ အခြားနည်း အသုံးချခွင့်ရရှိပြီးသူ သို့မဟုတ် ပုံစံ (၇) ရရှိထားပြီး မွေးမြူရေးလုပ်ငန်းအတွက် လယ်ယာမြေ အခြားနည်း အသုံးချခွင့် လျှောက်ထားနေကြောင်း အထောက်အထား တင်ပြနိုင်သူ ဖြစ်ရမည်။
- (တ) မွေးမြူရေး လုပ်ငန်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ငါး၊ ပုစွန် မွေးမြူရေး လုပ်ငန်းများအတွက် တိုင်းဒေသကြီး/ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေထွက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ တို့က အမှန်တကယ် လုပ်ငန်းလုပ်ဆောင်နေကြောင်း ထောက်ခံချက် တင်ပြနိုင်သူ ဖြစ်ရမည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ်
ကုစားရေး လုပ်ငန်းကော်မတီ



## တောင်ကြီးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များ ကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ အခမဲ့စစ်ဆေးပေး

**တောင်ကြီး စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များ၊ ကျောင်းသားများအား (RTD) Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံရခြင်း ရှိ/မရှိ စစ်ဆေးပေးခြင်းကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် သွားရောက်စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့သွားရောက်စစ်ဆေးပေးရာတွင် နမ့်ဆီးအုပ်စု ကံ့ကော်ဘုန်းတော်ကြီးကျောင်းမှ သံဃာအပါး ၂၀၊ ကျောင်းသား သုံးဦး တို့အားလည်းကောင်း၊ လွယ်တော်အုပ်စု ထီလိတ်ဘုန်းတော်ကြီးကျောင်းမှ သံဃာ ၇၇ ပါး၊ ကျောင်းသား ငါးဦး စုစုပေါင်း သံဃာ ၉၇ ပါးနှင့် ကျောင်းသား ရှစ်ဦး တို့အား (RTD) Test Kit ဖြင့် စစ်ဆေးပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခြင်းခံရသည့် သံဃာတော်နှင့် ကျောင်းသားများ မရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက သံဃာတော်များ သီလရှင်များ၊ ကျောင်းသားများအား (RTD) Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ကျန်ရှိနေသည့် ဘုန်းတော်ကြီးကျောင်းများကိုလည်း ဆက်လက်ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးစိုး(ပြန်/ဆက်)**

## ပြည်မြို့ ဆေးရုံကြီး၌ အောက်ဆီဂျင် စတင်ထုတ်လုပ်

### တစ်ရက် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်ဓာတ်ငွေ့ အလုံး ၅၀၀ ခန့် ထုတ်လုပ်နိုင်မည်

**ပြည် စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် ပြည်မြို့ ခုတင် (၅၀၀) အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း၌ ယခုနှစ် ဩဂုတ်လအတွင်း တည်ဆောက်ခဲ့သော အောက်ဆီဂျင် စက်ရုံ ရာနှုန်းပြည့်တည်ဆောက်ပြီး၍ စက်တင်ဘာ ၁၀ ရက်မှ စတင်ကာ အောက်ဆီဂျင်များ စတင် ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါစက်ရုံသည် တန် ၂၀ ဆံ့ Liquid Oxygen စက်ရုံအမျိုးအစားဖြစ်ကာ ယင်းမှတစ်ဆင့် ပိုက်လိုင်းစနစ်ဖြင့် တစ်နာရီလျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးကြီး ၂၄ လုံး ထုတ်လုပ်နိုင်ကြောင်းနှင့် တစ်ရက်လျှင်ပျမ်းမျှ နာရီ ၂၀ နှုန်းဖြင့်လည်ပတ်ပါက လီတာ ၄၀ ဆံ့ အောက်ဆီဂျင်ဓာတ်ငွေ့အလုံး ၅၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံထောက်ပံ့မှုဖြင့် ဩဂုတ် ၃၁ ရက်တွင် အဆိုပါစက်ရုံ၏ စက်ပစ္စည်းများ ရောက်ရှိလာပြီး ယခုလ စက်တင်ဘာ ၇ ရက်တွင် မြဝတီမြို့မှ Liquid Oxygen များ ရောက်ရှိကာ တပ်ဆင်ပြီးစီးကြောင်းနှင့် အဆောက်အအုံအား ဒေသခံမြို့မိမြို့ဖများနှင့် စေတနာရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ခြင်း ဖြစ်ကြောင်း သိရပြီး လက်ရှိအခြေအနေတွင် အဆိုပါ စက်ရုံမှ ဆေးရုံကြီး၏ ကိုဗစ်-၁၉ ရောဂါ ကုသဆောင်လေးဆောင်သို့ ပိုက်လိုင်းစနစ်ဖြင့် အောက်ဆီဂျင် တိုက်ရိုက် ဖြန့်ဝေကုသပေးနိုင်ရန် ပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယင်းလုပ်ငန်းပြီးစီးပါက ၎င်းအဆောင်များတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၂၀ ခန့်အား အောက်ဆီဂျင် တိုက်ရိုက် ကုသဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ခရိုင်အတွင်း မြို့နယ်/တိုက်နယ်ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံများ၏ အောက်ဆီဂျင် လိုအပ်ချက်များကိုလည်း ဖြန့်ဝေဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌထံမှ သိရသည်။ **ကိုဆက်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၉-၂၀၂၁ တနင်္လာနေ့

### MRTV HD

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၆:၃၀** တိပိဋကဓရ၊ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသုန္ဒရ၏ ထေရုပ္ပတ္တိမှတ်တမ်း
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပုခန်းကြီးမြို့ပေါင်း(သို့မဟုတ်) ဒုတိယပုဂံ
**၀၉:၁၀** နဝင်္ဂဥပေါသထသီလ
**၀၉:၃၀** မွေးမြူရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'သမိုင်းဘာသာရပ်'**
**၁၇:၀၅** This Week's Special Interest
**၁၇:၂၀** ကျန်းမာရေးမဂ္ဂဇင်း **'ပတ်ဝန်းကျင်နှင့်ကျန်းမာရေး'**
**၁၇:၃၅** နဝမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဝက်ဘ်ပြအစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** ထူးခြားအံ့ဖွယ်သဘာဝလိုဏ်ဂူများနှင့် ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဖားစည်မြေမှာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါ်ဆောင်ရာ'** (အပိုင်း-၆၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
**၂၁:၂၅** ရောင်စုံတေးဥယျာဉ်

### mitv

**07:01** News
**07:27** Awesome Myanma Sculptures
**07:41** Swan Hein Cave
**08:01** Myanmar Masterclass: Fantastic Art
**08:07** International Dances in Myanmar
**08:26** Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
**08:40** Star Bean Production
**09:01** Ecotourism: The Tourist Attractions of Mingun, Sagaing
**09:25** Applied Myanmar Traditional Martial Art (Part-2)
**10:01** Talent Show on a maze of xylophones
**10:06** Healthy Diet: Keto Diet
**10:25** Products of Myanmar - Mya Setkyar Pure Silk Fabric From Inle Lake
**11:01** Applied Myanmar Traditional Martial Art (Part-1)
**11:27** Ancient Shwe-San-Taw Pagoda

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ခဲသမားတို့ရဲ့ဘဝ
**ဝကေကကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဒေသစားစရာ ဒိုးငါးပိကြော်
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ရှင်သန်နေမယ့်မနက်ဖြန်များ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဖားစည်မြေမှ ရောင်စုံအလှ(အပိုင်း-၁)
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၂)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
အစွမ်းထက်တဲ့ရေတ်ကောင်းအကြောင်း သိကောင်းစရာ
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်စာပေသင်ကြရအောင်(အပိုင်း-၄)
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၃)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
မိုင်းပုန်းဆရာတော်၏တရားတော်(အပိုင်း-၄)
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သွေးချင်းတို့ရိုးရာယဉ်ကျေးမှုများဆီသို့
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ပူတာအိုသို့ခရီးသွားခြင်း

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME
MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ပဲခူးမြို့ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်နှင့် စားသုံးကုန်ပစ္စည်းများ လှူဒါန်း

ပဲခူး စက်တင်ဘာ ၁၂



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ စာသင်တိုက်အတွင်း သီတင်းသုံးတော်မူကြသည့် ဆရာတော်/သံဃာတော်များအတွက် ဆန်အိတ် ၅၀၊ ဆီပိသ်သာ ၂၄၀၊ ကုလားပဲ လေးအိတ်နှင့် ဆားလေးအိတ်တို့ကို ပဓာနနာယက ဆရာတော်ထံသို့ လည်းကောင်း၊ ပဲခူးမြို့ သာသနာ့ဗေဒတိက ပရိယတ္တိစာသင်တိုက်သို့ ဆန်အိတ် ၃၀၊ ဆီပိသ်သာ ၁၄၀၊ ကုလားပဲနှစ်အိတ်နှင့် ဆားနှစ်အိတ်တို့ကို လည်းကောင်း၊ ဝင်းနိမ္မိတာရုံ ပရိယတ္တိစာသင်တိုက်သို့ ဆန်အိတ် ၃၀၊ ဆီပိသ်သာ ၁၅၀၊ ကုလားပဲ နှစ်အိတ်နှင့် ဆားနှစ်အိတ်တို့ကို လည်းကောင်း၊ သာမဏေကျော် ပရိယတ္တိစာသင်တိုက်သို့ ဆန် ၅၇ အိတ်၊ ဆီပိသ်သာ ၂၈၀၊ ကုလားပဲ ငါးအိတ်နှင့် ဆား ငါးအိတ်တို့ကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၃၉) မိုင်အနီး ဘောနတ်ကြီး - ဘုရားကြီးသွားလမ်းပေါ်ရှိ လုံခြုံရေးနှင့် ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။ **သတင်းစဉ်**

## မနက်ဖြန်အတွက် ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁၂

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။ မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂-၉-၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၆၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၅၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၅၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၄၁၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၁၀၅/၁၁၃၀ ကျပ် | ၁၁၂၀/၁၁၅၅ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၁၁၅/၁၁၄၀ ကျပ် | ၁၁၃၅/၁၁၇၀ကျပ် |
| အောက်တိန်း ၉၂ | ၁၁၄၀/၁၁၅၀ ကျပ် | ၁၁၈၀/၁၂၀၀ကျပ် |
| အောက်တိန်း ၉၅ | ၁၁၆၀ /၁၁၉၀ ကျပ် | ၁၂၆၅/၁၂၉၀ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၇၃၄ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၅၄ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၂၉၅ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၃ . ၁၃၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၇၇ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၁၉ . ၆၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၆၉ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၆၁၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၅၀၀ | ၁၃၃၅၀၀၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၃၄၅၁ | ၁၀၇၇၀၆၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၀ | ၈၀၀၀၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၅၃၆ | ၉၉၁၆၀၀၀ |
| TMH | ၂၈၀၀ | ၂၇၅၀ | ၁၂ | ၃၃၅၀၀ |
| EFR | ၃၂၀၀ | ၂၉၅၀ | ၁၁၁၀ | ၃၂၇၇၀၀၀ |
| AHP | ၄၈၀၀ | ၄၈၀၀ | ၅ | ၂၄၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၀၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း တာဂျစ်ကစ္စတန်နိုင်ငံ

ချောချော

*(ယမန်နေ့မှအဆက်)*

## ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း

နိုင်ငံရေးပါတီများသည် အောက်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခွင့်ရှိပြီး နိုင်ငံရေးပါတီဝင်မဟုတ်သူ နိုင်ငံသားများသည်လည်း မိမိကိုယ်တိုင် အမည်စာရင်းတင်သွင်းခွင့်ရှိသည်။ နိုင်ငံရေးပါတီများသည် မဲဆန္ဒနယ်တစ်ခုအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ အဆိုပြုရသည်။ နိုင်ငံရေးပါတီများသည် တရားရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရသည်။ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းကို ခရိုင်ရွေးကောက်ပွဲ ကော်မရှင်သို့ တင်သွင်းရပြီး ရွေးကောက်ပွဲမတိုင်မီ ရက်ပေါင်း ၆၀ အလိုတွင် စတင်၍ရွေးကောက်ပွဲ မတိုင်မီ ၄၅ ရက်အလိုတွင် ပြီးဆုံးသည်။ တင်သွင်းရာတွင် ကိုယ်စားလှယ်လောင်းသည် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ မဲဆန္ဒရှင်များ၏ ထောက်ခံမှုလက်မှတ်ပေါင်း အနည်းဆုံး ၅၀၀ စုဆောင်း တင်ပြရသည်။ မဲဆန္ဒရှင်တစ်ဦးသည် မိမိနေထိုင်ရာမဲဆန္ဒနယ်မှ ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ထောက်ခံလက်မှတ်ထိုးပေးရသည်။ အောက်လွှတ်တော်ကိုယ်စားလှယ်လောင်းသည် တာဂျစ်ကစ္စတန် နိုင်ငံသားတစ်ဦးဖြစ်ရမည်ဖြစ်ပြီး ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရသည်။ အသက် ၂၅ နှစ်ပြည့်ပြီး အဆင့်မြင့်ပညာရေးဖြင့် အောင်မြင်သူလည်း ဖြစ်ရသည်။

အထက်လွှတ်တော် Majlisi Milli ကိုယ်စားလှယ်အဖြစ် Majlisi မြို့၊ ဒူရှန်းဘီမြို့၊ (GBAO) Gorno Badakhshan ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှ ပုဂ္ဂိုလ်များသည် Majlisi Milli အဖွဲ့ဝင်များအဖြစ် ကိုယ်စားလှယ်လောင်းများကို အမည်စာရင်းတင်သွင်းနိုင်သည်။ အထက်လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို အောက်လွှတ်တော်ရွေးကောက်ပွဲအပြီး ၁၀ ရက်အကြာတွင် စတင်၍အထက်လွှတ်တော်ရွေးကောက်ပွဲ မတိုင်မီ ၇ ရက်အလိုတွင် ပြီးဆုံးသည်။ အထက်လွှတ်တော် ကိုယ်စားလှယ်လောင်းသည် အသက် ၃၅ နှစ်ပြည့်ပြီး တာဂျစ်ကစ္စတန်နိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး တက္ကသိုလ်မှ ဘွဲ့ရရှိသူလည်း ဖြစ်ရမည်ဖြစ်သည်။ ဒေသဆိုင်ရာ ကိုယ်စားလှယ်များသည် အထက်လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့် ပတ်သက်၍အစည်းအဝေးကျင်းပပြီး လျှို့ဝှက်မဲပေးစနစ်အသုံးပြု၍ ဆုံးဖြတ်ကြသည်။ ဒေသဆိုင်ရာကိုယ်စားလှယ်များသည် ၎င်းတို့တည်ရှိသည့် ခရိုင်တစ်ခုမှ ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ အဆိုပြုနိုင်သည်။ ဒူရှန်းဘီဒေသကိုယ်စားလှယ်သည် ၎င်းတို့ဒေသမှ ကိုယ်စားလှယ်လောင်း နှစ်ဦးအား အဆိုပြုနိုင်သည်။

## မဲဆွယ်စည်းရုံးခြင်း

တာဂျစ်ကစ္စတန်နိုင်ငံတွင် နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ်လောင်းများသည် တည်ဆဲဥပဒေအရ ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးခွင့်ရှိသည်။ မဲဆွယ်စည်းရုံးခွင့် ကာလမှာ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းသည့်နေ့မှစ၍ ရွေးကောက်ပွဲမတိုင်မီ ၂၄ နာရီအထိ

**❖ တာဂျစ်ကစ္စတန်နိုင်ငံတွင် တစ်ပါတီစနစ်လွှမ်းမိုးမှု ရှိသော်လည်း သမ္မတအား အစိုးရအုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်များက အပြန်အလှန် ထိန်းကျောင်းမှု ရှိခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှုရှိခြင်း၊ ပြည်တွင်းစစ်ပြီးဆုံးသည့် ၁၉၉၇ ခုနှစ်မှ စတင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူလူထု၏ လူနေမှုစနစ်၊ စီးပွားရေးစနစ်များ ဖွံ့ဖြိုးတိုးတက်လျက်ရှိ**

ဖြစ်သည်။ ရွေးကောက်ပွဲရလဒ် ခန့်မှန်းချက်များ၊ သဘောထားစစ်တမ်းများအား လူထုမီဒီယာမှ တစ်ဆင့် ရွေးကောက်ပွဲနေ့မတိုင်မီ ၅ ရက် အလိုတွင် ကြေညာသည်။ အောက်ပါနည်းလမ်းများဖြင့် မဲဆွယ်စည်းရုံးနိုင်သည် –

(၁) လူထုမီဒီယာ၊

(၂) ပြည်သူလူထုနှင့်တွေ့ဆုံမှုများ၊ ဟောပြောမှုများ၊

(၃) ပုံနှိပ်ရေးသားပြီး ဖြန့်ဝေမှုများ၊

(၄) တည်ဆဲဥပဒေအရ သတ်မှတ်ထားသော အခြားနည်းလမ်းများ။

လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦး (တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းအပါအဝင်) စီသည် ရေဒီယိုနှင့် တီဗွီတို့မှတစ်ဆင့် မဲဆွယ်စည်းရုံးခွင့် ၁၅ မိနစ်ရရှိပြီး နိုင်ငံရေးပါတီတစ်ခုသည် ၃၀ မိနစ်ရရှိသည်။ ရွေးကောက်ပွဲကော်မရှင်သည် တည်ဆဲဥပဒေများ၊ အမိန့်များနှင့်အညီ မဲဆွယ်စည်းရုံးမှုအား စောင့်ကြည့်သည်။ မီဒီယာများကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ဂုဏ်သိက္ခာအား ထိခိုက်စေသော သတင်းများလွှင့်တင်ခြင်းကို တားမြစ်ထားသည်။ မီဒီယာလွတ်လပ်ခွင့်ကို အလွဲသုံးစားပြုမှု၊ အမျိုးသားရေးသဘောထား ကွဲလွဲစေရန် လှုံ့ဆော်မှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲစေရန် အကြောင်းအရာလှုံ့ဆော်မှုများ၊ တိုင်းပြည်တည်ငြိမ်မှုကို ပျက်စီးစေသော အကြောင်းအရာများကို မဲဆွယ်စည်းရုံးသည့်အချိန်တွင် တားမြစ်ထားသည်။

## ဆန္ဒမဲပေးခြင်း

အောက်လွှတ်တော်ရွေးကောက်ပွဲအတွက် မဲရုံများကို ရွေးကောက်ပွဲနေ့ နံနက် ၆ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ကျင်းပသည်။ လျှို့ဝှက်မဲပေးစနစ်ကို အသုံးပြုသည်။ မဲရုံကော်မရှင်များသည် မဲပေးနိုင်သည့် အချိန်နှင့်နေရာကို ရွေးကောက်ပွဲမတိုင်မီ ၁၀ ရက်ထက် နောက်မကျစေဘဲ မဲဆန္ဒရှင်များသို့ ကြေညာသည်။ မဲဆန္ဒရှင်တိုင်းသည် ကိုယ်တိုင်မဲထည့်ရပြီး အခြားသူများအတွက် ကိုယ်စားမဲပေးခြင်းကို တားမြစ်ထားသည်။ ရွေးကောက်ပွဲနေ့ မဲမပေးမီ မဲရုံကော်မရှင်ဥက္ကဋ္ဌသည် မဲပုံးများကို စစ်ဆေးပြီး ကော်မရှင်အဖွဲ့ဝင်များ၊ လေ့လာစောင့်ကြည့်သူများ၊ မီဒီယာများရှေ့တွင် မဲပုံးကို ချိပ်ပိတ်ရသည်။ မဲရုံကော်မရှင်များသည် မဲဆန္ဒရှင်စာရင်းတွင်ပါဝင်ပြီး နိုင်ငံကူးလက်မှတ် သို့မဟုတ် အခြားအထောက်အထား စာရွက်စာတမ်းများ ပြနိုင်မှသာ မဲလက်မှတ်ကို ထုတ်ပေးသည်။ မဲဆန္ဒရှင်တစ်ဦးအား အပိုမဲစာရွက် ပေးခြင်းအား တားမြစ်ထားသည်။ မဲဆန္ဒရှင်သည် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်း မဲပေးနေစဉ် မဲဆန္ဒရှင်မှလွဲ၍ အခြားသူများရှိနေခြင်းကို တားမြစ်ထားသည်။ မဲဆန္ဒရှင်သည် မဲပေးနေစဉ် မဲလက်မှတ်ပေါ် မှားယွင်းသွားပါက ကော်မရှင်အဖွဲ့ဝင်တစ်ဦးထံ မဲလက်မှတ်အသစ်တောင်းခံနိုင်သည်။ ထုတ်ပေးခြင်းအတွက် ကော်မရှင်အဖွဲ့ဝင်မှ မှတ်တမ်းထားရှိရသည်။ ပျက်စီးသွားသော မဲလက်မှတ်အား စာရင်းပြုစုထားရှိရသည်။ မဲဆန္ဒရှင်တစ်ဦးသည် ဆန္ဒပြုပြီးသော မဲလက်မှတ်အား မဲပုံးထဲသို့ ထည့်ရသည်။ အချို့မဲဆန္ဒရှင်များသည် အကြောင်းအမျိုးမျိုးကြောင့် မဲစာရင်းတွင် ကျန်ရှိနေပါက ခိုင်လုံသော အထောက်အထား တင်ပြနိုင်လျှင် နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းပေးရသည်။

အထက်လွှတ်တော်ရွေးကောက်ပွဲအား (GBAO) Gorno Badakhshan ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ ကိုယ်စားလှယ်များ၊ ဒူရှန်းဘီမြို့ ကိုယ်စားလှယ်များ၊ ရီပတ်ဘလီကန်ဒေသ လက်အောက်ခံမြို့များ၊ ခရိုင်များမှ စုပေါင်းအစည်းအဝေး ကျင်းပ၍ ရွေးချယ်ကြသည်။ အစည်းအဝေးအား မဲဆန္ဒနယ်ဥက္ကဋ္ဌမှ ဖွင့်လှစ်ပြီး သဘာပတိအဖြစ် ဆောင်ရွက်သည်။ အထက်လွှတ်တော် ရွေးကောက်ပွဲအတွက် ဒေသကိုယ်စားလှယ်များ၏ စုပေါင်းအစည်းအဝေးကို ဒေသကိုယ်စားပြုသော မဲဆန္ဒရှင်၏ ထက်ဝက်ကျော် တက်ရောက်ပါက ရွေးချယ်မှုအထမြောက်သည်ဟု ယူဆသည်။ လိုအပ်သော မဲဆန္ဒရှင် ကိုယ်စားလှယ်အရေအတွက် မရှိပါက အစည်းအဝေးကို ရွှေ့ဆိုင်းရသည်။ အစည်းအဝေးကျင်းပသော အဆောက်အဦအတွင်းတွင် ကော်မရှင်သည် မဲပေးရန် နေရာတစ်ခုစီစဉ်ပေးရသည်။ မဲဆန္ဒရှင်ကိုယ်စားလှယ်ထက်ဝက်ကျော် မဲပေးခဲ့လျှင် ရွေးကောက်တင်မြှောက်ခြင်း အထမြောက်သည်ဟု ယူဆသည်။ မဲပေးမှုပြီးဆုံးပြီးနောက် သက်ဆိုင်ရာခရိုင် မဲဆန္ဒနယ်ကော်မရှင်သည် ချက်ချင်းပင် မဲများကို ရေတွက်သည်။ မဲဆန္ဒနယ်ကော်မရှင်ဥက္ကဋ္ဌမှ မဲရလဒ်ကြေညာပြီးနောက် အစည်းအဝေးကို ပိတ်သိမ်းသည်။

## မဲရလဒ်များ ထုတ်ပြန်ကြေညာခြင်း

ရွေးကောက်ပွဲအကြို ရလဒ်များအား ရွေးကောက်ပွဲကျင်းပပြီး ၂၄ နာရီအတွင်း မီဒီယာများမှ တစ်ဆင့် ကြေညာသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်သည် တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲရလဒ်များ၊ အထက်လွှတ်တော် ကိုယ်စားလှယ်စာရင်းများ၊ အောက်လွှတ်တော် ကိုယ်စားလှယ်စာရင်းများကို ရွေးကောက်ပွဲကျင်းပပြီးနောက် နှစ်ပတ်အတွင်း ပြည်သူလူထုအား ကြေညာရသည်။

## နိဂုံး

တာဂျစ်ကစ္စတန်သမ္မတနိုင်ငံသည် အခြားအာရှအလယ်ပိုင်းနိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံများကဲ့သို့ ခိုင်မာသော သမ္မတစနစ်ရှိသည့် နိုင်ငံဖြစ်သည်။ ပြည်သူ့ဒီမိုကရက်တစ်ပါတီမှ သမ္မတ Emomali Rahmon သည် ပြည်တွင်းစစ်ကာလဖြစ်သော ၁၉၉၄ ခုနှစ်မှစတင်၍ သမ္မတအဖြစ် အုပ်ချုပ်ခဲ့သည်။ ၂၀၀၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတသက်တမ်းအား ၅ နှစ်မှ ၇ နှစ်သို့ တိုးမြှင့်ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၆ ခုနှစ် သမ္မတရွေးကောက်ပွဲမှ စတင်အကျုံးဝင် ကျင့်သုံးခဲ့သည်။ ၂၀၀၆ ခုနှစ် သမ္မတရွေးကောက်ပွဲ၊ ၂၀၁၃ ခုနှစ် သမ္မတရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲများတွင် ပြည်သူ့ဒီမိုကရက်တစ်ပါတီမှ သမ္မတ Emomali Rahmon ကသာ အနိုင်ရရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲများတွင်လည်း ပြည်သူ့ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ်နေရာအများဆုံး အနိုင်ရရှိခဲ့သည်။ တာဂျစ်ကစ္စတန်နိုင်ငံတွင် တစ်ပါတီစနစ်လွှမ်းမိုးမှု ရှိသော်လည်း သမ္မတအား အစိုးရအုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်များက အပြန်အလှန် ထိန်းကျောင်းမှုရှိခြင်း၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှုရှိခြင်း၊ ပြည်တွင်းစစ်ပြီးဆုံးသည့် ၁၉၉၇ ခုနှစ်မှ စတင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူလူထု၏ လူနေမှုစနစ်၊ စီးပွားရေးစနစ်များ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်လျှောက်လှမ်းလျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။ ။

Ref:
https://en.wikipedia.org/wiki/Tajikistan
http://www.unesco.org/education/edurights/media/docs/ae8c0f7576f3d9f63ff2055592a9cb6b 7f95227a.pdf
https://en.wikipedia.org/wiki/President_of_Tajikistan
https://en.wikipedia.org/wiki/Politics_of_Tajikistan
https://en.wikipedia.org/wiki/Supreme_Assembly_(Tajikistan)
https:// www. legislationline. org/documents/action/popup/id/6930

# ဆည်ရေသောက်စနစ်မြှင့်တင်ပြုပြင်ခြင်းဖြင့် တောင်သူစီးပွားတိုးပွားစေမည်

ရွှေယွန်းစံ

*(ယမန်နေ့မှအဆက်)*

ထို့ပြင် ရေလှောင်တမံများ ဘေးကင်းလုံခြုံမှု ရှိစေရန်နှင့် အောက်ဘက်ရှိ မြို့ပြကျေးရွာများ အန္တရာယ်ကင်းစေရန်အတွက် (Dam Safety)လုပ်ငန်းစဉ်များကို စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် ကြံ့ခိုင်မှုစစ်ဆေးခြင်းကိုလည်း နေ့စဉ်၊ အပတ်စဉ် ပုံမှန်စစ်ဆေးမှုများဖြင့် ပြုလုပ်လျက်ရှိသည်။ နှစ်စဉ် မိုးရာသီမတိုင်မီ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ လေးဖွဲ့ဖြင့် အရေးကြီးသော ရေလှောင်တမံများကို ဦးစားပေးအလိုက် ကွင်းဆင်းစစ်ဆေးကာ အားနည်းချက်ရှိသည့်နေရာများ ရှာဖွေဖော်ထုတ်ပြီးကြံ့ခိုင်မှုရှိစေရန် အချိန်မီပြုပြင်လျက်ရှိသည်။

## ရေဘေးကာကွယ်ရေးတာများပြုပြင်

မိုးရာသီကာလ ရေဘေးကာကွယ်ရေးတာများ ပြုပြင်ထိန်းသိမ်းခြင်းနှင့်ပတ်သက်သည့် သရုပ်ပြပွဲများကို နှစ်စဉ်ပြုလုပ်၍ ပြည်သူထံ အသိပညာပေးလျက်ရှိသည်။ ဇွန်လပထမပတ်မှစတင်ပြီး အရေးပေါ်ပစ္စည်းများ စုဆောင်းခြင်းလုပ်ငန်းကို ဆောင်ရွက်သကဲ့သို့ အကယ်၍ မြစ်ရေကြီးမှုဖြစ်ပေါ်ပါက အချိန်နှင့် တစ်ပြေးညီ သိရှိရန် ၂၄ နာရီ ကင်းလှည့်စောင့်ကြည့်မည့် အစီအမံများကို ဆောင်ရွက်ထားသည်။

ရေကင်းတဲများကိုတာမိုင်(၄)မိုင်တွင်(၁)လုံးတည်ဆောက် ထားရှိကာ စောင့်ကြည့်သွားမည်ဖြစ်သလို စိုးရိမ်ရေမှတ်ရောက်သည်နှင့် တာမိုင် (၂) မိုင်တွင် ကင်းတဲ တစ်လုံးစီ ထပ်မံထည့်သွင်းတည်ဆောက်၍ အချိန်ပြည့်ကင်းလှည့်စောင့်ကြည့်ပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ဆည်တာတမံများ ကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်နေပြီး တစ်ဖက်မှလည်း တမံအောက်ဘက်ဒေသများတွင် တမံရေကြီးမှုကြုံတွေ့လာပါက ဒေသနေပြည်သူများကို ဘေးအန္တရာယ် ကင်းရှင်းသည့် ရေလွတ်နေရာများသို့ ရှာဖွေပို့ဆောင်ပေးနိုင်သည့် Flood Hazard Map များကို တောင်နဝင်း၊ ကညင်၊ မမြ၊ သုံးဆယ်၊ မုက္ခာ၊ ဆွာချောင်း၊ ဘောနီ၊ သဲကော၊ မာလဲနတ်တောင်၊ မြောက်ယမား၊ ဆင်သေနှင့် ငလိုက်စသည့် ရေလှောင်တမံ ၁၂ ခုတွင် ရေးဆွဲထားရှိပြီးဖြစ်သည်။

**"မိုးရွာသွန်းမှု နည်းပါးပြီး ဆည်အတွင်း ရေဝင်နည်းပါး၍ စိုက်ပျိုးရေမလုံလောက်မှုများ ကြုံတွေ့နေရသဖြင့် စိုက်ပျိုးရေကို အကျိုးထိရောက်စွာ ပေးဝေနိုင်ရန်၊ အလေအလွင့်နည်းပါးစေရန် ဆည်ရေသောက် ဧရိယာများတွင် ဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေးနှင့် ဆည်မြောင်းဆိုင်ရာ သုတေသနစီမံကိန်းကို (Pilot Areas) ရွေ့ပြေးဧရိယာများ သတ်မှတ်ဆောင်ရွက်လျက်ရှိ"**



မုန်းရေလှောင်တမံကို တွေ့ရစဉ်။

တမံအောက်ဘက်ဒေသများ ဘေးအန္တရာယ်ကြုံတွေ့ပါက အလျင်မြန်ဆုံး ဘေးလွတ်ရာသို့ စီမံဆောင်ရွက်ပေးနိုင်မည့် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်ကိုလည်း ရေလှောင်တမံနှင့် ရေဘေးကာကွယ်ရေးတာတစ်ခုချင်းအလိုက် ရေးဆွဲထားပြီး လိုက်နာဆောင်ရွက်လျက်ရှိသည်။

"အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်အရ အရေးပေါ်အခြေအနေ အဆင့်သုံးဆင့် သတ်မှတ်ထားပြီးတော့ အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်အလံတွေကို ရေလှောင်တမံ၊ ရေဘေး ကာကွယ်ရေးတာတွေနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှာ စိုက်ထူပြီးတော့ ပြည်သူတွေကို အသိပေးနိုင်အောင် ဆောင်ရွက်ထားတယ်။ အဓိကကအရေးပေါ် အခြေအနေဖြစ်ပေါ်မယ်ဆိုရင် လျင်လျင်မြန်မြန် တုန့်ပြန်ဆောင်ရွက်တတ်ဖို့၊ ထိခိုက်မှုအနည်းဆုံးဖြစ်ဖို့အထိ ဆက်သွယ်ရေးလမ်းကြောင်းကအစ သက်ဆိုင်ရာအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်တွေအထိပါအောင် ရေးဆွဲထားတယ်။ ဒါတွေကို ပြည်သူတွေသိအောင်၊ ပါဝင်ဆောင်ရွက်တတ်အောင် အသိပညာပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ် "ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးမြင့်စိုးက ရှင်းပြသည်။

## ကြံ့ခိုင်မှုအားဖြည့်ဆောင်ရွက်

ရေလှောင်တမံများ၏ ငလျင်ဒဏ်ခံနိုင်ရည်ရှိမှုကို ယနေ့ခေတ်အခြေအနေနှင့် ကိုက်ညီသည့် အချက်အလက်များကို အသုံးပြုကာ ခေတ်မီနည်းပညာဖြင့် ပြန်လည်တွက်ချက်ပြီး ကြံ့ခိုင်မှုအားဖြည့် ဆောင်ရွက်ခြင်းများကို ရဲနွယ်တမံနှင့် မုန်းတမံတို့တွင် ကနဦး စတင်နိုင်ရန် စီမံဆောင်ရွက်နေပြီဖြစ်သည်။

ရာသီဥတုထူးကဲစွာပြောင်းလဲမှုဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှု နည်းပါးပြီး ဆည်အတွင်း ရေဝင်နည်းပါး၍ စိုက်ပျိုးရေမလုံလောက်မှုများကြုံတွေ့နေရသဖြင့် စိုက်ပျိုးရေကို အကျိုးထိရောက်စွာ ပေးဝေနိုင်ရန်၊ အလေအလွင့်နည်းပါးစေရန် ဆည်ရေသောက် ဧရိယာများတွင် ဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေးနှင့် ဆည်မြောင်းဆိုင်ရာ သုတေသနစီမံကိန်းကို (Pilot Areas) ရွေ့ပြေးဧရိယာများ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ယခု ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေးနှင့် ဆည်မြောင်းဆိုင်ရာ သုတေသနလုပ်ငန်းစီမံကိန်းများအနေဖြင့် နေပြည်တော်၊ စစ်ကိုင်းတိုင်း၊ မန္တလေး၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆည်ရေသောက်စနစ် ၁၂ ခုတွင် ကွက်ဆင့်သောက် လယ်မြေဧက ၆၉၀၀ အား( Topographic Survey )တိုင်းတာခြင်း၊ ကွင်းမြေပုံထုတ်ခြင်း၊ ပုံစံထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ပေါင်းလောင်း၊ ချောင်းမငယ်၊ မဲဇလီဆည်၊ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးနှင့် မြောက်နဝင်းဆည်ရေသောက် ငါးခုရှိရွေ့ပြေးဧရိယာ ၂၁၇၁ ဧကအတွင်း တူးမြောင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ လယ်ကြားရေပေးမြောင်းများ တူးဖော်ခြင်း၊ ရေထုတ်ပေါက် ရေတံခါးများ တပ်ဆင်ခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်လျက်ရှိသည်။

## လိုအပ်ချက်အလိုက် ဦးစားပေး

ထိုကဲ့သို့ ဆည်တာတမံများ ကြံ့ခိုင်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းခြင်း၊ ရေသောက် စနစ်များ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ရေစီမံခန့်ခွဲမှုစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ တောင်သူများအတွက် မရှိမဖြစ် လိုအပ်သည့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ၊ မြို့ရွာများနှင့် စိုက်ပျိုးပြီးသီးနှံများ ရေကြီးနစ်မြုပ်မှုမရှိစေရေးအတွက် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများကို လိုအပ်ချက်အလိုက် ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ရင်းဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ပြည်သူတို့၏ အကျိုးစီးပွား၊ ဒေသခံတောင်သူများ၏ အကျိုးစီးပွားကို ကြိုးစားဖော်ဆောင်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။



မဲဇလီဆည်ရေသောက်စနစ်မှ စိုက်ပျိုးရေပေးဝေနေမှုကို တွေ့ရစဉ်။



မြူးချောင်းရေလွှဲဆည်ရေထိန်းတံခါးကို တွေ့ရစဉ်။

# တမူးမြို့နယ်၌ မိုးစပါးများ လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်

**တမူး စက်တင်ဘာ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၌ ၂၀၂၁ ခုနှစ် မိုးစပါးရာသီတွင် ဧက ၄၈၈၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ယခု ၄၉၄၇၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ၆၇၂ ဧက ကျော်လွန်စိုက်ပျိုးနိုင်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၀၁ ဒသမ ၃၈ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း တမူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆန်းဦးထံမှ သိရသည်။

မိုးစပါးများ စိုက်ပျိုးခဲ့ရာတွင် အစိုးရ ဆည်ငယ် ကန်ငယ်စနစ်နှင့် ပုဂ္ဂလိက ဆည်ငယ် ကန်ငယ်စနစ်ဖြင့် ၂၀၇၇၆ ဧက၊ ချောင်းပိတ် မြောင်းပိတ်စနစ်ဖြင့် ၁၈၁၄၈ ဧက၊ မိုးကောင်းသောက်စနစ်ဖြင့် ၁၀၅၄၈ ဧက စုစုပေါင်း ၄၉၄၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သည်။


မိုးစပါးများ စိုက်ပျိုးနေမှုကို တွေ့ရစဉ်။

မိုးစပါးများ အထွက်နှုန်းတိုးရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆန်းဦးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာအုပ်စုများအလိုက် ကွင်းဆင်း၍ ပျိုးသက်နု ကောက်ကွက်ကြဲစနစ်ဖြင့် စိုက်ပျိုးစေခြင်း၊ ပျိုးပေါင်စနစ်ဖြင့် စိုက်ပျိုးစေခြင်း၊ မျိုးစေ့ချကိရိယာဖြင့် အတန်းလိုက် စိုက်ပျိုးခြင်း၊ သဘာဝမြေသြဇာများကို အချိုးကျစွာ စနစ်တကျ အသုံးပြုရေးနှင့် သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို တောင်သူများသိရှိပြီး လက်တွေ့အသုံးချနိုင်ရေးအတွက် ကွင်းဆင်းပညာပေးမှုများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကြီး(တမူး)**

# ရောင်းအားအဆမတန်ကျသဖြင့် ပဲခူးတိုင်းဒေသကြီးရှိ ပန်းစိုက်ပျိုးရေးခြံများ အခက်ကြုံနေ

**ပဲခူး စက်တင်ဘာ ၁၂**
ယခုနှစ်တွင် ကိုဗစ်-၁၉ ကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပန်းစိုက်ပျိုးရေးခြံများအနေဖြင့် နေ့စဉ် ရောင်းအားအဆမတန်ကျဆင်းနေပြီး အခက်ကြုံနေရကြောင်း ဒေသခံများထံမှ သိရသည်။

"ပြီးခဲ့တဲ့နှစ် နွေရာသီမှာ တောင်ငူမြို့တစ်မြို့တည်းအတွက် နေ့စဉ် စံပယ်အဖူးရေ လေးသိန်းခွဲကနေ ငါးသိန်းလောက် လိုအပ်ချက်ရှိတယ်။ အဲဒီလိုအပ်တဲ့ပမာဏထဲမှာ အဘခြံတစ်ခုတည်းကနေ နေ့စဉ် စံပယ်ပန်းအဖူးရေ နှစ်သိန်း ရောင်းအားရှိခဲ့တယ်။ မနှစ်က နွေရာသီကစပြီးတော့ နေ့စဉ် ပန်းအဖူးရေ လေးသောင်းလောက်ပဲ ရောင်းအားရှိပြီး အခုဆိုရင် နှစ်သောင်းဝန်းကျင်ပဲ ရောင်းရပါတော့တယ်။ ဈေးတွေပိတ်ထားတာအပြင် အသွားအလာတွေ နည်းပါးသွားတာကြောင့်ပါ"ဟု တောင်ငူမြို့ ဘော်နင်းရွာမှ ပန်းစိုက်တောင်သူ ဦးခင်မောင်မြင့်က ပြောသည်။

လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအပြင် နိုင်ငံရေးအခြေအနေ အပြောင်းအလဲများကလည်း ပန်းဈေးကွက်အပေါ် အကျိုးသက်ရောက်မှုရှိကြောင်း သိရသည်။ "ပန်းဆိုတာက မသုံးမဖြစ် မဟုတ်ဘူးလေ။ ကားတွေမှာ ချိတ်ဆွဲမယ်၊ ဘုရားပွဲတွေမှာ ကပ်လှူမယ်၊ ဒီလောက်ပဲရှိတာ။ အခုချိန်မှာ လူတွေ အဓိကစိတ်ဝင်စားနေတာ၊ လိုအပ်နေတာက ရိက္ခာ၊ ကုန်ခြောက်နဲ့ အစားအစာတွေဆိုတော့ ဒါတွေပဲ ဦးစားပေးဝယ်နေကြတာ။ ခြံထဲကပန်းရုံတွေကို လုပ်သားစရိတ်ကာမိအောင်ပဲ ထိန်းပြီးလုပ်ကိုင်နေရတယ်"ဟု ဦးခင်မောင်မြင့်က ပြောသည်။

မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရှိရသည့် စံပယ်မျိုး ခြောက်မျိုးအနက် တစ်နှစ်ပတ်လည်လုံး ပန်းပွင့်သည့် ရေမွှေးစံပယ်အပြင် ဆောင်းစံပယ်နှင့် နှစ်ထပ်စံပယ်တို့ကိုလည်း စီးပွားဖြစ်စိုက်ပျိုးလေ့ရှိကြသည်။

**နန်းထက်ထက်ချစ်**

# ဒီပဲယင်းမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကွင်းဆင်းအသိပညာပေး

**ဒီပဲယင်း စက်တင်ဘာ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါသီးနှံ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးပညာပေး ကွင်းဝန်ထမ်းများက ကျေးရွာများသို့အရောက် ကွင်းဆင်းပြီး ဝါသီးနှံအထွက်နှုန်း တိုးတက်မြင့်မားစေရန် ဆောင်ရွက်ရမည့် အထွက်တိုးနည်းစနစ် ၁၀ ချက်ကို တောင်သူများအား ရှင်းလင်းဆွေးနွေး ပညာပေးခြင်းနှင့် ရွေတောင် (၈) ဝါမျိုးသန့်မျိုးစေ့များကို ကျေးရွာများမှ ဝါစိုက်တောင်သူများထံသို့ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးနှောင်းချည်မျှင်ရှည်ဝါသီးနှံကို ကျယ်ပြန့်စွာစိုက်ပျိုးခြင်းဖြင့် တောင်သူများ တစ်ဦးချင်းဝင်ငွေတိုးပွားခြင်း၊ လယ်လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိခြင်းနှင့် ဝါမျိုးကောင်းမျိုးသန့် အသုံးပြုစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကောင်းပြီး ဝါဂွမ်းအရည်အသွေး ပိုမိုကောင်းမွန်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအေးမင်းထွန်းက ဝါစိုက်တောင်သူများအား ပညာပေးဆွေးနွေး၍ ဝါမျိုးစေ့များ ထောက်ပံ့ပေးခြင်းဖြစ်သည်။

ဒီပဲယင်းမြို့နယ်အနေဖြင့် ၂၀၂၁ ခုနှစ် မိုးရာသီတွင် မိုးနှောင်းချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သပိတ်လဲကျေးရွာအုပ်စုမှ တောင်သူ ၁၇ ဦးကို ရွေးချယ်ပြီး ဝါသီးနှံဧက ၅၀ ကို စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ မိုးစပါး ၅၂၆၇၁ ဧက စိုက်ပျိုးပြီးစီး

**မြို့သစ် စက်တင်ဘာ ၁၂**
မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ၂၀၂၁ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါးသီးနှံ လျာထားဧကပြည့်မီရေးအတွက် တောင်သူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ ရက်အထိ မိုးစပါး ၅၂၆၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော် အခုစိုက်ပျိုးထားတာကတော့ ရောမင်းစပါးမျိုးဖြစ်ပါတယ်။ ၂၀၂၁ မိုးစပါး ငါးဧကစိုက်ခင်းဖြစ်ပြီး မျိုးကတော့ စိုက်ပျိုးရေးဦးစီးဌာနထုတ် ဖြစ်ပါတယ်။ နတ်မောက်ဆည်ရေသောက်နဲ့ စိုက်ပျိုးထားတာပါ။ စိုက်တဲ့နည်းစနစ်ကတော့ အတန်းလိုက်စိုက်ပျိုးနည်းစနစ်ဖြစ်ပါတယ်။ စိုက်ပြီး ၁၅ ရက်သားမှာ ပေါင်းသတ်ဆေးဖျန်းပြီးတော့ သုံးရက်အကြာမှာ ဓာတ်မြေသြဇာကြဲပက်ပါတယ်။ ကုန်ကျစရိတ်အနေနဲ့ တစ်ဧကကို ကျပ်ရှစ်သောင်းနှုန်း ကုန်ကျပါတယ်။ ကျွန်တော်တို့အနေနဲ့ စပါးအထွက်နှုန်းကောင်းအောင် စိုက်ပျိုးပြုပြင်ရပြီး စိုက်ပျိုးပြီး ရက် ၁၅၀ ပြည့်တာနဲ့ ရိတ်သိမ်းခြွေလှေ့စက်နဲ့ ရိတ်သိမ်းမှာဖြစ်ပါတယ်။ တစ်ဧကကို တင်း ၈၀ နှုန်း ထွက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်"ဟု ကွက်သစ်ရပ်ကွက်မှ ရောမင်းမိုးစပါးစိုက်တောင်သူ ဦးလှမြင့်ကြည်က ပြောသည်။

မြို့သစ်မြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင် အစိုးရဆည်တမံများဖြစ်သည့် ဆဒ္ဒန်၊ စွန်၊ ပုလင်း၊ ဘုတ်ချောင်း၊ နတ်မောက်တမံတို့အပြင် ဆည်ငယ် ကန်ငယ်၊ မိုးကောင်းသောက်စနစ်စသည့် နည်းမျိုးစုံဖြင့် စိုက်ပျိုးကြပြီး ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၅၉၅၉၅ ဧက စိုက်ပျိုးရန် လျာထားရာ ၅၂၆၇၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်မိုးလွင်ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးနဲမြို့တွင် DU-12 စပါးမျိုးများကို အစေ့ချကိရိယာဖြင့် စမ်းသပ်စိုက်ပျိုး

**မိုးနဲ စက်တင်ဘာ ၁၂**
ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အစေ့ချကိရိယာ (Seeder)ဖြင့် DU–12 စပါးမျိုးခြောက်ဧကကို နောင်မြိုင်းကျေးရွာအုပ်စုနှင့် နမ့်မော်ဆွမ့်ကျေးရွာအုပ်စုတို့တွင် စက်တင်ဘာ ၁၀ ရက်က ဆက်လက် စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နမ့်မော်ဆွမ့်ကျေးရွာအုပ်စုမှ တောင်သူတစ်ဦး၏ လယ်သုံးဧကနှင့် နောင်မြိုင်းကျေးရွာအုပ်စုမှ တောင်သူတစ်ဦး၏ လယ်သုံးဧကတို့တွင် စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ပြီး DU–12 မျိုးစပါးကို အစေ့ချကိရိယာဖြင့် စိုက်ပျိုးရာတွင် နှစ်ရက်ကြာ ရေစိမ်၍ အညှောက်ဖောက်ထားကာ မျိုးစပါးစေ့၏ အစာပါးစပ်ပြုချိန်တွင် လယ်မြေအတွင်းသို့ တိုက်ရိုက်ချ၍ စိုက်ပျိုးရကြောင်း၊ အစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းဖြင့် စပါးမျိုးပျိုးထောင်ရန် အချိန်ကုန်သက်သာခြင်း၊ ပျိုးနုတ်ခြင်းနှင့် ရွှေ့ပြောင်းစိုက်ပျိုးမှု သက်သာခြင်း၊ အလုပ်သမားရှားပါးမှု အခက်အခဲကို ပြေလည်စေပြီး လုပ်အားခသက်သာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးက ပြောသည်။

**မျိုးညွန့်ရွှေ(ပြန်/ဆက်)**



# မိုင်းပျဉ်းမြို့၌ မိုးစပါး ၁၃၃၇၅ ဧက စိုက်ပျိုးပြီးစီး

**မိုင်းပျဉ်း စက်တင်ဘာ ၁၂**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ရာသီအတွင်း မိုးစပါး ၁၃၃၇၅ ဧကကို စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ဩဂုတ်လနောက်ဆုံးပတ်စာရင်းများအရ သိရသည်။

မိုးစပါးများစိုက်ပျိုးရာတွင် မိုးကောင်းရေသောက်စနစ်ဖြင့် စိုက်ပျိုးကြရာ လယ်စပါး ၅၆၁၅ ဧက၊ ယာစပါး ဧက ၁၉၉၀ နှင့် တောင်ယာစပါး ဧက ၅၇၇၀ စုစုပေါင်း ၁၃၃၇၅ ဧကကို စိုက်ပျိုးပြီးစီးနေခြင်းဖြစ်ကြောင်းနှင့် စပါးအထွက်နှုန်းတိုးရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးထက်နှင့် ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်း၍ မြေမှန် မျိုးမှန် ရာသီမှန်စိုက်ပျိုးရန်၊ မျိုးကောင်းမျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးရန်၊ သွင်းအားစုများထည့်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းတို့ကို အချိန်မီလုပ်ဆောင်ရန် အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

# အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော အကြမ်းဖက်သမားများကို ခိုလှုံခွင့် (သို့မဟုတ်) ယာယီနေထိုင်ခွင့်ပေးထားသည့် အဆောက်အဦများနှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်နေမှုအပေါ်တွင် မလိုလားသော အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ ယင်းကဖွဲ့စည်းထားသော NUG ၊ ယင်းကဖွဲ့စည်းသည့် PDF နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက နိုင်ငံတစ်ဝန်း ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ထိုသို့လုပ်ဆောင်ရာတွင် တိမ်းရှောင်၊ ပုန်းခိုနေထိုင်ရန်အတွက် နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းသုံးစွဲခဲ့ကြပြီး အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။**

ထိုသို့ ဆောင်ရွက်ရာတွင် သာဓကအားဖြင့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေးစုအနောက်ကျေးရွာရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော နေအိမ်တစ်ထပ်တိုက်အတွင်းမှ လက်နက်မျိုးစုံ ၂၅ လက်၊ လက်ပစ်ဗုံး ၇၂ လုံး၊ ဖျူ့စ် ၇၁ ခု၊ ကျည်ဘောက်မျိုးစုံ ၁၄ ခု၊ TNT ယမ်း ၁၅၆ တောင့်၊ ဒီတိုနေတာ ၅၄၀ ချောင်း၊ ကျည်ခါးပတ် ၂ ခုအပါ ၄ ဘူး၊ ၁၂ ဘို့ကျည်(ယမ်းမပါ) ၂၇ တောင့်၊ (ယမ်းပါ) ၂၅ တောင့်၊ စက်လတ်ကျည်ခါးပတ်တွဲ ၃ ခု၊ ကျည်မျိုးစုံ ၃၂၈၅ တောင့်တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။ ထို့အတူ ဇွန်လ ၂၂ ရက်နေ့၊ နံနက် ၈ နာရီ၊ ၁၅ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၁၁(E)လမ်းရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော အိမ်အမှတ် ၁၁၆/ဖ-၁၉ ၌ အကြမ်းဖက်သောင်းကျန်းသူများ ရောက်ရှိခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးစဉ် အကြမ်းဖက်သောင်းကျန်းသူများမှ အဆိုပါတိုက်ခန်းအတွင်းမှနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမား ၆ ဦးသေဆုံးကာ အကြမ်းဖက်သမား ၈ ဦးအား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းအများအပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အလားတူ ဩဂုတ်လ ၁၄ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် အင်းစိန်မြို့ပတ်ရထားသည် အလုံဘူတာနှင့် ပန်းလှိုင်ဘူတာကြား အရောက်၌ အဆိုပါရထားပေါ်တွင် လုံခြုံရေးလိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၅ ဦးကျဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သော လက်နက် ၄ လက်နှင့် ခဲယမ်းအချို့တို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားခဲ့သည့်ဖြစ်စဉ်တွင် အကြမ်းဖက်တိုက်ခိုက်သော တရားခံများကို စိစစ်ဖော်ထုတ်ချက်များအရ ရန်ကုန်မြို့တွင်းရှိ နေအိမ်၊ တိုက်ခန်းများအား ကာလတို ငှားရမ်းပြီး ဖြန့်ခွဲနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် အကြမ်းဖက်မှုများကျူးလွန်နိုင်ရန်အတွက် ကြိုတင်ကြံစည်၍ နေအိမ်၊ တိုက်ခန်းများကို ကာလတို ငှားရမ်းနေထိုင်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်သိရှိခဲ့ရသည့်အတွက် နေအိမ်၊ တိုက်ခန်းငှားရမ်းသူ အိမ်ရှင်များအနေဖြင့်လည်း မိမိတို့၏ နေအိမ်၊ တိုက်ခန်းများအား ငှားရမ်းမည်ဆိုပါက ငှားရမ်းနေထိုင်သည့်သူများနှင့် ပတ်သက်၍ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇ အရ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားရန် တာဝန်ရှိသည့်အတွက် ငှားရမ်းနေထိုင်သူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထား ပြည့်စုံစွာဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ ဧည့်စာရင်းတိုင်ကြားရန်နှင့် မိမိငှားရမ်းထားသောသူများသည် သံသယဖြစ်ဖွယ်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ တာဝန်ရှိသူများကို အချိန်မီသတင်းပို့အကြောင်းကြားခြင်းဖြင့် အိမ်ရှင်များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ နေအိမ်၊ တိုက်ခန်း ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း ဖော်ထုတ်ရရှိပါက နေအိမ်၊ တိုက်ခန်းများ ငှားရမ်းစဉ် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက ငှားရမ်းသည့် ပိုင်ရှင်များတွင် တာဝန်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခံရမည့်အပြင် အဆိုပါငှားရမ်းထားသည့်နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူ ဆောင်ရွက်သည့်အမှုများနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## ကျောက်ကြီးမြို့နယ်၌ (၁၃၃) ကြိမ်မြောက် ရှင်ဥပဂုတ္တမီးမျှောပူဇော်ပွဲအား ရိုးရာမပျက်ကျင်းပမည်

**ကျောက်ကြီး စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့၌ (၁၃၃) ကြိမ်မြောက် ရှင်ဥပဂုတ္တမီးမျှောပူဇော်ပွဲအား ရိုးရာမပျက် ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီ ယနေ့နံနက် ၁၀ နာရီတွင် ပြုလုပ်သည့် အစည်းဝေးဆုံးဖြတ်ချက်အရ သိရသည်။

အဆိုပါပွဲတော်ကို မြို့နယ်သံဃာ့ဝန်ဆောင်ဥက္ကဋ္ဌ ရှင်သီဝလိတောင်တော်မြတ်၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တစန္ဒိမာ မိန့်ကြားချက်အရ ကျောက်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပွဲတော်ကျင်းပရေးကော်မတီဝင်များက စက်တင်ဘာ ၁၇ ရက်မှ စတင်ပြီး စက်တင်ဘာ ၁၉ ရက်အထိ ကျောက်ကြီးမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအား ရှင်ဥပဂုတ္တရဟန္တာမြတ်နှင့် မြို့တွင်းဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်သံဃာတော်များက နံနက်ဆွမ်းခံကြွ အပူဇော်ခံခြင်း၊ လပြည့်နေ့ နံနက်ပိုင်းတွင် ကျောက်ကြီးမြို့ လယ်တံပေါ်တွင် ရိုးရာထမင်းထုပ် အထုပ် ၁၃၃၀ ဝေငှပေးသွားမည်ဖြစ်ပြီး ညပိုင်းတွင် ကျောက်ကြီးမြို့လယ်ချောင်းအတွင်း မီးကြာခွက် ၁၃၃၀ မျှောခြင်းကို ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ရိုးရာမပျက်ကျင်းပမည်ဖြစ်သည်။

ရှင်ဥပဂုတ္တ မီးမျှောပူဇော်ပွဲသည် ကျောက်ကြီးမြို့နယ်၏အစဉ်လာကြီးမားသော ဘာသာရေးပွဲတော်ကြီး ဖြစ်သည့်အပြင် နယ်မြေလူထုကများစွာ စိတ်ဝင်စားကြကာ အထူးသဖြင့် တောင်သူလယ်သမားများ၏ ထွန်တုံးပိတ် အမွှမ်းတင်သည့် ပွဲတော်ဖြစ်သည်။ ယမန်နှစ် (၁၃၁) ကြိမ်မြောက်အထိကို မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကြီးများအား လှေအသင်း ၁၀၀ ကျော်ဖြင့် မြို့လယ်ချောင်းအတွင်း၌ အမျိုးသား ၅ တက်၊ အမျိုးသမီး ၇ တက် ယှဉ်ပြိုင်သည့် ပြိုင်ပွဲများ ထည့်သွင်းကျင်းပခြင်းတို့အပြင် အမျိုးသားချောတိုင်တက်ပွဲ၊ ပုဏ္ဏားယိမ်း၊ အမျိုးသမီးတက်ခုတ်ယိမ်းနှင့် မြို့နယ်အားကစားကွင်း၌ ကျေးရွာအုပ်စုများမှ ဘောလုံးပြိုင်ပွဲများ ကျင်းပသည်။ ညပိုင်းတွင် ရှင်ဥပဂုတ္တရဟန္တာမြတ်အား မီးမျှောပူဇော်ကြပြီး အငြိမ့်ဇာတ်ပွဲများ ထည့်သွင်းကျင်းပကြပြီး ယခုနှစ်တွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားနေချိန်ဖြစ်၍ လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ပြိုင်ပွဲအစီအစဉ်များ မထည့်သွင်းတော့ဘဲ ရိုးရာအစဉ်အလာမပျက်အောင် ပွဲတော်ကျင်းပခြင်းဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

မြို့နယ်
(ပြန်/ဆက်)

## မိုင်းပျဉ်းမြို့၌ သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့

**မိုင်းပျဉ်း စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ယနေ့နံနက် ၉ နာရီမှ စတင်ကာ လူမှုရေးပင်စင် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်း မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

လူမှုရေး ပင်စင်အဖြစ် သက်ကြီးဘိုးဘွားများအား နိုင်ငံတော်မှ တစ်လလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ်ထောက်ပံ့ပေးလျက်ရှိပြီး ယခု ထောက်ပံ့ငွေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ တတိယသုံးလပတ်အတွက် ပေးအပ်ခြင်းဖြစ်ပြီး မိုင်းပျဉ်းမြို့နယ်တွင် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၄၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၃၂၀၀၀၀ ကို ထောက်ပံ့ပေးအပ်မည်ဖြစ်သည်။

အဆိုပါ ထောက်ပံ့ငွေများကို မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက အိမ်တိုင်ရာရောက် လိုက်လံ ထောက်ပံ့ပေးအပ်ပြီး ခရီးဝေးကွာသည့် ကျေးရွာအုပ်စုများရှိ သက်ကြီးဘိုးဘွားများအား ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးဝန်ထမ်းများမှတစ်ဆင့် ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



## စဥ့်ကိုင်မြို့နယ်၌ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး

**စဥ့်ကိုင် စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ မြို့နယ်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက လူကုန်ကူးမှုလျော့နည်းပပျောက်သွားစေရန် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စာပေချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ စာရေးဆရာ ရွှေ့နေ ဦးဝင်းကြည်က လူကုန်ကူးမှုဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးဦးက အခြားသူ တစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ၊ခေါင်းပုံဖြတ်ခြင်းအလို့ငှာ လူများကို သိမ်းသွင်းစုဆောင်းခြင်း ၊ သယ်ယူပို့ဆောင်ခြင်းလွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ သို့မဟုတ် လက်ခံခြင်းကို ဆိုလိုကြောင်း၊ တိုင်းပြည်အတွင်းလူကုန်ကူးမှုဖြစ်စဉ်များ ပိုမိုလျော့နည်းပပျောက်ရေးအတွက် ၂၀၂၁ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ရည်ရွယ်ချက်လေးရပ်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း ဆွေးနွေးပြီး တရားလွှတ်တော်ရှေ့နေ ဦးတိုက်ကြည်က လူကုန်ကူးမှုနှင့် ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို/ ရေရှည်စီမံကိန်း လက်ရှိကာလ၏ လိုအပ်ချက်များကိုလည်း ချိန်ညှိရေးဆွဲရန်လို

**မြစ်ကြီးနား စက်တင်ဘာ ၁၂**

ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရေး ပြည်နယ်ဘဏ္ဍာ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၁ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်ရာတွင် ရေတို/ ရေရှည်စီမံကိန်းသည် ပြည်နယ်၏ အနာဂတ်အတွက် စီမံရေးဆွဲရမည်ဖြစ်သလို လက်ရှိကာလ၏ လိုအပ်ချက်များကိုလည်း ချိန်ညှိရေးဆွဲရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ပြည်နယ်၏ စီမံကိန်းရေးဆွဲချမှတ်ရာတွင် နိုင်ငံတော်၏ လိုအပ်ချက်၊ လိုလားချက်နှင့် မျှော်မှန်းချက်များအပေါ်မူတည်ပြီး ရွေးချယ်မှုနှင့် ရည်မှန်းချက် ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများကို တိုက်ရိုက်အကျိုးပြု ဖြစ်ထွန်းနိုင်မည့် လုပ်ငန်းများဖြစ်စေရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။




ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ နိုင်ငံတော်၏ လမ်းညွှန်ချက်၊ ပြည်နယ်အစိုးရ၏ စီးပွားရေးမူဝါဒ ရည်မှန်းချက်များ အပေါ်အခြေခံ၍ ရေးဆွဲဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားပြီး ပြည်နယ်စီမံကိန်းရေးဆွဲဦးစီးဌာန ဦးစီးမှူး ဒေါ်ဟန်အေးက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရေတို/ရေရှည်လုပ်ငန်းစီမံကိန်းများ ရေးဆွဲဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးစားပေး စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့်ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာဌာနအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ဆိုင်ရာကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍများအလိုက် ရေတို/ ရေရှည်ကာလများအတွက် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူများကို တိုက်ရိုက်အကျိုးပြုစေပြီး ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကွာဟမှုမရှိစေရေးကို အလေးထားဆောင်ရွက်သွားရေး၊ ရေတိုကာလအတွက် အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းများဖြစ်စေရေးနှင့် ကိုဗစ်အလွန်ကာလများတွင် ထိခိုက်နိုင်သည့် စီးပွားရေးကဏ္ဍများကို ပြန်လည်ကုစားပေးနိုင်သည့် စီမံကိန်းလုပ်ငန်းများဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း




❍ *ကျောဖုံးမှ*

ခန်းမ၌ စက်တင်ဘာ ၁၂ရက်နေ့အထိ ဟိုတယ်/တည်းခိုရိပ်သာများမှဝန်ထမ်း ၁၅၆၅ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကာ ကျန်ရှိဟိုတယ်ဝန်ထမ်းများကိုလည်း ဆက်လက်ထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်ထံမှ သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ လာရောက်လည်ပတ်မည့် ခရီးသွားပြည်သူများ၊ ပြည်ပဧည့်သည်များအား ဘေးကင်းလုံခြုံသော ခရီးသွားကဏ္ဍအဖြစ် ဖော်ဆောင်ပေးနိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲလက်အောက်ရှိ ဟိုတယ်/တည်းခိုရိပ်သာများနှင့် ခရီးသွားကဏ္ဍများတွင် ဝန်ဆောင်မှုပေးလျက်ရှိသော ညောင်ဦးမြို့နယ် ပုဂံမြို့၊ ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့နယ်ရှိ ဟိုတယ်/တည်းခိုရိပ်သာဝန်ထမ်းများ၊ ခရီးသွားသယ်ယူပို့ဆောင်ရေးအသင်းမှ အသင်းသားအသင်းသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များမှ အသင်းသား အသင်းသူများ၊ ဧည့်လမ်းညွှန်အသင်းမှ အသင်းသားအသင်းသူများ၊ ခရီးသွားကုမ္ပဏီ ငါးခုမှ အသင်းသား အသင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထိုးနှံပေးခြင်းဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) မှ ဦးဝင်းအောင် (ဒုတိယညွှန်ကြားရေး မှူး)၊ ဦးမျိုးမင်းအောင် (လက်ထောက်ညွှန်ကြားရေးမှူး)တို့၏ ပေါင်းစပ်စီစဉ်မှု၊ ကျန်းမာရေးဝန်ထမ်းများ၏ ကူညီအားဖြည့်မှု၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကူညီဆောင်ရွက်ပေးမှုနှင့်အတူ ညောင်ဦးမြို့ Royal Palace ဟိုတယ်၊ BOB Balloon အဖွဲ့နှင့် သံတဲဟိုတယ်တို့မှ ဝိုင်းဝန်းကူညီပံ့ပိုးကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

❖ *ကျောဖုံးမှ*

ဗိုလ်လုပွဲတွင် အသက် ၁၉ နှစ်အရွယ် ကနေဒါတင်းနစ်မယ် ဖာနန်ဒက်ဇ်ကို အနိုင်ရရှိခဲ့သောကြောင့် ဆုကြေးငွေ ပေါင် ၁ ဒသမ ၈ သန်းကို ရရှိပိုင်ဆိုင်ခဲ့သည်။ ထို့အပြင် ရာဒူကာနူသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ၁၅၀ မှ ၂၃ အထိ တက်လှမ်းခွင့်ရှိမည်ဖြစ်ပြီး ဗြိတိန်တွင်လည်း နံပါတ်တစ် တင်းနစ်မယ် ဖြစ်လာမည် ဖြစ်သည်။

ရာဒူကာနူသည် ၁၉၆၈ ခုနှစ် ဗာဂျီနီယာဝေဒီနောက်ပိုင်း Flushing Meadows ၌ ဆုဖလားရရှိသည့် ပထမဆုံး ဗြိတိန်အမျိုးသမီး တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သလို ၂၀၀၄ ခုနှစ်တွင် ဝင်ဘယ်လ်ဒန်၌ မာရီယာ ရှာရာပိုဗာနောက်ပိုင်း ဂရင်းဆလမ်းချန်ပီယံဆုကို ဆွတ်ခူးနိုင်သည့် အသက်အငယ်ဆုံး အမျိုးသမီး တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် ဂရင်းဆလမ်းချန်ပီယံဆုကို ဆွတ်ခူးနိုင်သည့် အသက်အငယ်ဆုံး ဗြိတိန်အမျိုးသမီး တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ရာဒူကာနူသည် ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ၌ ပထမအဆင့်တွင် ဗိုဂီလီကို ၆-၂ ၆-၃၊ ဒုတိယ အဆင့်တွင် ရှောင်ကို ၆-၂ ၆-၄၊ တတိယအဆင့်တွင် တော်မိုကို ၆-၀ ၆-၁ ၊ ၁၆ ဦးအဆင့်တွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၄၃ ရှိသည့် ရော်ဂျာကို ၆-၂ ၆-၁ ၊ ကွာတားဖိုင်နယ်တွင် ကမ္ဘာ့သတ်မှတ်ချက် အဆင့် ၁၁ ရှိသည့် ဘင်းဆစ်ကို ၆-၃ ၆-၄၊ ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၇ ရှိသည့် ဆက်ကာရီကို ၆-၁ ၆-၄ ဖြင့် အနိုင်ရရှိခဲ့သလို ဗိုလ်လုပွဲတွင်လည်း ဖာနန်ဒက်ဇ်ကို ၆-၄ ၆-၃ ဖြင့် ထိုက်ထိုက်တန်တန် အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၂**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များနှင့် ပျဉ်းမနားမြို့ ဘိုးဘွားရိပ်သာသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများမှ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၁၂၂၇၆၀၀၀၊ ဆန် ၆၇၂ အိတ်၊ ဆီ ၂၀၁ ဒသမ ၆၀ ပိဿာ၊ ပဲ ၂၀၁၆ ပိဿာ၊ ဆား ၂၀၁၆ ပိဿာ၊ လက်သန့်ဆေးရည် ၄၆၀၅ ဘူးနှင့် ဆေးမျိုးစုံ ၁၁၉၄ ဘူးတို့ကို နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်သို့သွားရောက်၍ ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ အမှူးပြုသော သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နယ်မြေခံ တပ်မတော်သားများက သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများသို့ လိုက်လံပို့ဆောင်၍ ဆက်ကပ်လှူဒါန်းပေးသည်။

ထို့အပြင် ယနေ့တွင် မွန်ပြည်နယ် ချောင်းဆုံမြို့ရှိ ဓမ္မရက္ခိတခြံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရှမ်းကုန်းကျေးရွာရှိ ရှမ်းကုန်းပရိယတ္တိစာသင်တိုက်နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရွှေမဂ္ဂင်စာသင်တိုက်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

၎င်းအပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ မဟာမုနိန္ဒာရာမကျောင်းတိုက်၊ မင်္ဂလာဥဒ္ဒေါကာရာမနားဆောက်ဥယျာဉ်ကျောင်းတိုက်၊ ပါရမီကျောင်းတိုက်နှင့် သာသနရံသီ သီလရှင်စာသင်တိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးအဖွဲ့များက မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တရုတ်နှင့် ထိုင်းနယ်စပ်မှ မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၁ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် နန်းတော်စစ်ဆေးရေးဂိတ်မှ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၄၉ ဦးနှင့် မြန်မာ- တရုတ် နှစ်နိုင်ငံနယ်စပ် ရန်လုံကျိုင်းတံတားမှ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း သုံးဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၁၀၉ ဦး၊ အမျိုးသမီး ၁၀၀ စုစုပေါင်း ၂၀၉ ဦးတို့ကို လည်းကောင်း အသီးသီးလက်ခံခဲ့သည်။



ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် စက်တင်ဘာ ၁၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီသုံးခုမှ Omparine E Injection ၂၀၀၀၀၊ Vinoxarin Injection ၁၀၀၇၆ ခု၊ Paracetamol Tablet ၁၀၀၀၊ CPM-D Syrup ၄၇၀၀၊ Dexamethasone Tablet ၁၀၀၀၊ Dzinc Tablet ၂၀၀၀၊ Enoxaparin Sodium Injection ၁၀၀၈ ခု၊ နယ်စပ် (ချင်းရွှေဟော်၊ မြဝတီ) တွင် ကုမ္ပဏီခြောက်ခုတို့မှ Oxygen Cylinder ၁၂၇ ခု၊ Mask ၆၇၂၉၅ Kg ၊ Liquid Oxygen ၁၅၄၆၉ $m^3$၊ Flow Meter ၇၀၀၊ PPE ၁၆၀၀၊ Oxygen Plant သုံးခု၊ Glucose Injection ၃၀၄၈၀ Kg ၊ Dead Body Bag ၁၄၀၀ Kg၊ Face Shield ၉၀ Kg ၊ Filling Pump လေးခု၊ Viporizer သုံးခု၊ Filling Station ငါးခု၊ Trolley ၂၅ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်၏ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၀၉ ဦးနှင့် အမျိုးသမီး ၈၂ ဦး စုစုပေါင်း ၁၉၁ ဦးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၃၀ နှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၄၂ ဦးအားလည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တောတောင်ခြောက်ခန်း
လယ်ယာနွမ်း၏

# ရန်ကုန်မြို့ရှိ ငါးဈေးကြီးနှစ်ဈေးမှ နိုင်ငံတစ်ဝန်းသို့ ကုန်စည်စီးဆင်းလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီးတွင် ရေထွက်ကုန်စည်ဒိုင်နှစ်ခု ဖြစ်သော ရွှေပိတောက်ငါးဈေးနှင့် စံပြငါးဈေးတို့မှ ပြည်သူတို့စားသုံးနိုင်ရန် နိုင်ငံတစ်ဝန်းသို့ ရေထွက်ကုန်ပစ္စည်းများ နေ့စဉ်စီးဆင်းလျက်ရှိရာ အရောင်းအဝယ် စည်ကားလျက်ရှိကြောင်း သိရသည်။

စံပြငါးဈေးထက် ရေထွက်ကုန်ဝင်ရောက်မှုများသော ရွှေပိတောက်ငါးဈေးတွင် နေ့စဉ် ရေချို/ရေငန်ကုန်တန်ချိန် တစ်သိန်းခွဲမှ နှစ်သိန်းထိဝင်ရောက်လျက်ရှိပြီး ရေထွက်ကုန်ပစ္စည်းမျိုးစုံတို့ကို ဘင်္ဂလားဒေ့ရှ်၊ မူဆယ်၊ မြဝတီ၊ နေပြည်တော်၊ မန္တလေး၊ နယ်စပ်ဒေသများနှင့် တောင်ပေါ်ဒေသ၊ မြေပြန့်ဒေသများသို့ တင်ပို့လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၃၆ မြို့နယ်သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ငါးဈေးကြီးနှစ်ခုတို့ပူးပေါင်းဆောင်ရွက်မှုဖြင့် ဩဂုတ် ၁ ရက်ကစ၍ ရေထွက်ကုန်များကို ရွေ့လျားယာဉ်ဖြင့် ရပ်ကွက်နေပြည်သူများ ဈေးနှုန်းမှန်ကန်စွာနှင့် လတ်ဆတ်စွာစားသုံးနိုင်ရန် ယနေ့တိုင် ရောင်းချပေးလျက်ရှိသည်။ ပြည်တွင်းထုတ်ကုန်ဖြစ်၍ ကုန်ဈေးနှုန်းမြင့်တက်မှုမရှိဘဲ ပုံမှန်ဈေးနှုန်းဖြင့်ရောင်း/ဝယ်လျက်ရှိကာ ရေထွက်ကုန်ပစ္စည်းဈေးနှုန်း တည်ငြိမ်လျက် စားသုံးသူ အဆင်ပြေလျက်ရှိသည်။

"အခုလိုကာလမှာ ငါးဈေးကြီး စည်စည်ကားကားတွေ့ရတာ အားရစရာပါ။ တစ်ချိန်က ခြောက်ကပ်နေတဲ့ ငါးဈေးကြီးဟာ ဈေးအင်္ဂါရပ်နဲ့အညီ တိုးတက်ပြည့်စုံလာပြီးတော့ ယနေ့မှာ အောင်မြင်သွားပြီလို့ ပြောလို့ရပါတယ်။ ဌာနဆိုင်ရာနဲ့ လုပ်ငန်းရှင်တွေ၊ ဈေးသူဈေးသားတွေ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး ငါးဈေးကြီး စည်ကားလာတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု ရွှေပိတောက်ငါးဈေးသာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျင်စောက ပြောသည်။

၈ ဒသမ ၁၇၈ ဧကအကျယ်ရှိသော ရွှေပိတောက်ငါးဈေးကြီးကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ကိုဗစ်-၁၉ ပထမလှိုင်းတွင် စံပြငါးဈေးအပြင်ဘက်နှင့် ကားလမ်းအနီး၌ ရောင်းချမှုကို ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဧပြီလ၌ (၁၁x၁၈)ပေအကျယ်ရှိသော ဆိုင်ခန်းပေါင်း ၄၄၀ ရှိသည့် ရွှေပိတောက်ငါးဈေးကြီးအတွင်း အရောင်းအဝယ် ပြန်လည်စည်ကားခဲ့သည်။ ထိုငါးဈေးကြီးတွင် ခြောက်ပေပတ်လည် ပျံကျဆိုင်ခန်းပေါင်း ၁၇၀ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ လက်လီ/လက်ကားရောင်းဝယ်မှုဖြင့် ရန်ကုန်မြို့နှင့် နိုင်ငံတစ်ဝန်းသို့ ရေထွက်ကုန်စီးဆင်းမှု ပိုမိုသွက်လက်ခဲ့သည်။



နိုင်ငံတော်က ငါးဈေးကြီးအတွင်းရှိ ဈေးသူဈေးသားများကို ဩဂုတ်လ ပထမပတ်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးခဲ့ပြီး ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကို ဆောင်ရွက်ခဲ့သည်။ ရွှေပိတောက်ငါးဈေးကြီးတွ င် အလုပ်သမား ၃၅၀၀ ကျော် အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိပြီး မြို့နယ်များတွင် ပြန်လည်ရောင်းချမည့် ကုန်ကြိုသူ ၈၀၀၀ ကျော် နေ့စဉ်ဝင်ရောက်လျက်ရှိသည်။ ကြည့်မြင်တိုင်စံပြငါးဈေးကြီး၌ ရေထွက်ကုန်များ နေ့စဉ် ဖြန့်ဖြူးလျက်ရှိသည့်နည်းတူ ရွှေပိတောက်ငါးဈေးကြီးတွင်လည်း ရေချို/ရေငန်ရေထွက်ကုန်မျိုးစုံ နိုင်ငံတစ်ဝန်းသို့ နေ့စဉ်ပုံမှန်စီးဆင်းလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# နွားထိုးကြီးမြို့နယ်၌ အောက်ဆီဂျင်စက်နှင့် ပစ္စည်းများရောက်ရှိ

**နွားထိုးကြီး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့၌ တည်ဆောက်မည့် အောက်ဆီဂျင်စက်ရုံအတွက် အောက်ဆီဂျင်ပစ္စည်းများ ရန်ကုန်မှတစ်ဆင့် စက်တင်ဘာ ၈ ရက်က ကားဖြင့် နွားထိုးကြီးမြို့သို့ ရောက်ရှိလာကြောင်း မေတ္တာမွန်အသင်းထံမှ သိရသည်။

အဆိုပါပစ္စည်းများကို နွားထိုးကြီးမြို့ရှိ မြန်မာနိုင်ငံအင်ကြင်းကျောက်လုပ်ငန်းရှင်များအသင်းချုပ်ရုံးဝင်းတွင် ကရိန်းဖြင့် မ၊ ချပြီးစီးကြောင်း သိရသည်။

နွားထိုးကြီးမြို့ အောက်ဆီဂျင်စက်ရုံကို မြင်းခြံ-မန္တလေးကားလမ်း အမှတ်(၇)ရပ်ကွက် အသင်းပိုင်မြေနေရာတွင် မေတ္တာမွန်အသင်းက ဦးစီးတည်ဆောက်နေရာ ၃၀ ရာခိုင်နှုန်း ပြီးစီးနေကြောင်း သိရသည်။

**ဌေးမြင့်မောင်**



# သီပေါ၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**သီပေါ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကြက်ခြေနီအသင်းမှကြီးမှူး၍ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အသင်းရုံးခန်းမ၌ကျင်းပရာ ကြက်ခြေနီတပ်ဖွဲ့ဝင် မောင်မယ်များ တက်ရောက်ပြီး အသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းက ကြက်ခြေနီအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လူဦးဆောင်လျက် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား လူနာဆန်းစစ်ခြင်း၊ ပတ်တီးစည်းနည်းများ၊ ထမ်းစင်ဖြင့် လူနာသယ်ဆောင်နည်း၊ စိတ်ချရသော ဘေးစောင်းအနေအထားနှင့် အသင်ရှူအားကူနည်း(CRP) စသည့် ရှေးဦးသူနာပြုစုခြင်းနည်းများကို လက်တွေ့ပြသလေ့ကျင့်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ၁၂-၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၁၈၁၆၆၆၈ | ၃၁၈၅၇၈၇၇ | ၆၇၇၇၃၇ |
| ၂။ | အိန္ဒိယ | ၃၃၂၃၆၉၂၁ | ၃၂၄၀၉၃၄၅ | ၄၄၂၆၈၈ |
| ၃။ | ဘရာဇီး | ၂၀၉၈၉၁၆၄ | ၂၀၀၂၉၀၄၀ | ၅၈၆၅၉၀ |
| ၄။ | ဗြိတိန် | ၇၁၉၇၆၆၂ | ၅၇၆၇၇၆၁ | ၁၃၄၁၄၄ |
| ၅။ | ရုရှား | ၇၁၄၀၀၇၀ | ၆၃၈၉၆၅၇ | ၁၉၂၇၄၉ |
| ၆။ | ပြင်သစ် | ၆၈၉၇၃၉၂ | ၆၅၀၄၁၂၃ | ၁၁၅၄၈၈ |
| ၇။ | တူရကီ | ၆၆၃၆၈၉၉ | ၆၁၂၁၀၄၆ | ၅၉၆၄၃ |
| ၈။ | အီရန် | ၅၂၉၅၇၈၆ | ၄၅၆၈၂၃၆ | ၁၁၄၃၁၁ |
| ၉။ | အာဂျင်တီးနား | ၅၂၂၃၆၀၄ | ၅၀၇၁၇၉၃ | ၁၁၃၃၅၆ |
| ၁၀။ | ကိုလံဘီယာ | ၄၉၂၈၅၇၈ | ၄၇၆၅၉၇၅ | ၁၂၅၅၉၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၂- ၉ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုးကင်းစင်သွားသူ | ပိုးတွေ့သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၆၇၅၁၁ | ၃၉၁၈၇၅၃ | ၁၃၈၈၈၉ |
| ဖိလစ်ပိုင် | ၂၂၂၇၃၆၇ | ၂၀၁၀၂၇၁ | ၃၅၁၄၅ |
| မလေးရှား | ၁၉၆၀၅၀၀ | ၁၇၀၀၇၃၀ | ၂၀၄၁၉ |
| ထိုင်း | ၁၃၈၂၁၇၃ | ၁၂၃၁၈၅၄ | ၁၄၃၅၃ |
| ဗီယက်နမ် | ၆၀၁၃၄၉ | ၃၆၃၄၆၂ | ၁၅၀၁၈ |
| မြန်မာ | ၄၃၁၈၃၃ | ၃၈၀၄၇၄ | ၁၆၅၃၀ |
| ကမ္ဘောဒီးယား | ၉၉၅၀၄ | ၉၃၉၀၄ | ၂၀၄၀ |
| စင်ကာပူ | ၇၁၁၆၇ | ၆၇၉၈၈ | ၅၈ |
| လာအို | ၁၇၃၅၇ | ၅၅၆၈ | ၁၆ |
| ဘရူနိုင်း | ၄၁၆၃ | ၂၆၄၇ | ၂၁ |

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့အတွင်းရှိ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၂၈ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်အတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၄၇ ဦးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၁၀ မြို့နယ်မှ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၄၈၇ ဦးတို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်မှ သံဃာတော်များ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၉၀၉ ဦးတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၃၂၀ တို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက်သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၉၆၂၀ တို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်ရှိ သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြင်းခြံမြို့နယ် ဒေါင်းအင်း ရှင်ဒေါင်းမအင်းတွင် ရေလုပ်သားများအား အခြေခံငါးမွေးမြူရေးသင်တန်းဖွင့်လှစ်

**မြင်းခြံ စက်တင်ဘာ ၁၂**

မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒေသတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးချဲ့လုပ်ကိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ ဒေသအတွင်း ငါးရိက္ခာများ ပိုမိုစားသုံးနိုင်စေရေးတို့အတွက် မြင်းခြံမြို့နယ် ထနောင်းကုန်းရွာရှိ ဒေါင်းအင်း ရှင်ဒေါင်းမအင်းတွင် အခြေခံငါးမွေးမြူရေးနှင့်ဆေးထိုးသားဖောက်သင်တန်းကို စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သည်။



အဆိုပါသင်တန်းတွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းတင်က ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ၊ငါးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်စပယ်လှိုင်က ငါးမွေးမြူရေးနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များနှင့် ပတ်သက်၍ လည်းကောင်း၊ လက်ထောက်ဦးစီးမှူး ဒေါ်တည်ငြိမ်အေးက တားမြစ်ထားသည့် ငါးဖမ်းကိရိယာများအကြောင်း၊ သဘာဝသယံဇာတများကို ထိခိုက်စေနိုင်သော ဒေသရင်း မဟုတ်သည့် ငါးမျိုးများ ရောင်းဝယ်ခြင်း၊ သားဖောက်မွေးမြူခြင်း၊ သယ်ယူပို့ဆောင်ခြင်း မပြုလုပ်ရန် တားမြစ်ထားခြင်း စသည်တို့ကို ဟောပြောပို့ချပြီး ရေလုပ်သားများကလည်း သိလိုသည်များ ပြန်လည်ဆွေးနွေးခြင်းများကို ဆောင်ရွက်သည်။သင်တန်းသို့ ရေလုပ်သား ၂၀ တက်ရောက်ကြောင်း သိရသည်။ **သတင်းစဉ်**

## အခြေခံစားသောက်ကုန်များအား ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးသည့်အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားနေသည့်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိပြည်သူများစားရေးအဆင်ပြေစေရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥနှင့် အခြေခံစားသောက်ကုန်များအား ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ရွေ့လျားဈေးကားဖြင့် အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် အခြေခံစားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စေတနာရှင်အလှူရှင်များ စုပေါင်းလှူဒါန်းသော အောက်ဆီဂျင်စက် ရသေ့တောင်မြို့သို့ ရောက်ရှိ

**ရသေ့တောင် စက်တင်ဘာ ၁၂**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ခံစားနေရသူများနှင့် အခြားလူနာများအတွက် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ထောင့်တစ်နေရာမှ အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ စေတနာရှင်အလှူရှင်ပြည်သူများက စုပေါင်းလှူဒါန်းသော အောက်ဆီဂျင်စက်မှာ ရသေ့တောင်မြို့သို့ စက်တင်ဘာ ၁၀ ရက်က ရောက်ရှိကြောင်း သိရသည်။

ထိုသို့ အောက်ဆီဂျင်စက်ရောက်ရှိ တပ်ဆင်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက်၊ အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးကြပြီး စက်ရုံ အမြန်ဆုံးလည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုရောက်ရှိလာသည့် အောက်ဆီဂျင်စက်မှာ တရုတ်နိုင်ငံ Puyang Ruide Pressure Vessel Co,Ltd မှ မှာယူတင်သွင်းခဲ့သည့် ကာလတန်ဖိုး အမေရိကန်ဒေါ်လာ ၄၉၅၀၀ တန်ဖိုးရှိပြီး ဦးဦးသန်းနိုင်(Than Naing&Family Construction ကုမ္ပဏီ) မိသားစုက ငွေကျပ်သိန်း ၁၀၀ မတည်ပြီး ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ စေတနာရှင်အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

အဆိုပါ အောက်ဆီဂျင်စက်ကို တပ်ဆင်ပြီးစီး၍ လုပ်ငန်းများ စတင်လည်ပတ်နိုင်ပါက တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုး ၇၆ လုံးအထိ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ပြည်သူများအတွက် အောက်ဆီဂျင် လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရန် မကြာမီရက်ပိုင်းအတွင်း စတင်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အောက်ဆီဂျင်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဦးသန်းနိုင်ထံမှ သိရသည်။

**အောင်စံထွန်း (ပြန်/ဆက်)**




ပြန်ကြားရေးဝန်ကြီးဌာန
ကုန်ကြမ်းပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက်
**စက္ကူများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ကုန်ကြမ်းပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီမှ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် စက္ကူများအား ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) စက္ကူ (၇) မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၁၄-၁၀-၂၀၂၁ မှ ၂၉-၁၀-၂၀၂၁ ရက်အထိ နေ့စဉ်နံနက် ၉:၃၀ နာရီမှ ၁၆:၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၂-၁၁-၂၀၂၁ ရက်တွင် နံနက် ၉:၃၀ နာရီမှ ၁၆:၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇၃-၄၁၂၃၇၄၊ ၀၆၇၃-၄၁၂၃၇၅ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ တင်ဒါတင်သွင်းရန်လိပ်စာ**

**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇၃-၄၁၂၃၇၄၊ ၀၆၇၃-၄၁၂၃၇၅**

**ကုန်ကြမ်းပစ္စည်းများဝယ်ယူရေးနှင့်**
**စိစစ်ရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇၃-၄၁၂၃၇၅၊ ၀၆၇၃-၄၁၂၃၇၄**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ၂၀၂၁ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ခုနှစ်၊ မတ်လအထိ(၆)လ ဘဏ္ဍာရေးနှစ်အတွင်း သတင်းစာပုံနှိပ်လုပ်ငန်းမှ ထွက်ရှိသည့် ဘေးထွက်ပစ္စည်းများဖြစ်သော သတင်းစာ(ရိုက်ပျက်)နှင့် ပုံနှိပ်သောပလိတ်ပြား(အဟောင်း)များကို ဈေးပြိုင်အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးပြိုင်အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်နှင့်သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၊ အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တို့တွင် ၁၃-၉-၂၀၂၁ ရက်မှ ၃၀-၉-၂၀၂၁ ရက်အထိ နေ့စဉ်နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၁-၁၀-၂၀၂၁ရက် မွန်းတည့်၁၂နာရီအတွင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး ၁%အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသိအမှတ်ပြုထားသည့်ဘဏ်တစ်ခုခုမှ PG(Preformance Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၄။ ဈေးပြိုင်အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချုပ်(နေပြည်တော်)၊ ဖုန်း-၀၆၇-၃၄၁၂၁၂၃၊ စာတည်းမှူးချုပ်(ရန်ကုန်တာဝန်ခံ) ဖုန်း-၀၁၈-၂၉၄၆၃၀၊ ရန်ကုန်(ထုတ်လုပ်ဌာန) ဖုန်း-၀၁၈-၂၀၁၁၉၂၊ ၀၁၈-၂၀၀၈၁၄ တို့ထံရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်။**
**အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၂၁** ရက်နေ့မှ စတင်၍ **၃-၁၂-၂၀၂၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၆ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များ မှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ခမ္ဘာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ခမ္ဘာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အောင်ဘာလေထီလက်မှတ်များကို Online မှ ရောင်းချနိုင်ရေး နည်းပညာဝန်ဆောင်မှုပေးလိုသော ကုမ္ပဏီ / အဖွဲ့အစည်းများထံမှ စိတ်ဝင်စားမှု အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အောင်ဘာလေထီလက်မှတ်များကို ကံစမ်းသူများ လွယ်ကူလျင်မြန်စွာ ဝယ်ယူကံစမ်းနိုင်ရေးအတွက် လက်ရှိကျင့်သုံးလျက်ရှိသော အောင်ဘာလေထီလက်မှတ်ရောင်းချသည့်စနစ်(Paper Lottery) ဖြင့် ရောင်းချခြင်းအပြင် Online မှတစ်ဆင့် ရောင်းချခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ယင်းကဲ့သို့ဆောင်ရွက်လုပ်ကိုင်နိုင်ရေးအတွက် နည်းပညာပိုင်းပံ့ပိုးမှုများ ပြုလုပ်ဆောင်ရွက်ပေးနိုင်မည့် Service Provider လုပ်ငန်းတစ်ခုကို ရွေးချယ်ငှားရမ်းခြင်း ဆောင်ရွက်သွားမည်ဖြစ်ရာ စိတ်ပါဝင်စားမှုဖော်ပြချက်(Expression of Interest –EOI) အဆို ပြုလွှာများ ပေးပို့တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ တင်သွင်းရမည့် အဆိုပြုလွှာ(EOI)နှင့် အချက်အလက်များကို ကုမ္ပဏီ/ အဖွဲ့အစည်း(Service Provider) များအနေဖြင့် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်သို့ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်(၁၄:၀၀ နာရီ)နောက်ဆုံးထား၍ တင်သွင်းပေးပို့ရမည်ဖြစ်ပါသည်။

၄။ အဆိုပါ ကိစ္စရပ်နှင့် စပ်လျဉ်း၍ တင်သွင်းရမည့် အဆိုပြုလွှာ(EOI) ပုံစံနှင့် သိရှိလိုသည့် အချက်အလက်များကို ပြန်ကြားရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃၊ Email:ir.officeofthedg.mm@gmail.com သို့ ဆက်သွယ်တောင်းခံရယူစုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ website https://www.ird.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါကော်မတီ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ဆီအုန်းလမ်း၊ မြေကွက်အမှတ်(၄၁၃)၊ ဒေါ်စန်းစန်းထွေးအမည်ပေါက်နှစ်(၆၀)ဂရန်မြေ၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ) အနက်မှ(ခေါင်းရင်းခြမ်း)အကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိမြေကွက်နှင့်ယင်းမြေပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သဲစုမွန် (၉/အမဇ(နိုင်)၀၁၇၇၀၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးဇော်မျိုးနိုင် |
| LL.B, D.B.L, D.I.L, | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃) |
| Hein Htet San Law Firm | ဖုန်း- ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၅၅၀၆၁၄၆ |

**အမည်ပြောင်း**
ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အထက(၃)၊ ဒသမတန်း(A)တွင် ပညာသင်ကြားနေသော ဦးသန်းထွေးမောင်-ဒေါ်နွယ် နွယ်ဝင်းတို့၏ သမီး မနှင်းနန္ဒာအား မထက်မြတ်နန္ဒာဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အများသိစေရန်

နော်အဲလာ ၁၂/လသယ(နိုင်)၀၇၃၀၆၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန် တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ တိုက်အမှတ်(၅၅၄/၅၅၆) တတိယလွှာ(ဝဲ)၊ ကွယ်လွန်သူ ဦးကျော်ကျော်မင်း နေထိုင်ခဲ့သည့် တိုက်ခန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်။

ဦးကျော်ကျော်မင်းသည် ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်ပြီး ၎င်း၏ (ပထမ) ဇနီး ဒေါ်နီလာမှာ အစ္စလာမ်ဘာသာ ကိုးကွယ်သူဖြစ်ပြီး(ဒုတိယ)ဇနီး ကျွန်ုပ်၏ မိတ်ဆွေ နော်အဲလာမှာ ခရစ်ယာန်ဘာသာကိုးကွယ်၍ ဦးကျော်ကျော်မင်းသည်(ဒုတိယ)အိမ်ထောင်နှင့် ၂၀၁၂ခုနှစ် ကတည်းက အကြင်လင်မယားအဖြစ် နေထိုင်ခဲ့ပါသည်။ ဦးကျော်ကျော်မင်းသည်(ပထမဇနီး)နှင့် အတူနေထိုင်သကဲ့သို့ (ဒုတိယ)ဇနီးနှင့် ညအိပ်ညနေ နေထိုင်ခြင်းဖြင့် တစ်လှည့်စီနေထိုင်ပေါင်းသင်းခဲ့ပါသည်။ နော်အဲလာနှင့် ဦးကျော်ကျော်မင်းတို့သည် နော်အဲလာမိဘများပိုင်ဆိုင်သည့် အိမ်မြေတွင် မှီခိုသူများအဖြစ်ပေါင်းသင်းနေထိုင်ကြခြင်းဖြစ်ပါသည်။ ဦးကျော်ကျော်မင်းနှင့် ဒေါ်နီလာတို့နှစ်ဦး ကျန်းမာရေးမကောင်း၍ ကျွန်ုပ်မိတ်ဆွေမှ ကိုယ်တိုင်နေအိမ်၌ အတူတကွနေထိုင်၍ နေ့ရောညပါ ပြုစုစောင့်ရှောက်ခဲ့ကြောင်းနှင့် မည်သည့်ဆွေမျိုးသားချင်းမှ လာရောက်ပြုစုစောင့်ရှောက်ခြင်းမရှိကြောင်း ပတ်ဝန်းကျင် မှသိရှိပြီးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေမှ နေ့ရောညပါ ပြုစုစောင့်ရှောက်နေစဉ် ဦးကျော်ကျော်မင်းသည် ၁၉-၈-၂၀၂၁ရက်နေ့နှင့် ဒေါ်နီလာသည် ၂၀-၈-၂၀၂၁ရက်တို့တွင် Covid-19 ရောဂါဖြင့် အသီးသီးကွယ်လွန်သွားခဲ့ကြပါသည်။ ကျွန်ုပ်မိတ်ဆွေမှ အသုဘကိစ္စများပြီးနောက် နေအိမ်သို့ခေတ္တပြန်သွားစဉ် ၎င်းအမြဲတမ်း ဝင်ထွက်သွားလာနေသည့် ၎င်း၏ ခင်ပွန်းပိုင်တိုက်ခန်းအား ဝင်ထွက်သွားလာခွင့်မရအောင်သော့များဖြင့် ခတ်သွား၍ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ၂၉-၈-၂၀၂၁ရက်စွဲဖြင့် ညှိနှိုင်းဖြေရှင်းပေး ရန်တင်ပြခဲ့ပါသည်။ ရာဇဝတ်မှုမြောက်သော သော့ခတ်သူများမှ ရပ်ကွက်ရုံးက တွေ့ဆုံဆွေးနွေးရန် ခေါ်သည်ကို လာရောက်ဖြေရှင်းခြင်းမရှိ ပျက်ကွက်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဦးကျော်ကျော်မင်းနှင့် ပထမဇနီးတို့တွင် သားသမီးထွန်းကားခဲ့ခြင်းမရှိ၍ ဒုတိယဇနီးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ နော်အဲလာမှ အမွေဆက်ခံပိုင်ဆိုင်သည့် လက်ရှိဖြစ်သော တိုက်ခန်းအား မည်သူတစ်ဦးတစ်ယောက်မျှ ၎င်း၏သဘောတူညီချက်မရဘဲ ရောင်းချခြင်း၊ အငှားချထားခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့ လုံးဝမပြုလုပ်ရန်နှင့် ကျွန်ုပ်၏မိတ်ဆွေ အမြဲဝင်ထွက်သွားလာနေထိုင်သည့် တိုက်ခန်းသော့အား ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းဖွင့်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အကယ်၍ ပျက်ကွက်ခဲ့လျှင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **နော်အဲလာ** | **ဦးမူဆာ(စဉ်-၇၈၃၆)** |
| **၁၂/လသယ(နိုင်)၀၇၃၀၆၉** | **ဦးရန်နိုင်ဦး (စဉ်-၄၆၇၁၆)** |
| | **(အထက်တန်းရှေ့နေများ)** |

**ဝင်းထက် ဥပဒေလမ်းညွှန်နှင့် အထွေထွေအကျိုးဆောင်လုပ်ငန်းအမှတ်(၁၀၁)**
**ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်**
**ဖုန်း- ၀၉- ၂၆၀၄၀၁၆၇၊ ၀၉- ၄၄၃၀၃၄၇၅၅**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့၊ ဝဇီရာရပ်ကွက်နေ ဦးကျော်သက် ၇/မလန(နိုင်)၀၆၄၆၀၃ နှင့် ဒေါ်ဝါဝါလွင် ၇/မလန(နိုင်)၀၀၁၁၈၂ တို့၏ သား မောင်မြတ်ကိုကို ၇/မလန(နိုင်) ၁၃၂၅၆၄ သည် မိဘများ၏ ဆိုဆုံးမခြင်းကို မလိုက်နာဘဲ ၎င်း၏သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဖခင် - ဦးကျော်သက်**
**မိခင် - ဒေါ်ဝါဝါလွင်**

### အမည်ဖြည့်စွက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြောက်မြို့နယ်၊ အမက(၂၂)တွင် မူလတန်းပြတာဝန်ထမ်းဆောင်နေသော ဦးဘဦး၏ သမီး ဒေါ်မြမူ ၁၁/မပန(နိုင်)၀၀၁၃၃၀ အား ယနေ့မှစ၍ ဒေါ်မြမူ(ခ)ဒေါ်မမြမူဟု ဖြည့်စွက်ခေါ်ပါရန်။

### အများသိစေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်(၁၄-က)ထုံးဘို၊ ဦးပိုင်အမှတ်(၇၈-ဇ/၃)၊ မြေဧရိယာ(၀.၀၉၅) ဧကရှိ မြေကွက်အား ဦးဒန်းကူးမား ၉/ပဥလ(နိုင်) ၀၄၁၈၉၁နှင့် ဦးစန်ခါရ် ၉/ပဥလ(နိုင်)၀၁၄၅၂၀ တို့အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် သက်ဆိုင်ရာဌာနများသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ခရိုင်/မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ဒေါ်တင်ဦး(ခ)ဒေါ်တူး
## သစ်တောရေးရာ ဝန်ကြီးဌာန(ငြိမ်း)
## အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဘိုးသောင်း-ဒေါ်သီ)တို့၏သမီး၊ (ဦးသန်းနိုင်)(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)၏ ဇနီး၊ (ဦးမောင်ဇော်-ဒေါ်လှဌေး)၊ ဦးတင့်လွင်-ဒေါ်အေးဖြူမေ၊ ဦးချစ်ဆွေ-ဒေါ်အေးအေးမြင့်၊ (ဦးတင်ငွေ-ဒေါ်ခက်ခက်မြင့်)၊ ဦးတိုးကြီးစိုး-(ဒေါ်ကြိုင်)တို့၏အစ်မကြီး၊ ဦးတင်မောင်နိုင်(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)-ဒေါ်သက်နှင်းဦးတို့၏ ချစ်လှစွာသောမိခင်၊ မအေးမြသက်နိုင်၏ ချစ်လှစွာသော အဘွား ဒေါ်တင်ဦး(ခ)ဒေါ်တူး(သစ်တောရေးရာဝန်ကြီးဌာန၊ ငြိမ်း) သည် ၁၂-၉-၂၀၂၂ရက် တွင် (၈၆)ပါး သောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။
**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်နေ ဦးကျော်ဇင်ထွန်း၊ ဒေါ်ဖြူလေးဝေတို့ ဇနီးမောင်နှံ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်သည်မှာ-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာအုပ်စု၊ အင်းထိပ်ဦးရွာ၊ ကွင်း/အကွက်အမှတ်-ပြင်၊ ဦးပိုင်အမှတ်-၁၃/၂ဟု သတ်မှတ်ခေါ်တွင် သည့် မြောက်လားသော်-ဦးဝင်းရှိန်၏ နေအိမ်မြေ၊ တောင်လားသော်-ရွာလမ်းကြား၊ အရှေ့လားသော်-အင်းထိပ်ဦးဘုရား၊ မုခ်ဦးအဝင်လမ်း၊ အနောက်လားသော်-အင်းယား- ကြီးကိုင်ရွာချင်းဆက်လမ်းမကြီး အလား(၄)ရပ်အတွင်းရှိ ဧရိယာ(၂ဒသမ၆၈ဧကေ) အကျယ်အဝန်းရှိမြေအား လက်ရှိလက်ငုတ် စိုက်ပျိုးစီမံဆောင်ရွက်လျက်ရှိပြီး အထောက်အထားစာရွက်စာတမ်းမူရင်းများ လက်ဝယ်ရှိသူများဖြစ်ကြသည့် ဦးမျိုးဇော်ဦး ၁၃/ညရန(နိုင်)၀၂၆၅၆၄၊ ဒေါ်အေးအေးသန့် ၁၃/ညရန(နိုင်)၀၀၀၁၉၈တို့ ဇနီးမယားထံမှ ကျွန်ုပ်မိတ်ဆွေများက တရားဝင်လွှဲပြောင်းဆောင်ရွက်ပိုင်ခွင့် ရရှိနိုင်ရန်အလို့ငှာ စရန်ငွေအချို့အား ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် စပ်လျဉ်းပြီး အကျိုးခံစား စံစားပိုင် ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော တရားဝင်အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်၏ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့် နေ့ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက ကျွန်ုပ်မိတ်ဆွေများအနေဖြင့် တရားဝင်လွှဲပြောင်း ဆောင်ရွက်ပိုင်ခွင့်ရရှိသည်အထိ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးမြောက်သည့်တိုင်အောင် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| (၁)ဦးကျော်ဇင်ထွန်း | ဒေါ်ဖြိုးပပဝင်း(LL.B),D.B.L,WIPO(SwitzerLand) |
| ၉/မဟမ(နိုင်)၀၀၄၈၀၀ | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၈၂/၂၀၁၂) |
| (၂)ဒေါ်ဖြူလေးဝေ | ရုံးခန်း-အမှတ်(၁၉)၊ အ.ထ.က(၂)တိုက်တန်း၊ ချယ်ရီလမ်း၊ |
| ၁/မညန(နိုင်)၀၇၅၀၀၄ | ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့။ ဖုန်း-၀၉-၂၀၅၀၁၂၈ |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၇)လမ်း၊ အပိုင်း(၂)၊ အမှတ်(၂၉၁)မြေကွက်ပေါ်တွင် (၃)ထပ်တိုက်ခွဲ၏ မြေညီထပ်(ခေါင်းရင်း) တိုက်ခန်းကို ဒေါ်မိုးသူဇာ ၁၂/ဒလန(နိုင်)၀၂၂၄၄၆၊ ဦးနေလင်းထွန်း ၁၂/ဒလန(နိုင်)၀၂၉၄၈၈ အမှတ်(၃)၊ ရတနာမြိုင်လမ်း၊ မြို့မ(၂)ရပ်ကွက်၊ ဒလမြို့နေထိုင်သူတို့က တရားဝင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းသည့်အပေါ် ဦးမျိုးမြင့်ထွန်း ၁၂/ဥကတ(နိုင်)၁၄၅၃၄၄ အမှတ်(၇၄၇)၊ ကုန်းဘောင်(၁၆)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေထိုင်သူတို့က ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ပိုင်း စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည်ဟု အဆိုပြုကာ အရောင်းအဝယ်ပြုလုပ်ခြင်းကို ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် ဤကြေညာသည့်ရက်မှ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စရန်ငွေပေးချေသူ**
**ဦးမျိုးမြင့်ထွန်း**
၁၂/ဥကတ(နိုင်)၁၄၅၃၄၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ်(၁၁၈၁)၊ မြေအကျယ် (၄၁ပေ x ပေ၆၀)ရှိ ဒေါ်မြင့်မြင့်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိပိုင်ဆိုင်သူ ဦးခင်မောင်ဝင်း ၁၂/မဂတ(နိုင်) ၀၃၄၉၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအောင် ၉/မခန(နိုင်)၁၆၁၇၄၂ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန္ဒာထွန်း**
**LLB, DBL, DIR**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၀၃)**
**အမှတ်(၇၃)၊ မာလာမြိုင်(၆)လမ်း၊ ၁၆ရပ်ကွက်၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကွယ်လွန်သူ ဒေါ်သန်းသန်း၏ကျန်ရစ်သောပစ္စည်းများနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃/မာန်ပြေ)ရပ်ကွက်၊ ၁၂- လမ်း၊ အမှတ် ၅၂၅/ခတွင် နေထိုင်ခဲ့ပြီး ယခုအခါကွယ်လွန်သွားခဲ့ပြီးဖြစ်သည့် ဒေါ်သန်းသန်း ၁၂/သကတ(နိုင်)၀၃၅၆၆၈ ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်၍ စီမံခန့်ခွဲလုပ်ကိုင်ဆောင်ရွက်ခွင့် ပိုင်ဆိုင်ခွင့်သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကိတ္တိမမွေးစားသားဖြစ်သူ ဦးမင်းထိုက် ၁၂/သကတ(နိုင်) ၁၆၁၂၈၃ တစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ခွင့်၊ ခံစားခွင့်ရရှိသူတစ်ဦးဖြစ်သည်။ သို့ပါ၍ ဦးမင်းထိုက်၏စာဖြင့် အတိအလင်း သဘောတူညီခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ဒေါ်သန်းသန်း(ကွယ်လွန်သူ)ကျန်ရစ်သည့် မရွှေ့မပြောင်းနိုင်သော အထက်ဖော်ပြပါမြေကွက်နှင့် နေအိမ်အတွင်းသို့ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း လုံးဝမပြုလုပ်ရန်နှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို လုံး၀(လုံး၀)မပြုလုပ်ပါရန် တားမြစ်သည်။ တားမြစ်နေပါလျက်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာလျှင် ဖြစ်ပါကြောင်းနှင့် တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်ခံရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမင်းထိုက်** | **ဒေါ်ရှီစလင်း** |
| **၁၂/သကတ(နိုင်)၁၆၁၂၈၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၈၅)** |

**အမှတ်-၅၅၊ အခန်း-၂၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၉၃၁၁၅**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းကြည်(ထားဝယ်၊ သရက်ချောင်း)
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ငြိမ်း)
## အသက်(၈၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နေ(ဦးဘသင်း-ဒေါ်ဖွားသင်)တို့၏သားငယ်၊ (ဦးအောင်ထူး)-ဒေါ်ခင်ထွေးတင်တို့၏ညီ၊ ဗိုလ်မှူးတင်ထွန်းဦး (ငြိမ်း)(ဌာနမှူး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ခင်မာမာကို၊ (မဝတ်ရည်ထွန်း)တို့၏ဖခင်၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၆လမ်း၊ ၆၉လမ်းx လမ်း ၇၀ ကြား၊ တိုက်(J)၊ အခန်း(၄)၊ စည်ပင်အရာရှိ ရိပ်သာနေ ဒေါ်ခင်စောမူ၏ခင်ပွန်း၊ (မခင်ခင်ဦး)၊မောင်အုပ်စိုးဦး(Grade-9)၊ မချမ်းပြည့်ပြည့်သူ (P-4, ILBC) တို့၏ အဘိုးသည် ၁၁-၉-၂၀၂၂ရက် (စနေနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉ -၂၀၂၂ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။
**ကျန်ရစ်သူမိသားစု**

## မြန်မာနိုင်ငံ ကြက်ခြေနီအသင်း
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏လူမှုကရုဏာလုပ်ငန်းများတွင် ထောက်ပံ့ရန်အတွက် လိုအပ်သော အထောက်အပံ့ပစ္စည်းများကို ဝယ်ယူနိုင်ရန်အတွက် အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံ စတင်ထုတ်ယူရမည့်အချိန်** | - | ၁၃-၉-၂၀၂၂ ရက်၊ နံနက် ၁၀ နာရီ |
| | **တင်ဒါပုံစံများ နောက်ဆုံးလာယူရမည့်ရက်** | - | ၂၀-၉-၂၀၂၂ ရက် ညနေ ၃ နာရီ |
| | **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၂၇-၉-၂၀၂၂ ရက်၊ ညနေ ၃ နာရီ |
| | **တင်ဒါပုံစံများကိုထုတ်ယူရမည့်နေရာ** | - | ထောက်ပံ့၊ ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဌာန မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ကုန်ရုံးခွဲ၊ အမှတ်-၄၂၊ ကမ်းနားလမ်း၊ စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများ အသေးစိတ်ကို သိရှိရန် ဖုန်း-၀၁-၃၉၂၀၂၈၊ ၃၉၂၀၂၉၊ ၃၉၂၀၃၀ (လိုင်းခွဲ-၁၁၉)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ်-၃၅၆၊ အခန်းအမှတ်(၁၀)၊ (၅)လွှာ(ယာ)၊ အကျယ်အဝန်း(၂၅x၅၅)ပေခန့်ရှိ တိုက်ခန်းသည် ဦးစိန်လှ ၁၂/ကတတ(နိုင်)၀၁၀၅၉၃ မှ ပိုင်ဆိုင်ပြီး ၎င်းမှာ ၁၄-၇-၂၀၁၉ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ၎င်း၏ကျန်ရစ်သူ ဇနီး ဒေါ်ထွေးလေး ၁၂/ကတတ(နိုင်)၀၁၀၅၉၄ မှ ဖော်ပြပါတိုက်ခန်းသည် ၎င်းတစ်ဦးတည်း ဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့်တိုက်ခန်းဖြစ်ကြောင်း အခြားမည်သည့် အမွေဆိုင်၊ အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိကြောင်း တာဝန်ယူဝန်ခံ ပြောကြားလာပြီး အဆိုပါ တိုက်ခန်းအား ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေဝယ်ယူပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက တိုက်ခန်းနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမြာ LL.B (အထက်တန်းရှေ့နေ)**
**အမှတ်(၁၄)၊ ၁၅၃ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၅၈၀**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ အင်းမကျေးရွာနေ ဖခင်ဦးစိုးနိုင်၊ မိခင် ဒေါ်အေးအေးချိုတို့၏သမီး မရည်မြတ်မွန်နိုင် ၁၄/ပတန(နိုင်)၁၇၄၁၁၁ သည် မိဘနှစ်ပါးနှင့် ဆွေမျိုးတို့၏ စကားနားမထောင်ဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ၎င်းအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**(၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စများကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ)**
**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

| | |
|---|---|
| ဖခင် | မိခင် |
| ဦးစိုးနိုင် | ဒေါ်အေးအေးချို |
| ၁၄/ပတန(နိုင်)၀၇၁၈၇၈ | ၁၄/ပတန(နိုင်)၀၇၁၈၉၉ |

## အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ (၉)လမ်း၊ အိမ်အမှတ်(၅၇၅/က)နေ ဒေါ်ခင်ပုလဲပွင့် ၇/ညလပ(နိုင်)၁၀၅၅၆၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်ပုလဲပွင့်မှာ (ဦးမြသိန်း-ဒေါ်မြင့်ကြည်)ကွယ်လွန်တို့၏အတူနေ မြေးဖြစ်ပြီး ဒေါ်ခင်ပုလဲပွင့်မှာ မြဝတီမြို့သို့ ရောက်ရှိနေစဉ် အဒေါ်ဖြစ်သူ ဒေါ်မြင့်ကြည်မှာ ၆-၉-၂၀၂၂ ရက်တွင် ကွယ်လွန်သွားခဲ့ပြီး (ဒေါ်မြင့်ကြည်) အမည်ပေါက် နေအိမ်ဂရန်မူရင်းမှာလည်း ပျောက်ဆုံးနေသည်ကို သိရှိရပါသည်။

အဆိုပါဒေါ်မြင့်ကြည် အမည်ပေါက် နေအိမ်ဂရန်မူရင်းအား လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် တစ်စုံတစ်ရာ လွှဲပြောင်းထားခြင်းများ သိရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ပုလဲပွင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လှိုင်**
**LL.B(၇-၄-၂၀၁၄)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၄၅၀)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## ပုဂံဒေသသို့လာရောက်မည့် ခရီးသွားများ ဘေးကင်းလုံခြုံရေးအတွက် ဟိုတယ်နှင့်တည်းခိုရိပ်သာ ဝန်ထမ်း ၁၅၆၅ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

**ညောင်ဦး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၂ ရက်အထိ ၁၅၆၅ ဦး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင် ပုဂံရုံးခွဲထံမှ သိရသည်။

ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာ

*စာမျက်နှာ ၂၄ ကော်လံ ၁* ❍

## နှစ်ပေါင်း ၄၄ နှစ်အကြာ ဗြိတိန်မှ ယူအက်စ်အိုးပင်းတင်းနစ်ဖလား ဆွတ်ခူး

ယူအက်စ်အိုးပင်းတင်းနစ် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ယမန်နေ့က ဗြိတိန်ဆယ်ကျော်သက် တင်းနစ်မယ် အမ်မာ ရာဒူကာနူနှင့် ကနေဒါဆယ်ကျော်သက် တင်းနစ်မယ် လေလာ ဖာနန်ဒက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရာဒူကာနူက ပြိုင်ဘက်ကို ၆-၄ ၆-၃ ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။ ထို့ကြောင့် ရာဒူကာနူသည် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဂရင်းဆလမ်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သောကြောင့် ဗြိတိန်၏ နှစ်ပေါင်း ၄၄ နှစ်ကြာ ဆုဖလားမရရှိမှုကို အဆုံးသတ်နိုင်ခဲ့သည်။

ရာဒူကာနူသည် ဆီမီးဖိုင်နယ်တွင် ဂရိတင်းနစ်မယ် ဆက်ကာရီနှင့် တွေ့ဆုံခဲ့ပြီး ၆-၁ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။ အသက် ၁၈ နှစ်အရွယ်ရှိ ရာဒူကာနူသည် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ၁၅၀ ရှိသော်လည်း

*စာမျက်နှာ ၂၄ ကော်လံ ၄* ❖



ဆုဖလားနှင့်အတူ တွေ့ရသည့် ရာဒူကာနူ။

## လေဖိအားနည်းရပ်ဝန်း အားကောင်းကာ မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၆ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၂**

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ် ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ယနေ့ မာ တိ ကာ

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ စာ - ၁၂

ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံမှုများ ပြုလုပ်နေသော်လည်း ကူးစက်ခံရသူ ရှစ်သန်းကျော်ရှိလာတဲ့ အာဖရိက

နိုင်ငံတကာသတင်း စာ - ၁၄